# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၆၅)





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး တည်ဆောက်ရန်လျာထားသည့် ငါးလေလံဈေးမြေနေရာအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး တည်ဆောက်ရန် လျာထားသည့် ငါးလေလံဈေး မြေနေရာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့နှင့်အတူ သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး တည်ဆောက်ရန် လျာထားသည့် ငါးလေလံဈေး မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး ငါးလေလံဈေး တည်ဆောက်ရန် လျာထားသည့် မြေနေရာသို့ နံနက် ၈ နာရီတွင် ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ Global Grand Service ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာနှင့် တာဝန်ရှိသူများက ငါးလေလံဈေးနှင့် ဖွံ့ဖြိုးရေးဇုန်တည်ဆောက်ရန် မြေနေရာလျာထားမှု၊ စီမံကိန်းဧရိယာ၊ တည်ဆောက်မည့် ဒီဇိုင်းပုံစံ၊ စီမံကိန်းအပိုင်းအလိုက် အဆင့်ဆင့်အကောင်အထည်ဖော်ရန် အစီအစဉ်ရေးဆွဲထားမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

**တိုကျိုသောက်ရေသန့်ကို ဈေးကွက်အတွင်း ရောင်းချခွင့် ယာယီ တားမြစ်ထား** စာ ၄

**AIDS ရောဂါ တိုက်ဖျက်ရေးအတွက် ကတိကဝတ်များ အသစ်ထပ်မံပြုလုပ်ကြရန် ကုလအကြီးအကဲ တိုက်တွန်း** စာ ၁၄

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့၌ လာရောက်သူများဖြင့် ပိုမိုစည်ကား

**ရန်ကုန် ဒီဇင်ဘာ ၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် တတိယနေ့ကို ယနေ့တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ကျင်းပသည်။ ၁၉၂၀ ပြည့်နှစ်တွင် စတင်မွေးဖွားလိုက်သည့် ရန်ကုန်တက္ကသိုလ်ကြီး၏ (၉၇)နှစ်မြောက် မွေးနေ့အခါသမယဖြစ်ပြီး ယနေ့ နောက်ဆုံးနေ့သည် အများပြည်သူ ရုံးပိတ်ရက် တနင်္ဂနွေနေ့ဖြစ်သည့်အားလျော်စွာ ရှေ့နှစ်ရက်ကထက် ပိုမိုစည်ကားခဲ့သည်။ **(ယာပုံ)**

သစ်ပုပ်ပင်အနီးတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် ရတနာဦး၊ ရှင်ဖုန်း၊ ဂျင်းနီတို့ အပါအဝင်

*စာမျက်နှာ ၄ ကော်လံ ၁* ✻





မြန်မာ့အလင်း

# ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကြိုးပမ်းပြင်ဆင်မှုများ

ပြီးခဲ့သည့် တစ်လကျော်ခန့်မှစ၍ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်သော ၂၁ ရာစု ပင်လုံ တတိယအကြိမ် ကျင်းပရေးနှင့် ပတ်သက်သည့် အစည်းအဝေးအတော်များများ ကျင်းပခဲ့သည်ကို တွေ့ရပါသည်။ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ပူးတွဲအစည်းအဝေးများကို အောက်တိုဘာလ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ရာမှ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်းဆွေးနွေးပွဲများကို နိုဝင်ဘာလ ၃၀ ရက်တွင် ကျင်းပနိုင်သည်အထိ ခရီးရောက်ခဲ့ပါသည်။

နိုဝင်ဘာလ ၁၇ ရက်နေ့မှစ၍ အလုပ်အဖွဲ့အစည်းအဝေး လေးရက်ကြာနှင့် အတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို တစ်ရက်ကြာ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ လုပ်ငန်းလမ်းညွှန် ငါးခုတို့ကို ပြန်လည်သုံးသပ်၍ လိုအပ်ချက်များကို ဖြည့်စွက် ပြင်ဆင်နိုင်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၂၄ ရက်က UPDJC အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပနိုင်ခဲ့သည်။ ထိုအစည်းအဝေးမှ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (Framework)၊ လုပ်ငန်းလမ်းညွှန် (ToR) ငါးခုနှင့် လုပ်ထုံးလုပ်နည်း (SoP) တစ်ခုတို့ကို အတည်ပြုနိုင်ခဲ့သည်။

နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်ဆိုသည်မှာ NCA စာချုပ်အရ ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရခြင်းဖြစ်ရာ မပြည့်စုံခြင်းများ ရှိခဲ့သည်။ ထိုမူဘောင်များမှာ လက်တွေ့နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပသောအခါ အဆင်ပြေသည်များ ရှိသကဲ့သို့ အဆင်မပြေသည်များလည်း ရှိသောကြောင့် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့လိုက် ပြန်လည်သုံးသပ်မှုများ ပြုလုပ်ကာ ပြင်ဆင်လိုက်သဖြင့် လက်တွေ့အလုပ်ဖြစ်သည့် မူဘောင်ဖြစ်လာသည်ဟု သိရသည်။ ထို့အပြင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် လုပ်ထုံးလုပ်နည်း (SOP)များ တစ်ပုံစံတည်းဖြစ်အောင် ညှိနှိုင်းထားနိုင်ခြင်းဖြင့် အငြင်းပွားစရာများ လျော့ပါးသွားမည် ဖြစ်ပါသည်။

ပြီးခဲ့သည့်လအတွင်း အရေးပါဆုံးကိစ္စမှာ NCA အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) ကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၂၇ ရက်က ကျင်းပခဲ့သော JICM အစည်းအဝေးမှာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အမြင့်ဆုံး အဆုံးအဖြတ်ပေးနိုင်သည့် အစည်းအဝေးဖြစ်ပြီး ယခု(၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ NCA စာချုပ်အရ သုံးလတစ်ကြိမ် ကျင်းပရန်ဖြစ်သော်လည်း ပုံမှန်မကျင်းပ နိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့သော အဆိုပါ အစည်းအဝေးမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်ရေးအတွက် အရေးကြီးသော အချက် ၇ ချက်ကို ဆုံးဖြတ်နိုင်ခဲ့သည်။ ထိုအထဲတွင် RCSS-SSA ၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ် လင်းခေးမြို့တွင် ကျင်းပရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလနောက်ဆုံး သီတင်းပတ်တွင် ကျင်းပရန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ လုပ်ငန်းလမ်းညွှန်နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုခြင်း စသည်တို့ ပါဝင်ပါသည်။ ယခု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်းဆွေးနွေးပွဲများကိုလည်း နိုဝင်ဘာလကုန်ရက်များက ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတော်အဆင့်ခေါင်းဆောင်များ၏ များပြားလှသော လုပ်ငန်းတာဝန်များကြား မှ ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးအတွက် ကြိုးပမ်းဆောင်ရွက်မှုမှာ အားရစရာကောင်းပါသည်။ အလားတူ NCA လက်မှတ်ရေးထိုးပြီးဖြစ်သော အဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုများမှာလည်း ချီးကျူးဂုဏ်ပြုဖွယ်ပင်ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် နိုင်ငံရေးဆွေးနွေးပွဲများသို့ တက်လှမ်းလာနိုင်ခြင်းမှာ ယခုအစိုးရလက်ထက်တွင်သာဖြစ်ပြီး ဒုတိယအကြိမ် ၂၁ ရာစုပင်လုံတွင် ပြည်ထောင်စုသဘောတူညီချက် ၃၇ ချက်ကို ရရှိခဲ့သည်။ ယခုကျင်းပမည့် တတိယအကြိမ် ၂၁ ရာစုပင်လုံတွင် အခြေခံမူအများစုကို အများသဘောညီ ချမှတ်နိုင်ရန် ကြိုးပမ်းကြမည်ဖြစ်ရာ ဇန်နဝါရီလကုန်ရက်တွင် ကျင်းပမည့် ညီလာခံတွင် ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီလှည့်လည်အပူဇော်ခံ၊ စွယ်တော်တိုက်တွင် ပြန်လည်ကိန်းဝပ်ရန် ပင့်ဆောင်



**သီပေါ ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် လွန်ခဲ့သော နှစ်ပေါင်း ၁၂၅ နှစ်က စော်ဘွားကြီး စောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ် အပူဇော်ခံပွဲနှင့် မြို့နယ်အတွင်း ဒေသစာရီ အပူဇော်ခံပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်တိုက်တွင် ကိန်းဝပ်ရန် ပြန်လည်ပင့်ဆောင်ခြင်းနှင့် အောင်ပွဲမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက်က ယင်းကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်ထံမှ ငါးပါးသီလနှင့် ဩဝါဒကထာ ခံယူဆောက်တည်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက သာသနာရေးဆိုင်ရာများကို လည်းကောင်း၊ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်က အလှူငွေရရှိသုံးစွဲမှု အခြေအနေများကို လည်းကောင်း တင်ပြလျှောက်ထားကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဗုဒ္ဓစွယ်တော်မြတ်အား စွယ်တော်တိုက်အတွင်း ပြန်လည်သီတင်းသုံး ကိန်းဝပ်စံပယ်ရန် ပင့်လျှောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပင့်ဆောင်ရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ကာ (**အပေါ်ပုံ**) ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော(၁၀)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသား သွေးလှူဘဏ်)၌ ဒီဇင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို ပါဝင် သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရ လက်ဆောင် ငါးမျိုး(ကြက်ဥ ၁၀ လုံး၊ UV နေရောင်ခြည်ကာကွယ်သော ထီးကြီးတစ်လက်၊ ဦးထုပ်တစ်လုံး၊ ကြွေမတ်ခွက်တစ်ခုနှင့် 100% Cotton Sport-Shirt တစ်ထည်) ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ကြောင်း၊ သွေးလှူဒါန်းမည့်သူများအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ၀၉-၅၁၃၅၅၁၅၊ ၀၉-၄၄၉၂၅၃၇၆၇ ဖုန်းနံပါတ်များသို့ ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

## အရေးပေါ် လူနာတင်ယာဉ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၃**- ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မင်္ဂလာရာမ နာရေးကူညီမှုအသင်း တစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် အရေးပေါ် လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီက အမှတ် ၂၁ ရပ်ကွက် မင်္ဂလာရာမ ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲသို့ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက အထိမ်းအမှတ်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင် ဦးသန်းထိုက်၊ ဒေါ်အေးအေး မိသားစုကအရေးပေါ် လူနာတင်ယာဉ်၏ စာရွက်စာတမ်းများကို မင်္ဂလာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် ဦးခေမာစာရအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အေးကေလင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃-၁၂-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၅၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၉ | ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ | ·၃ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ·၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၁ | ·၈၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# (၂၃) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၂၃) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကိုယ်စား ဒုတိယ အဓိပတိဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သရဏီယဩဝါဒကထာကို မြွက်ကြားတော်မူပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသ က သမ္မောဒနီယဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မော်ကွန်းထိန်းဆရာတော်က (၂၃) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်နှင့် စပ်လျဉ်း၍ လျှောက်ထားတော်မူသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မဟာဘွဲ့နှင်းသဘင် အခမ်းအနားနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။



ဆရာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ သတင်းစဉ်

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး) မော်ကွန်းထိန်းဆရာတော်များက သာသနတက္ကသီလဓမ္မပါရဂူဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့တံဆိပ်တော်ခံယူတော်မူကြမည့် ရဟန်းတော်များ၏ တစ်ပါးချင်းဘွဲ့တော်ကို ကြေညာပြီး အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ပါမောက္ခချုပ် ဆရာတော်များထံတွင် ဘွဲ့ခံယူတော်မူကြသည်။



မော်ကွန်းထိန်းဆရာတော်ထံမှ ဆရာတော်တစ်ပါး သာသနတက္ကသီလမဟာဘွဲ့ခံယူတော်မူစဉ်။ သတင်းစဉ်

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယ အဓိပတိ ဆရာတော်ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြပြီး ဒုတိယ အဓိပတိ ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

(၂၃)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ရ ရဟန်းတော်တစ်ပါး၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ ရဟန်းတော် ၁၁ ပါးနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော် ၁၁၆ ပါး စုစုပေါင်း ၁၂၈ ပါးတို့က ဘွဲ့ခံယူတော်မူကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကင်းတပ်ရေလွှဲတမံမှ ရေပေးဝေနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဒီဇင်ဘာ ၁ ရက် ညနေပိုင်းက ရွှေဘိုမြောင်းမတော် ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ဒေသစိုက်ပျိုးရေ၊ သောက်သုံးရေ ပို့လွှတ်ပေးနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအနီးတွင် မူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ကာဘိုးရေလွှဲဆည်သို့ ရောက်ရှိကာ ဆည်အတွင်း ရေသိုလှောင်နိုင်မှု၊ မိုးစပါးအောင်ရေနှင့် နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ထိုမှတစ်ဆင့် မူးမြစ်ဝှမ်းဒေသ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကာဘိုးရေလွှဲဆည်ရေသောက်စနစ်တွင် မပါရှိသေးသည့် ဒေသများ၏ မိုးစပါးနှင့် နွေသီးထပ် စိုက်ပျိုးရန်အတွက် ကာဘိုးရေလွှဲဆည် အထက်ဘက် ၂၄ မိုင်အကွာ ကန့်ဘလူမြို့နယ် ကင်းတပ်ရေလွှဲတမံသို့ ရောက်ရှိကြပြီး တမံ၏ လက်ဝဲတူးမြောင်း လက်ယာတူးမြောင်းများမှ ရေသောက်ဧရိယာ စုစုပေါင်း ၁၆၆၀၈၈ ဧကသို့ စိုက်ပျိုးရေပေးဝေနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကင်းတပ်ရေလွှဲတမံ အထက် ၉ မိုင်ခန့်အကွာ ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က သဖန်းဆိပ်ရေလှောင်တမံဆည်ရေကို ကင်းတပ်ရေလွှဲတမံနှင့် ကာဘိုး ရေလွှဲဆည်များမှ တစ်ဆင့် ရွှေဘိုတူးမြောင်း၊ ရေဦးတူးမြောင်းတို့ဖြင့် ဒေသအတွင်းရှိ ရေသောက် ဧရိယာ ၃၅၀၀၀၀ သို့ ဆည်ရေပေးဝေနေမှုနှင့် ရေအားလျှပ်စစ် ထုတ်လွှတ်ပေးနေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သဖန်းဆိပ်ရေလှောင်တမံသည် အရှေ့ခေတ်ခွဲစစ်ဆေးမှု လုပ်ငန်းများအပြင် သီးခြားအစီအစဉ်တစ်ရပ်အဖြစ် အချိန်ကာလ သတ်မှတ်ပိုင်းခြားပြီး ရေအရည်အသွေး ခေတ်ခွဲစစ်ဆေးမှုကို အထူးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။



တောင် အာရှတွင် ဒုတိယအကြီးဆုံး ရေလှောင်တမံကြီးတစ်ခု ဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး၏ စိုက်ပျိုးမြေ အများဆုံးဖြစ်သည့် မူးမြစ်ဝှမ်းဒေသရှိ ကြီးမားကျယ်ပြန့်သော ဧရိယာအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး အတွက် အားကိုးအားထား ပြုနေရသော ရေလှောင်တမံကြီးလည်းဖြစ်ရာ တမံကြီး ရေရှည်တည်တံ့စေရန်နှင့် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရန် လိုကြောင်း၊ တစ်ဖက်မှာလည်း အခြေအနေအကြောင်းအမျိုးမျိုးကြောင့် တမံအတွင်း ထိန်းသိမ်းသိုလှောင်ထားသော ရေအရည်အသွေးကို ထိခိုက်မှုမရှိစေရန် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပုံမှန်ဆောင်ရွက်နေကျ ရေအရည်အသွေးခေတ်ခွဲစစ်ဆေးမှု ...

ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် ရွာသာရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ OISCA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသင်တန်း ခန်းမဆောင်၌ သင်တန်းသား သင်တန်းသူများ၊ ဒေသခံတောင်သူများအား တွေ့ဆုံ၍ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသွားကြသည့် အသိပညာ၊ အတတ်ပညာများကို မိမိဒေသအရောက် သယ်ဆောင်သွားသော လူသားအရင်းအမြစ်များအဖြစ် မိမိဒေသ ဖွံ့ဖြိုးရေးအတွက် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသော ဒေသခံတောင်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထိုမှတစ်ဆင့် ရေစကြိုမြို့နယ် ညောင်ဇောက်အုပ်စု တောင်သူ ဦးဝေလင်း၏ မိုးစပါးစိုက်ကွင်းတွင် SRI စိုက်ပျိုးနည်း စနစ်ဖြင့် ဆင်းသုခစပါးမျိုး စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ခေတ်မီစိုက်ပျိုးနည်းစနစ် လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် သီးနှံအရည်အသွေးနှင့် အထွက်နှုန်း သိသာစွာတိုးတက်ရရှိမှု၊ နည်းပညာပြန့်ပွားရေး၊ မျိုးကောင်း မျိုးသန့်မျိုးစေ့များ သုံးစွဲစိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးနေမှု လုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သံတွဲမြို့ ရွှေနံ့တော်စေတီရင်ပြင်၌ သံဃာဝါသကျောင်းဆောင်လှူဒါန်း

**သံတွဲ ဒီဇင်ဘာ ၃**

သံတွဲမြို့ ရွှေနံ့တော်စေတီရင်ပြင်ပေါ်တွင် အနယ်နယ်အရပ်ရပ်မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်များ သီတင်းသုံးနေထိုင်နိုင်ရန်နှင့် ပြည်သူများ အေးချမ်းသာယာစွာ တည်းခိုနိုင်ရေးတို့အတွက် အလှူရှင် ရန်ကုန်မြို့စမ်းချောင်း သုခိတာရာမစာသင်တိုက်ဆရာတော် ဦးမာဃိန္ဒ ဆောက်လုပ်လှူဒါန်းသည့် သံဃာဝါသ ကျောင်းဆောင်ဖွင့်လှစ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီက ရွှေနံ့တော်စေတီတော်ရှိ အဆိုပါကျောင်းဆောင်ရှေ့၌ကျင်းပသည်။

ရှေးဦးစွာ သံဃာဝါသကျောင်းဆောင်အတွက် မတည်လှူဒါန်းငွေကျပ်သိန်း ၁၅၀ ကို ဆရာတော် ဦးမာဃိန္ဒက ပေးအပ်လှူဒါန်းရာ ရွှေနံ့တော်စေတီတော် ဂေါပကအဖွဲ့နာယက ဦးတင်ဖေက လက်ခံယူသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဆရာတော်ဦးမာဃိန္ဒ၊ ရွှေနံ့တော် စေတီတော်ဂေါပကအဖွဲ့ နာယက ဦးတင်ဖေ၊ရွှေနံ့တော်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အောင်နှင့်အဖွဲ့ဝင်များက သံဃာဝါသကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းမှု စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် သိန်း ၂၂၀ အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရေပြင်၊ မြေပြင်လေ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများအား ဆင်ဖြူပြင်ဆိပ်ကမ်းအနီး တည်ဆောက်ရန်လျာထားသည့် ငါးလေလံဈေးမြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

✻ ရှေ့စာမျက်နှာမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့က သဘာဝပတ်ဝန်းကျင်၊ မြစ်ကြောင်းများနှင့် ငါးသယံဇာတအရင်းအမြစ်များ ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား ချပြဆွေးနွေးသွားမည့် အခြေအနေနှင့် စီမံကိန်းအဆိုပြုမြေနေရာအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်ထားမှု အခြေအနေတို့ကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယသမ္မတက အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်မည့် အခြေအနေ၊ အလုပ်ခန့်ထားပေးနိုင်မည့်ပမာဏ၊ စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ရေရရှိနိုင်မည့်အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးနှင့် လုပ်ငန်းအကျိုးအမြတ် ဖြစ်ထွန်းနိုင်မည့် အခြေအနေ၊ ငါးနှင့်ပတ်သက် သည့် ထုတ်လုပ်မှုလုပ်ငန်းများအပြင် အခြားဆက်စပ်သော ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဒေသခံများ အလုပ်အကိုင်ရရှိရေး၊ ငါးနှင့် ပတ်သက်သည့် ကုန်ထုတ်လုပ်မှုနည်းပညာရရှိရေး၊ နိုင်ငံတကာအဆင့်မီသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်း ပြည်ပသို့ ဖြန့်ဖြူးနိုင်ရေး၊ ပြည်တွင်းမှငါးများ ရောင်းချရာတွင် ဈေးကောင်းရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး ငါးလေလံဈေးနှင့် ဖွံ့ဖြိုးရေးဇုန်ကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရှေ့စာမျက်နှာမှ

တေးသံရှင်ပေါင်းများစွာတို့၏ ဖျော်ဖြေမှုများကို လူငယ်ကျောင်းသား၊ ကျောင်းသူများ တပျော်တပါး ကြည့်ရှုအားပေးကြသည်။

စာပေဆိုင်ရာ လှုပ်ရှားမှုများအဖြစ် သစ်ပုပ်ပင်အနီးနှင့် သိပ္ပံခန်းမရှေ့တို့၌ စာအုပ်ဈေးရောင်းပွဲတော်များ ခင်းကျင်းပြသခြင်း၊ ကဗျာရွတ်ဆိုပွဲများ၊ ရှားပါးစာအုပ်များ ခင်းကျင်းပြသခြင်း၊ ထင်ရှားသော စာရေးဆရာကြီးများ၏ ဓာတ်ပုံများခင်းကျင်းပြသခြင်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲသည်လည်း လူငယ်ကျောင်းသား ကျောင်းသူများအတွက် စိတ်ဝင်စားစရာ၊ လေ့လာကြည့်ရှုစရာဖြစ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စီးပွားရေးတက္ကသိုလ် ပင်လုံဆောင်၊ နီလာရတုခန်းမ၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ "Digital Library နှင့် စာပေလိုက်စားလူငယ်များ" ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲနှင့် RC ခန်းမ၌ လူငယ်အဆိုတော် မိစန္ဒီနှင့် စာရေးဆရာမ ပုညခင်တို့၏ "အနုပညာလိုက်စားလူငယ်များ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတို့ကိုကျင်းပရာ လူငယ်များ ခန်းမပြည့်သည်အထိ စိတ်ဝင်တစားတက်ရောက်ပြီး ပါဝင်ဆွေးနွေးကြသည်။

အားကစားဆိုင်ရာ လှုပ်ရှားမှုများအဖြစ် စစ်ကိုင်းဆောင်နှင့် ပဲခူးဆောင်ရှေ့တို့၌ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ သုံးချောင်းထောက်ပြေးပွဲနှင့် ဘတ်စကက်ဘော ဂိုးသွင်းပြိုင်ပွဲတို့ကို ကျင်းပရာ လူငယ်များပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အနုပညာဆိုင်ရာ လှုပ်ရှားမှုများအဖြစ် ဝိဇ္ဇာခန်းမရှေ့နှင့် ဝိဇ္ဇာခန်းမအတွင်း၌ မြန်မာ့မင်္ဂလာယိမ်းအက၊ မွန်ရိုးရာဟင်္သာယိမ်းအက၊ စည်တိုယိမ်းအက၊ ရခိုင်တိုင်းရင်းသားရိုးရာအက၊ ဖွေးတုတ်ယိမ်းအက၊ ရှမ်းတိုင်းရင်းသား ရိုးရာကိန္နရီ-ကိန္နရာအက၊ ရုပ်သေးသူငယ်တော်အက၊ မြန်မာ မြန်မာ စုပေါင်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူ၊ ဓာတ်ပုံ ပုံတူပန်းချီရေးဆွဲခြင်း၊ ရုပ်ပြောင်ပုံများ ရေးဆွဲခြင်း၊ ပို့စကတ်များ ရေးဆွဲခြင်းတို့ကိုလည်း ထည့်သွင်းစီစဉ်ထားရာလူငယ်များ စိတ်ဝင်တစားကြည့်ရှုအားပေးကြသည်။

အသိပညာပေးအစီအစဉ်များအဖြစ် ဝိဇ္ဇာခန်းမရှေ့၌ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာတူရိယာများ၊ ရိုးရာအစားအစာများနှင့် Landmark များ၏ ဓာတ်ပုံများနှင့် ဗီဒီယိုပြသခြင်း၊ တိုင်းရင်းသား ရှစ်မျိုးတို့၏ အမျိုးသား၊ အမျိုးသမီးဝတ်စုံများကို ရုပ်တုများတွင် ဝတ်ဆင်၍ ထင်ရှားသည့် တူရိယာများနှင့် အတူခင်းကျင်းပြသခြင်း၊ မြန်မာတိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်၍ ဓာတ်ပုံရိုက်ခြင်း၊ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုခြင်းနှင့် တိုင်းရင်းသားအမျိုးသား၊ အမျိုးသမီးရုပ်တုများတွင် ဓာတ်ပုံရိုက်ကူးခြင်း အစီအစဉ်များ ပါဝင်ရာ ကျောင်းသား၊ ကျောင်းသူလူငယ်များ ပျော်ရွှင်စွာ ဓာတ်ပုံရိုက်ကူးရင်း လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို နွှဲပျော်ခဲ့ကြသည်။

Science Fair ပြခန်းများပြသခြင်းအဖြစ် ဘွဲ့နှင်းသဘင်ခန်းမနှင့် စီးပွားရေးတက္ကသိုလ်ကြားရှိ ပြခန်းများတွင် လူငယ်များတီထွင်ပြသထားသည့် သိပ္ပံပစ္စည်းများနှင့် အိုင်တီပစ္စည်းများကလည်း လူငယ်များသာမက လာရောက်ကြည့်ရှုလေ့လာသူတို့၏ စိတ်ဝင်စားစရာဖြစ်ခဲ့သည်။

စီးပွားရေး တက္ကသိုလ်ရှေ့တွင် ခင်းကျင်းပြသထားသည့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများကလည်း ယခင်နေ့ရက်များကထက် လေ့လာကြည့်ရှုသူများပြားခဲ့သလို အဓိပတိလမ်းမတစ်လျှောက်တွင် ပြသထားသည့် လူငယ်စံပြရိပ်သာ၊ မူးယစ်ဆေးဝါး ပညာပေးပြခန်းများ၊ ကလေးသူငယ်စွန့်ပစ်မှုပပျောက်ရေးဆိုင်ရာ ပြခန်းများ အပါအဝင် အသိပညာပေးပြခန်းများသည် လူငယ်များအတွက် စိတ်ဝင်စားဖွယ်ဖြစ်ခဲ့သည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်သည် လူငယ်များအတွက် အသိပညာဗဟုသုတများ ဖြည့်ဆည်းပေးရုံ သာမက လူငယ်ထုတစ်ရပ်လုံး ပျော်ရွှင်နိုင်ရေးအတွက် ပျော်ပွဲရွှင်ပွဲများကိုလည်း စီစဉ်ဆောင်ရွက်ထားသည်။

ပွဲတော်ကြီးကျင်းပရာ ရန်ကုန်တက္ကသိုလ် သန့်ရှင်းသာယာစေရန်လည်း "သင့်အမှိုက်တစ်စကြောင့် ရန်ကုန်မြို့အလှ မပျက်စီးပါစေနှင့်၊ မြို့တော်သန့်ရှင်းလှပဖို့ အားလုံးပူးပေါင်းပါဝင်စို့" ဆိုသည့် ပိုစတာများ ကိုင်ဆောင်၍ လူငယ်ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းအမှိုက်ကောက်ခြင်းဖြင့် ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသည်။

မြန်မာလူငယ်များ အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင် အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက် အထိကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်သည် လူငယ်ကျောင်းသား၊ ကျောင်းသူများသာမက လူထုတစ်ရပ်လုံး နွှဲပျော်သည့် ပွဲတော်ကြီးအဖြစ် အောင်မြင် စည်ကားသက်ဝင်ခဲ့သည်။

**သတင်းစဉ်**



အနုပညာလှုပ်ရှားမှုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကာတွန်းရုပ်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

## တိုကျိုသောက်ရေသန့်ကို ဈေးကွက်အတွင်း ရောင်းချခွင့် ယာယီတားမြစ်ထား

**မြစ်ကြီးနား ဒီဇင်ဘာ ၃**

မြစ်ကြီးနားမြို့တွင်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချနေသော တိုကျိုအမှတ်တံဆိပ်ပါ သောက်ရေသန့်ကို ဈေးကွက်အတွင်း ရောင်းချခွင့် ယာယီတားမြစ်ထားကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မြစ်ကြီးနားမြို့ရှိ ရေသန့်လေးမျိုး၏ ရေနမူနာကို စက်တင်ဘာလအတွင်းက ပို့ဆောင်စစ်ဆေးရာတွင် တိုကျိုရေသန့်သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် တရားဝင်စာထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့အဏုဇီဝဓာတုဗေဒ သတ်မှတ်ချက်တွေနဲ့ မကိုက်ညီတာပါ၊ ဒီဇင်ဘာလ ပထမအပတ်မှာ ကျွန်တော်တို့ဌာနကနေ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို တင်ပြမယ်၊ အဲ့ဒီက ဆုံးဖြတ်ချက်ရပြီးမှပဲ ဘာဆက်လုပ်ရမလဲဆိုတာ သိမှာပါ"ဟု ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က ပြောသည်။

ထို့အပြင် အဆိုပါ တိုကျိုအမှတ်တံဆိပ်ပါ သောက်ရေသန့်ကို စစ်ဆေးချက် မအောင်မြင်သည့်အတွက် ရောင်းချခွင့် ယာယီပိတ်ထားကြောင်း ရေသန့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအာဖူက ပြောသည်။

မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့အတွင်းရှိ ရေသန့် ၁၅ မျိုးကို ၂၀၁၆ ဩဂုတ်လတွင် တစ်ကြိမ်နှင့် ယခုနှစ် ဖေဖော်ဝါရီလ၊ ဩဂုတ်လနှင့် စက်တင်ဘာလတွင် သုံးကြိမ် စုစုပေါင်းလေးကြိမ် ရေနမူနာများကို စစ်ဆေးခဲ့ရာတွင် တိုကျိုသောက်ရေသန့်မှာ လေးကြိမ်တိုင် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကိုတော့ ရေနမူနာ ထပ်ပြီးပေးပို့ပါရန် FDAက ညွှန်ကြားထားပါတယ်၊ စက်ပြင်ဆင်မှုတွေ ထပ်လုပ်နေပါတယ်၊ ကျွန်တော် တရားဝင်လိုင်စင် လျှောက်ထားတာကလည်း ၂၀၁၈ ခုနှစ်ထဲမှာမှ သက်တမ်းကုန်မှာပါ"ဟု တိုကျိုသောက်ရေသန့်ပိုင်ရှင် ဦးဇော်ဝင်းက ပြောသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော သောက်ရေသန့်များမှာ မြစ်ကြီးနားမြို့တွင် စိန်ဝတီ၊ ရောဝတီစိမ်း၊Living water ၊Happy water၊ Golden pot၊ Tokyo၊ Star Light ၊ Real Jade ၊ Thar kyi၊ Take၊ Super Clean၊ Earth mothet.၊ Grade 40 ၊ ဝိုင်းမော်မြို့နယ်အတွင်း ရှိ London ၊ရွှေစံအိမ် စုစုပေါင်း ၁၅ ခုရှိကြောင်း သိရသည်။

**မင်းမင်းဦး**

## ဖျာပုံ၌ မျိုးကောင်း မျိုးသန့် သရုပ်ပြ၊ စံကွက်ရိတ်သိမ်း

**ဖျာပုံ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီဌာနခွဲမှ ဒေသခံတောင်သူများအား အရည်အသွေးကောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ အသုံးပြုစိုက်ပျိုးထားရှိမှု သရုပ်ပြပွဲနှင့် ခေတ်မီလယ်ယာသုံး ခြွေလှေ့စက်များဖြင့် စံကွက်ရိတ်သိမ်းမှု ကွင်းသရုပ်ပြသပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျုံကဒွန်းစိုက်ကွင်း၌ ကျင်းပသည်။

ယင်းမျိုးကောင်းမျိုးသန့် မျိုးစေ့ သရုပ်ပြသပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဌေးသွင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ ဆန်စက်လုပ်ငန်းရှင်နှင့် ဆန်ကုန်သည်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လေ့လာကြည့်ရှုကြသည်။



ထို့နောက် ကျုံကဒွန်းစိုက်ကွင်းတွင် မျိုးကောင်း မျိုးသန့် မျိုးစေ့များဖြင့် စိုက်ပျိုးထားသော ပေါ်ဆန်းဘေးကြားမျိုးသန့် Rs to Cs - ဧက ၃၀ ၊ သုတေသန စိုက်ပျိုးထားသော ဘေးကြားတောင်ပျံ ငါးဧကနှင့် ကမာကြည်စပါး စံပြကွက် ၇၅ ဧက စိုက်ပျိုးထားရှိမှုအား စံပြတောင်သူများက ကွင်းဆင်းလေ့လာကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် ကျုံကဒွန်းစိုက်ကွင်းမှူး ဦးဝင်းနိုင်တို့က မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုများကို စိုက်ပျိုးရေးနည်းပညာပေး ရှင်းလင်းဆွေးနွေးကြပြီး ဒေသမျိုး၊ မျိုးကောင်းမျိုးသန့် ကမာကြည်စပါးစံကွက်တစ်ဧကအား ရိတ်သိမ်းခြွေလှေ့စက် လေးစီးဖြင့် ရိတ်သိမ်းခြွေလှေ့ အထွက်နှုန်းရယူရာ တစ်ဧက ၅၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

**စစ်တွေမြို့လောကာနန္ဒာစေတီတော်ပရိဝုဏ်အတွင်း တည်ဆောက်ခဲ့သည့် သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။**

အခမ်းအနားသို့ ပြည်နယ်သြဝါဒါစရိယဆရာတော် စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒနှင့် ပြည်နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ အမှူးပြုသော သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးတင့်နိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်မှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သာသနာ့ဗိမာန်တော်ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် သာသနာ့ဗိမာန်အမည်စာတန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်နယ်သြဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များအား နာယူကြကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အောင်စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးမြစ်သားစုက လှူဒါန်းသည့် ဖန်အုပ်ဆောင်းတော် တပ်ဆင်လှူဒါန်းပူဇော်ပွဲကို ကျင်းပသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ထံ သာသနာ့ဗိမာန်တော်ကြီးပုံ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်




**ဝူကျင့် ဒီဇင်ဘာ ၃**

(၄) ကြိမ်မြောက် ကမ္ဘာ့အင်တာနက်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီကျန့်ပြည်နယ် ဝူကျင့်မြို့၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သောအဖွဲ့တက်ရောက်သည်။

အဆိုပါညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ အင်တာနက်နယ်ပယ်တွင် အနာဂတ် လူမှုအသိုက်အဝန်း တည်ဆောက်ရေး၊ ပွင့်လင်းမြင်သာခြင်း၊ မျှဝေခြင်း အကျိုးကျေးဇူးများ ရရှိရေးအတွက် ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရေး ဦးတည်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နိုင်ငံပေါင်း ၃၀ ကျော်မှ အစိုးရအဖွဲ့ဝင်များ၊ အရာရှိကြီးများ၊ နိုင်ငံတကာမှ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာပုဂ္ဂလိက နည်းပညာကုမ္ပဏီ ၄၀၀ ကျော်မှ တာဝန်ရှိသူများ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးများအစည်းအဝေး ဒုတိယဝန်ကြီးတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးသည် (၁၇)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေထုတ်ပြန်အတည်ပြု၍ ပြုပြင်ပြောင်းလဲဖြေလျှော့မှုများဆောင်ရွက်ပြီးနောက်ပိုင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့်လည်း စီးပွားရေးဆိုင်ရာမူဝါဒ ၁၂ ရပ်နှင့်အညီ Digital Government Strategy နှင့် e-Government စနစ်ဆိုင်ရာလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တိုးတက်လာမှုများနှင့်အတူ အခက်အခဲများ၊ စိန်ခေါ်မှုများလည်း ကြုံတွေ့ရပါကြောင်း၊ တိုးတက်မှု စံနှုန်းမတူညီသည့် အာဆီယံနိုင်ငံများအကြား ဟန်ချက်ညီစွာပူးပေါင်းဖြေရှင်း ဆောင်ရွက်နိုင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား Policy နှင့် Regulation ဆိုင်ရာ အချက်အလက်များ မျှဝေနိုင်ရေး မူဘောင်တစ်ရပ် ချမှတ်ဆောင်ရွက်သင့်ကြောင်း၊ အိုင်စီတီကဏ္ဍ တိုးတက်လာသည်နှင့်အမျှ Cyber လုံခြုံရေးကိစ္စရပ်များသည်လည်း မဖြစ်မနေအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးအနေဖြင့်လည်း တွန်းအားပေး ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံဆက်သွယ်ရေး ကဏ္ဍဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ဒုတိယဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာကြေးနန်းအဖွဲ့ချုပ် (ITU) မှ အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာကိစ္စရပ်များအပေါ် အမြင်များဆွေးနွေးဖလှယ်ခြင်း၊ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုထုတ်ပြန်ခြင်း၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) နှင့် အာဆီယံနိုင်ငံများအကြား ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ASEAN ICT Award 2017 အတွက် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် Siem Reap ကြေညာစာတမ်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။




ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း (၁၇)ကြိမ်မြောက် အာဆီယံသတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့်အတူ ကျင်းပသည့် Asia-Africa-Europe-1(AAE-1) ရေအောက်ကေဘယ်ဆက်ကြောင်း ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ ၎င်းအပြင် ဒုတိယဝန်ကြီးသည် ဂျပန်နိုင်ငံ Ministry of Internal Affairs and Communications ဝန်ကြီးဌာနမှဒုတိယဝန်ကြီးH.E. Masahiko Tominagaနှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စာပို့တိုက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာဝန်ကိုယ်စီ ရှိကြသည်

**—— တိုက်မောင်း ——**

**မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မိဘ၊ဆရာ၊ သားသမီး၊ အကြီးအကဲ၊ တပည့်၊ လင်နဲ့မယား၊ မိတ်ဆွေစသဖြင့် လူမှုဆက်နွယ်ရေးယန္တရားကို ရှေးယခင်လူကြီးသူမများ လက်ထက်ကတည်းကပင် အစဉ်အလာမပျက် ကောင်းမွန်စွာ ထိန်းသိမ်းလာခဲ့ကြပါတယ်။**

နောင်လာနောက်သားများကလည်း ရိုးရာအစဉ်အဆက် မပျက်မကွက်ဘဲ ဆက်လက် ထိန်းသိမ်းခဲ့ကြသဖြင့် ယနေ့ထက်တိုင် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် လောကပါလတရားများ၊ လူမှုကျင့်ဝတ်များ မပျောက်ကွယ်သေးသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်နေရပါတယ်။

အနာဂတ်ကာလကိုပိုင်စိုးကြမယ့် လူငယ်လူရွယ်များကိုလည်း ကောင်းမွန်တဲ့ မျိုးစေ့များကို ချပေးခဲ့ကြဖို့ လူကြီးများမှာ တာဝန်ရှိနေပါတယ်။ သို့မှသာ ကမ္ဘာတည်သရွေ့ မြန်မာဟေ့လို့ ဂုဏ်ယူဝင့်ကြွားစွာဖြင့် လူ့ယဉ်ကျေးမှု သမိုင်းမှတ်တိုင်များကို ဆက်လက်စိုက်ထူနေနိုင်မှာ ဖြစ်ပါတယ်။

အလွန်ရှားပါးပြီး မြင်တွေ့ရခဲသော အရာများကို ရတနာလို့ လူအများစုက သတ်မှတ်ထားကြသလို၊ တန်ဖိုးကြီးကြီး ပေးဝယ်ယူပြီး အမြတ်တနိုးလည်း သိမ်းဆည်းထားတတ်ကြပါတယ်။ ကိုင်တွယ်ထိတွေ့လို့ရတဲ့ စိန်၊ ရွှေ ရတနာတွေအပြင် ထိတွေ့လို့ မရပေမယ့် အဖိုးအနဂ္ဃထိုက်တန်တဲ့ ရတနာများစွာလည်း ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။

သားသမီးက မိဘကိုရိုသေစွာ လုပ်ကျွေးပြုစုတာ၊ တပည့်များက ကိုယ့်ရဲ့ဆရာ ဆရာမများကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအဖြစ် သတ်မှတ်ပြီး ပူဇော်ကန်တော့ကြတာ၊ မယားဖြစ်သူက လင်ယောကျ်ားအပေါ်မှာ အိမ်ဦးနတ်အဖြစ် သတ်မှတ်ပြီး ရိုရိုသေသေ ပြုစုစောင့်ရှောက်တာ၊ အဖေဖြစ်သူက မိသားစုအပေါ် စားဝတ်နေရေးအတွက် ငွေရှာပေးသလို၊ အန္တရာယ်ရန်စွယ်မှန်သမျှကိုလည်း ရဲရဲဝံ့ဝံ့ ရှေ့ကနေပြီး ရင်ဆိုင်ကာကွယ်ပေးတာ စတဲ့အပြုအမူ၊ အလေ့အထတွေဟာ မြန်မာ့လူနေမှု အသိုက်အဝန်းမှာပဲ အများဆုံးတွေ့မြင်နိုင်တာမို့ ရှားပါးတဲ့ ရတနာများလို့ တင်စားချင်တာပါ။ ငယ်ငယ်က မူလတန်းကျောင်းသားဘဝမှာ သင်ကြားခဲ့ရတဲ့ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ် စတာတွေဟာ တကယ်တော့ လူတိုင်းကိုယ်စီမှာ ဒီလိုတာဝန်ဝတ္တရားရှိတယ်ဆိုတာကို ငယ်စဉ်ကတည်းက ကျောင်းမှာသင်ယူခဲ့ကြရပြီး ဘဝတစ်လျှောက်လုံး လိုက်နာကျင့်သုံးစေခဲ့ကြတာ ဖြစ်ပါတယ်။

အရှေ့နဲ့ အနောက် ယဉ်ကျေးမှုမတူညီတဲ့ ကွာဟချက်များကြားမှာ နေ့စဉ်ကြုံတွေ့နေရတဲ့ လူမှုအရေးကိစ္စများဟာလည်း ကွဲပြားနေပါတယ်။ ကမ္ဘာကြီးဟာ နေ့စဉ်နဲ့အမျှ ပြောင်းလဲနေပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ တစ်နေ့ထက် တစ်နေ့ ပိုမိုပြီး လျင်လျင်မြန်မြန် အရှိန်အဟုန်နဲ့ကို ပြောင်းလဲနေပေမယ့် လူတွေရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာများ (မေတ္တာတရား၊ အကြင်နာတရား၊ ကရုဏာတရား) ကတော့ ပိုပိုပြီးဆုတ်ယုတ်လာတယ်ဆိုတာ တီဗွီသတင်းများမှာ နေ့စဉ်မြင်တွေ့နေရတဲ့ အနိဋ္ဌာရုံများက သက်သေပြနေပါတယ်။

နည်းပညာတိုးတက်မှုနှုန်းဟာ ကမ္ဘာ့ရွာကြီးထဲမှာ စက္ကန့်မခြား လျင်မြန်စွာ ပျံ့နှံ့နေပါပြီ။ သတင်းအချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များကို ကမ္ဘာကြီးရဲ့ဘယ်နေရာကမဆို ပို့ချင်တဲ့နေရာကို အလွယ်တကူ မြန်မြန်ဆန်ဆန်နဲ့ ပို့နေနိုင်ပါပြီ။ ဒါဟာကောင်းမွန်တဲ့ ကိစ္စရပ်များအတွက် အလွန်ကို အချိန်ကုန်သက်သာ၊ ငွေကုန်သက်သာတာမို့ များစွာအကျိုးရှိလှပါတယ်။ သို့သော် နည်းပညာတိုးတက်မှုကို ခုတုံးလုပ်အသုံးချပြီး လူအများသေကျေပျက်စီးစေမယ့် အဖျက်အမှောင့်လုပ်ရပ်များကို ဆောင်ရွက်မယ်၊ လူတစ်ဦးချင်းရဲ့အားနည်းချက်များကို ရှာဖွေပြီး ဘဝပျက်လောက်အောင်၊ ဂုဏ်သရေထိခိုက်အောင် လုပ်ဆောင်နေတာမျိုးကျတော့ ဆိုးကျိုးများသာ ဖြစ်ပေါ်နိုင်တာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒီနေ့မြန်မာ့လူမှုအသိုင်းအဝိုင်းမှာလည်း နည်းပညာတိုးတက်မှုရဲ့သားကောင်များအဖြစ် ရောက်မှန်းမသိ ရောက်ရှိနေကြပါပြီ။ အသက်အရွယ် ကြီး၊ ငယ် မရွေး တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လက်ပ်တော့ဖြင့်ဖြစ်စေ အင်တာနက်ကို ကောင်းမွန်စွာ သုံးစွဲနေကြသလို ဖေ့စ်ဘုတ်(facebook) လို့ခေါ်တဲ့ လူမှုကွန်ရက်ကနေ အချင်းချင်း ဆက်သွယ်၊ သတင်းဖလှယ်၊ ဟိုနေရာရောက်နေတယ်၊ ဒီလိုစားစရာတွေ စားနေတယ်၊ ဟိုနေ့ကတော့ ဘယ်သူဘာဖြစ်တယ် စသဖြင့် အချိန်ကုန်၊ ငွေကုန်၊ မျက်စိမှုန်၊ လက်တုန်တဲ့အထိ အသုံးပြုနေကြတာလည်း တွေ့ရပါတယ်။ အချို့ကျတော့လည်း ဘာသာစကား သင်ယူလေ့လာတာမျိုး၊ ကျန်းမာရေးဗဟုသုတ၊ စိုက်ပျိုးရေးနည်းလမ်းများ၊ လူငယ်များ စာရိတ္တ ပြုစုပျိုးထောင်ရေး၊ ဘာသာရေးစတဲ့ မိမိဘဝရဲ့တိုးတက်ရာ တိုးတက်ကြောင်း ရှာဖွေလေ့လာကြတာမျိုးကျတော့ အကျိုးရှိတာပေါ့။

အခုဆိုရင် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ လူငယ်လူရွယ်တွေဟာ နည်းပညာတိုးတက်မှုရဲ့နောက်ကို ထက်ကြပ်မကွာ လိုက်နေကြပါပြီ။ မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို တည့်မတ်စွာလျှောက်နိုင်ဖို့ လူကြီးများဘေးကနေ ထိန်းကျောင်းပေးနေဖို့ လိုအပ်ပါတယ်။ မူလကရှိနေပြီးသား လူမှုကျင့်ဝတ်တွေ၊ မြန်မာ့အသိုင်းအဝိုင်းက အမြဲတစေ အမြတ်တနိုး တန်ဖိုးထားမှုတွေကို ကျွန်တော်တို့ပတ်ဝန်းကျင်ကနေ ပပျောက်မသွားစေဖို့ လူငယ်တွေကို အမြဲတမ်းတိုက်တွန်းနေကြရမှာ လူကြီးများရဲ့ တာဝန်ပဲဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ကြည့်နေတုန်း ကြော်ငြာဝင်လာပါတယ်။ သားငယ်ဖြစ်သူက ဇာတ်လမ်းထက် ကြော်ငြာအစီအစဉ်ကို ပိုကြိုက်ပါတယ်။ အဲဒီမှာကြော်ငြာပစ္စည်းက ခွန်အားဖြည့် အချိုရည်တစ်ခုခုလို့ ထင်ပါတယ်။ တံဆိပ်တော့ ကျွန်တော်လည်း ကောင်းကောင်း မမှတ်မိတော့ပါဘူး။

ကြော်ငြာရဲ့ အစမှာ ကလေးမလေးတစ်ယောက်က ပူဖောင်းတစ်ခုကို ကိုင်ထားရာကနေ လက်ကလွတ်ထွက်သွားပြီး ပူဖောင်းကိုကြည့်ပြီး လိုက်ရင်း ကားလမ်းပေါ်ကို ရောက်သွားတယ်။ တစ်ပြိုင်နက်တည်း ကားတစ်စီးက ဝင်လာတယ်။ အဲဒီအချိန်မှာ ပဉ္စမတန်း၊ ဆဋ္ဌမတန်းအရွယ် လူငယ်လေးက ဆိုင်တစ်ဆိုင်ကနေ ကြော်ငြာထားတဲ့ အချိုရည်ဘူးကို သောက်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း စူပါမင်းလိုလို ဝတ်စုံဝတ်ပြီးသား လေထဲကို အရှိန်အဟုန်နဲ့ ထိုးတက်သွားပြီး ကားနဲ့တိုက်မိလုနီးပါးဖြစ်နေတဲ့ ကလေးမလေးကို လေထဲကနေ အသာအယာပွေ့ချီကယ်ဆယ်လိုက်တယ်။ အဲဒီ အချိန်ဟာ ကြော်ငြာရဲ့အထွတ်အထိပ်လို့ ဆိုရမှာပဲ။ ဘေးမှာရှိတဲ့ လူတစ်အုပ်က လူငယ်လေးကို အားရပါးရ လက်ခုပ်တီးပြီး အားပေးချီးကျူးတဲ့ ပုံဖော်ဆောင်ကာ အချိုရည်တံဆိပ်ကို ထပ်ကာထပ်ကာပြသပြီး ကြော်ငြာလေးက အဆုံးသတ်သွားတယ်။

ကြော်ငြာပြီးတယ်ဆိုရင်ပဲ ကျွန်တော့်ဘေးမှာ ထိုင်နေတဲ့ မူကြိုအရွယ် သားငယ်က ဖေဖေ သားသားကို အဲဒီအချိုရည် အခုချက်ချင်းဝယ်ပေးပါ၊ သားသားလည်း စူပါမင်းလို မိုးပေါ်ပျံချင်လို့တဲ့။ ကဲ…။ သားငယ်ရဲ့စိတ်ထဲမှာ အဲဒီအချိုရည် သောက်လိုက်တာနဲ့ ချက်ချင်းစူပါမင်းလို ဝတ်စုံရပြီး မိုးပေါ်ပျံနိုင်တယ်၊ လမ်းပေါ်မှာ အရှိန်နဲ့မောင်းနေတဲ့ ကားရှေ့ကိုလည်း ဖြတ်သွားရင် ဘာအန္တရာယ်မှ မရှိနိုင်ဘူးလို့ အတွေးဝင်သွားချင် ဝင်သွားနိုင်ပါတယ်။ တကယ်လို့များ မူလတန်း အရွယ်ကလေးတစ်ယောက်က ကျောင်းဈေးမှာ အဲဒီအချိုရည်ရောင်းလို့ သောက်လိုက်မယ်၊ ကြော်ငြာထဲကအတိုင်း လမ်းပေါ်ထွက်ပြီး အရှိန်နဲ့မောင်းနေတဲ့ ကားရှေ့ဖြတ်ပြေးရင် ကိုယ်ကျိုးမနည်းပေဘူးလား။ ဒါ့ကြောင့် ဆင်ခြင်စဉ်းစားနိုင်မှု နုနယ်နေသေးတဲ့ ကလေးအရွယ် လူငယ်တွေရဲ့အတွေးမှာ အထင်အမြင်လွဲမှားစေပြီး အန္တရာယ်ရှိနိုင်တဲ့ မည်သည့်အပြုအမူ၊ လုပ်ဆောင်ချက်မျိုးကိုမှ ကိုယ်ကျိုးစီးပွားအတွက် ဖြစ်စေ၊ အခြားရည်ရွယ်ချက်နဲ့ဖြစ်စေ မပြုလုပ်မိစေဖို့ လူကြီးဖြစ်သူများက ဆင်ခြင်သတိပြုမိကြဖို့ လိုအပ်ပါတယ်။ ဒီဖြစ်ရပ်လေးကို ဥပမာအနေနဲ့ ထင်သာ မြင်သာဖြစ်အောင် တင်ပြရခြင်းသာ ဖြစ်ပါတယ်။ ကလေးအရွယ် လူမမယ်များ လွဲမှားစွာ အတုမြင် အတတ်သင်တာမျိုး မဖြစ်စေလိုတဲ့ ဆန္ဒနဲ့ပါ။

**“ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ လူငယ်လူရွယ်တွေဟာ နည်းပညာတိုးတက်မှုရဲ့နောက်ကို ထက်ကြပ်မကွာ လိုက်နေကြပါပြီ၊ မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို တည့်မတ်စွာလျှောက်နိုင်ဖို့ လူကြီးများဘေးကနေ ထိန်းကျောင်းပေးနေဖို့ လိုအပ်ပါတယ်၊ မူလကရှိနေပြီးသား လူမှုကျင့်ဝတ်တွေ၊ မြန်မာ့အသိုင်းအဝိုင်းက အမြဲတစေ အမြတ်တနိုးတန်ဖိုးထားမှုတွေကို ကျွန်တော်တို့ပတ်ဝန်းကျင်ကနေ ပပျောက်မသွားစေဖို့ လူငယ်တွေကို အမြဲတမ်းတိုက်တွန်းနေကြရမှာ လူကြီးများရဲ့ တာဝန်ပဲဖြစ်”**

လူငယ်လူရွယ်များကလည်း “ရှေးထုံးကိုလည်း မပယ်နဲ့၊ ဈေးသုံးကိုလည်း မလွယ်နဲ့” ဆိုတဲ့ ရှေးအစဉ်အဆက် ပြောဆိုလက်ခံခဲ့ကြတဲ့ စကားလိုပဲ မိမိတို့ထက် တစ်ရက်၊ တစ်မနက် အသက်အရွယ်အားဖြင့် ကြီးမြင့်ကြသူများရဲ့ ဆုံးမသွန်သင်မှုကို နားထောင်ကြစေချင်ပါတယ်။ ရှေ့လူတွေ ဖောက်သွားတဲ့လမ်း၊ ဆောက်သွားတဲ့ တံတားတွေဟာ ကိုယ့်အတွက် အသုံးတည့်တယ်ဆိုရင် ဆက်လက်ပြီးလျှောက်ကြရမှာပဲ ဖြစ်ပါတယ်။ ခေတ်မီတာနဲ့ ခေတ်ဆန်တာကို ကွဲကွဲပြားပြား သိဖို့လိုသလို၊ ခေတ်လွန်ပြီး မောင်နှမသားချင်း၊ မိဘမောင်ဖွားများနဲ့ မျက်နှာချင်းမဆိုင်ရဲတဲ့ အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုများကို အထူးသတိထား ရှောင်ကြဉ်ကြဖို့ လိုအပ်ပါတယ်။

မိမိတို့လက်ထက်ကျမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖျက်ဆီးသူများ မဖြစ်ကြရလေအောင် ကိုယ်စီကိုယ်စီ တာဝန်ယူထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲ “ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်” ဆိုတဲ့ သဘောမျိုး ထင်ရာမြင်ရာ လုပ်နေကြမယ်ဆိုရင်တော့ ဂန္ထဝင်မြောက်စွာဖြင့် အဘိုးအဘွားတွေ တည်ဆောက်ထားတဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ဓလေ့ထုံးတမ်းများဟာ ဇောက်ထိုးမိုးမျှော်ဖြစ်ပြီး အဖတ်ဆယ်ဖို့ ခက်ခဲသွားမှာ ဖြစ်ပါတယ်။ မိမိတို့ ခေတ်ကာလရဲ့ ကောင်းမွေဆိုးမွေ သမိုင်းပုံရိပ်ကို မိမိတို့ပဲ တာဝန်ယူကြရမှာ ဖြစ်ပါတယ်။

အချို့ကိစ္စရပ်များဟာ အချိန်မလွန်ခင် တားဆီးပိတ်ပင်မိကြဖို့ လိုပါတယ်။ “မိုးလွန်မှ ထွန်ချ” မိရင်တော့ အချိန်ကုန် လူပန်းပြီး ဘာအကျိုးရလဒ်မှ ခံစားရမှာ မဟုတ်ပါဘူး။ စာရေးသူဟာ ဝန်ထမ်းတစ်ယောက်ဖြစ်တာမို့ တစ်နေ့မှာ ရုံးဆင်းလို့ အိမ်ပြန်ရောက်ပြီ ဆိုတာနဲ့ ရေမိုးချိုးပြီးတော့ မူလတန်းကျောင်းသူသမီးဖြစ်သူရယ်၊ မူကြိုတက်ခါစ သားအငယ်ဆုံးတို့နဲ့အတူ တီဗွီရှေ့မှာ မြန်မာဟာသဇာတ်လမ်းလေး

ကလေးအရွယ် လူငယ်တွေရဲ့အတွေးမှာ အထင်အမြင်လွဲမှားစေပြီး အန္တရာယ်ရှိနိုင်တဲ့ မည်သည့်အပြုအမူ၊ လုပ်ဆောင်ချက်မျိုးကိုမှ ကိုယ်ကျိုးစီးပွားအတွက် ဖြစ်စေ၊ အခြားရည်ရွယ်ချက်နဲ့ဖြစ်စေ မပြုလုပ်မိစေဖို့ လူကြီးဖြစ်သူများက ဆင်ခြင်သတိပြုမိကြဖို့ လိုအပ်ပါတယ်။ ဒီဖြစ်ရပ်လေးကို ဥပမာအနေနဲ့ ထင်သာ မြင်သာဖြစ်အောင် တင်ပြရခြင်းသာ ဖြစ်ပါတယ်။ ကလေးအရွယ် လူမမယ်များ လွဲမှားစွာ အတုမြင် အတတ်သင်တာမျိုး မဖြစ်စေလိုတဲ့ ဆန္ဒနဲ့ပါ။

ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့နိုင်ငံကို မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ဆန္ဒကိုယ်စီရှိကြမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အနာဂတ်ကို ဦးဆောင်ဦးရွက်ပြုကြမယ့် လူငယ်များရဲ့ စာရိတ္တမဏ္ဍိုင်နဲ့ တာဝန်ယူတတ်မှု၊ တာဝန်ခံ လုပ်ဆောင်တတ်မှုတို့ဟာ မရှိမဖြစ် အရေးပါလှတာကို တွေ့ရမှာဖြစ်ပါတယ်။ယနေ့လူကြီးများဟာ စံနမူနာကောင်းပြပြီး ရှေ့ကနေဖြောင့်မတ်စွာ လမ်းဖောက်သွားဖို့လည်း တာဝန်ရှိပါတယ်။ မည်သည့်နယ်ပယ်မှာမဆို လူငယ်များကို အတူလက်တွဲခေါ်ယူပြီး ထိုက်သင့်တဲ့ နေရာ၊ လုပ်ငန်းတာဝန်များအား ယုံကြည်စွာနဲ့ပေးအပ်ပြီးလုပ်ကိုင်စေရမှာ ဖြစ်ပါတယ်။ လူငယ်များကလည်း တာဝန်ပေးလာတဲ့အခါ ပေးအပ်လာတဲ့ တာဝန်နဲ့အညီ အချိန်မရွေး အကောင်းဆုံးထမ်းဆောင်နိုင်အောင် အမြဲအဆင့်သင့်ဖြစ်နေဖို့ ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ လူငယ်လူရွယ်များစွာကို အခုကတည်းက မွေးထုတ်ထားကြမှသာလျှင် အနာဂတ်မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဝင့်ဝင့်ထည်ထည်နဲ့ မျက်နှာမငယ်ရမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့တွင် လူငယ်များ Digital Library နှင့်ပတ်သက်၍ လူငယ်ဆွေးနွေးပွဲတွင် ဆိုက်ဘာလုံခြုံရေးအကြောင်း ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တက္ကသိုလ်တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ရာ ယနေ့နောက်ဆုံးနေ့တွင် Digital Library နှင့် ပတ်သက်၍ ဆိုက်ဘာလုံခြုံရေးကို ဘယ်လိုကာကွယ်ကြမလဲဟူသော ဆွေးနွေးမှုကိုလည်း အဆိုပါ လူငယ်ဆွေးနွေးပွဲတွင် လူငယ်များ စိတ်ဝင်တစား ဆွေးနွေးသွားကြောင်း သိရသည်။

“နည်းပညာနဲ့ပတ်သက်ပြီး အထူးသတိထားရမှာက ဟတ်ဒ်အပိုင်းနဲ့ လုံခြုံရေးအပိုင်းပါ၊ ပြီးတော့ ဆိုက်ဘာလုံခြုံရေးကို ဘယ်လိုကာကွယ်ကြမလဲဆိုတာ လူငယ်တွေနဲ့ ဆွေးနွေးမယ်၊ ဟတ်ဒ်အပိုင်းမှာ လူငယ်အများစုဟာ သူတစ်ပါး မသိလိုက်ဘဲ နှောင့်ယှက်မှုတွေ လုပ်မိတတ်ကြတယ်၊ မိမိရဲ့လုံခြုံရေးအတွက် ကိုယ့်ထဲကို စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ လုပ်ဆောင်မှုတွေ ကြုံလာရင် ဘယ်လိုတုံ့ပြန်မလဲဆိုတာတွေလည်း ဆွေးနွေးမှာပါ”ဟု Moderator Panelist အဖြစ် ဆောင်ရွက်သော ကိုရန်နိုင်ဦးက ပြောသည်။

ဆက်လက်၍ စာပေလိုက်စားလူငယ်များ အစီအစဉ်ကိုလည်း ဆက်လက်ကျင်းပရာ Moderator Panelist အဖြစ် ဆောင်ရွက်သော ဒေါ်ယမင်းမြတ်အေးကလည်း “စာဖတ်ခြင်းအားဖြင့် လူတွေရဲ့ အတွေးအခေါ် ကောင်းလာတယ်၊ လောကကြီးကိုမြင်တဲ့ အမြင်တွေ ပြောင်းလဲလာတယ်၊ စာဖတ်များရင် ဘဝတွေကို စာနာနားလည်ပြီး အိုင်ကျူတွေ မြင့်လာတယ်၊ အလွတ်ကျက် ပညာရေးဟာ မန်မိုရီကိုပဲ အထောက်အကူပြုတာပါ၊ ကမ္ဘာပေါ်မှာ ထိပ်တန်းရောက်တဲ့ နိုင်ငံ၊ တိုးတက်နေတဲ့ လူ့အဖွဲ့အစည်းကိုကြည့်ရင် သူတို့တွေဟာ စာပေသင်ကြားရာမှာ အလွတ်ကျက်ပြီး တိုးတက်လာတာ မဟုတ်သလို မန်မိုရီကောင်းလို့ တိုးတက်လာတာ မဟုတ်ပါဘူး၊ အတွေးအခေါ် ကောင်းလို့ တိုးတက်လာတာပါ၊ ကျွန်မတို့ အတွေးအခေါ် ကောင်းအောင် စာများများ ဖတ်ရပါ့မယ်၊ ဒီခေတ်မှာ အတွေးအခေါ်၊ အသိအမြင်ကောင်းဖို့ လိုတယ်၊ ဒါကိုစာဖတ်မှုပဲရမှာပါ၊ အဲ့ဒါတွေကို ဒီနေ့ ဦးစားပေးပြီး ဆွေးနွေးသွားမှာပါ” ဟု ပြောသည်။




လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးရက်တွင် စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် အိုင်တီနည်းပညာပြပွဲတို့တွင် ကျောင်းသား ကျောင်းသူများနှင့်အတူ မိဘပြည်သူများလည်း လာရောက် ပါဝင်ဆင်နွှဲခဲ့ရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ-တင်စိုး**

# အားကစားဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်သော မြန်မာ့ရိုးရာအားကစားနည်းများ စိတ်ဝင်စားမှုများပြား၊ လွန်ဆွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများ ဆုကြေးအများဆုံးချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၃

**လူငယ်လူရွယ်များ ဘက်ပေါင်းစုံ အလ္လာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်နိုင်သော အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဝန်ကြီးဌာန ငါးခုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ် ကျင်းပသော ''လူငယ်ဘက်စုံ ဖွံ့ဖြိုးရေး ပွဲတော်'' ကို ရန်ကုန်တက္ကသိုလ်ဝင်း အတွင်း၌ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်ထိ (သုံးရက်တိုင်တိုင်) စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

ယနေ့ ဒီဇင်ဘာ ၃ ရက် (နောက်ဆုံးနေ့)တွင်လည်း သက်ဆိုင်ရာ ဌာနပေါင်းစုံမှ တာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နယ်ပယ် ပေါင်းစုံမှ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု လေ့လာသူများဖြင့် ဆက်လက် စည်ကားခဲ့သည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်တွင် ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ အားကစား၊ စာပေ စသည့် ကဏ္ဍပေါင်းစုံဆိုင်ရာ လှုပ်ရှားမှုများ ပါဝင်လျက်ရှိရာ ယင်းကဏ္ဍများထဲမှ ကဏ္ဍတစ်ခုဖြစ်သည့် အားကစားဆိုင်ရာ လှုပ်ရှားမှုသည်လည်း လူအများစိတ်ဝင်စားခဲ့ပြီး လာရောက်လေ့လာကြည့်ရှုသူ များပြားခဲ့သည်။ အားကစားကဏ္ဍသည် လူငယ်များနှင့် သက်ဆိုင်သော ကဏ္ဍတစ်ရပ်ဖြစ်ပြီး လူတိုင်းအတွက်လည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ အားကစားပြုလုပ်ရခြင်းကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများအနေဖြင့် ကျန်းမာပျော်ရွှင်ခြင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ကြောင်း သိရသည်။

"အားကစားဆိုင်ရာ ပြိုင်ပွဲတွေကို ကလေးတွေအနေနဲ့ လေ့လာခွင့်ရအောင် ခေါ်ဆောင်လာခြင်း ဖြစ်ပါတယ်၊ ကလေးတွေအနေနဲ့ ကျောင်းစာတစ်ခုတည်းပေါ်မှာ မဟုတ်ဘဲ အားကစားကဏ္ဍတွေဘက်မှာလည်း စိတ်ပါဝင်စားလာမယ်လို့ ယုံကြည်ပါတယ်၊ ကျောင်းမှာလည်း အားကစားအချိန်တွေ သီးသန့်သတ်မှတ်ပေးထားပါတယ်၊ ကျောင်းစာတစ်ခုတည်းက ဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုသာ ရှိပါတယ်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်ဖို့လည်း လိုအပ်ပါတယ်၊ လူတစ်ယောက်မှာ အားကစားဟာ ၅၀ ရာခိုင်နှုန်းလောက်ထိ အရေးပါမယ်လို့ ထင်ပါတယ်" ဟု ပုလဲစံပြ ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာ ကျော်သူထွန်းက ပြောသည်။

အဆိုပါ ပွဲတော်တွင် အားကစားပြိုင်ပွဲများအနေဖြင့် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဘတ်စကက်ဘော ဂိုးသွင်းပြိုင်ပွဲ၊ သုံးချောင်းထောက် ပြေးပွဲများအပြင် ခြင်းလုံး၊ ဝူရှူး၊ ကျွမ်းဘား၊ သိုင်း၊ ကရာတေးဒို အားကစားသရုပ်ပြပွဲများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ထိုသို့ မြန်မာ့ရိုးရာအားကစားနည်းမျိုးစုံ ပါဝင်လျက်ရှိရာ ကစားနည်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်ဥမ္မာသန်းက "ထုပ်ဆီးတိုးကစားနည်း ပေါ်ပေါက်တာ နှစ်ပေါင်းရာချီနေပါပြီ၊ ထိုင်းထက် ထုပ်ဆီးတိုးနည်း



ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဂျင်းကောင်အသင်းအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ပေးစဉ်။

မြန်မာနိုင်ငံက စောပါတယ်၊ အားကစားနည်းဥပဒေတွေ ရှိပါတယ်၊ စည်းခုနစ်စည်းနဲ့ တစ်ဖွဲ့မှာ အုပ်ချုပ်သူ၊ နည်းပြတစ်ယောက်စီ ကစားသမားခုနစ်ယောက် အရန်သုံးယောက်နဲ့ ဖွဲ့စည်းရပါတယ်၊ ထုပ်ဆီးတိုးနည်းဟာလောပြီး ကစားလို့ မရပါဘူး၊ လျင်မြန်ဖျတ်လတ် ကျန်းမာဖို့လည်း လိုပါတယ်။

"လွန်ဆွဲပြိုင်ပွဲဆိုရင်လည်း စည်းလုံးညီညွတ်မှုကို ပြတာပါပဲ၊ စည်းစည်းလုံးလုံး အားနဲ့ ပြိုင်တူဆွဲမှ နိုင်မှာပါ၊ ဒီကစားနည်းက ရှေးမြန်မာမင်းများ လက်ထက်ထဲက မိုးခေါင်ရင် ဆွဲကြတယ်လို့လည်း ကြားဖူးပါတယ်၊ နောက်ပိုင်းကျမှ စည်းစနစ်တွေ ထည့်ပြီးတော့ ကစားနည်းတစ်ရပ်လုပ်တာပါ၊ တစ်ဖက်ကို လူရှစ်ယောက်နဲ့ပြိုင်ရတာပါ၊ ဝိတ်တန်းတွေလည်း သတ်မှတ်ထားပါတယ်။

"ခေါင်းအုံးရိုက်ကစားနည်းဆိုရင်လည်း ရှေးရိုးရာကစားနည်းပါ၊ ထူးထူးခြားခြားစည်းကမ်းသတ်မှတ် ထားတာတော့ မရှိပါဘူး၊ ဆင်ထားတဲ့ ဝါးလုံးပေါ်မှာ လူနှစ်ယောက်တက်ပြီး တစ်လှမ်းအကွာ ခေါင်းအုံးတစ်လုံးစီ ကိုင်ရိုက်ရတာပါ၊ ပြုတ်ကျတဲ့သူက အရှုံးပါ၊ သုံးချောင်းထောက်၊ ဂုန်နီအိတ်စွပ်ကစားနည်းတွေကတော့ အခုနောက်မှပေါ်တဲ့ ကစားနည်းတွေပါ၊ ပျော်ပွဲရွှင်ပွဲတွေ လွပ်လပ်ရေးနေ့တွေမှာ ကစားတဲ့ ကစားနည်းတွေပါ၊ သူကတော့ စည်းစနစ်ရယ်တော့ မရှိပါဘူး၊ လဲသွားရင် အရှုံးပါ။

"ဒီကစားနည်းတွေကို ကစားခြင်းအားဖြင့် မြန်မာ့ရိုးရာအားကစားနည်းတွေကို ထိန်းသိမ်းရာလည်း ရောက်သလို ခန္ဓာကိုယ်ကြံ့ခိုင်မှုကိုလည်း အများကြီးအထောက်အကူပြုပါတယ်၊ ဒါကြောင့် ကလေးတွေဟာ တခြားစိတ်လေလွင့်တာ မရှိတော့ဘူး၊ မြန်မာ့ရိုးရာ အားကစားနည်းတွေကို ပြန်လည်ဖော်ထုတ်ပြီးတော့ ကစားစေချင်ပါတယ်၊ ကိုယ့်ရဲ့ရိုးရာကစားနည်းတွေကို ပြည်တွင်းမှာတင်မကဘဲ ပြည်ပကို ထိုးဖောက်နိုင်ဖို့ လိုပါတယ်၊ အခုဆိုရင် နိုင်ငံတကာကို ထိုးဖောက် နိုင်တာ လွန်ဆွဲကစားနည်းပါ" ဟု ရှင်းပြသည်။

မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲများနှင့် သရုပ်ပြပွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်း နှစ်ပိုင်းခွဲ၍ ကျင်းပလျက်ရှိရာ ယနေ့ နောက်ဆုံးနေ့တွင် ကျင်းပသည့် ပြိုင်ပွဲများမှာ ပထမ၊ ဒုတိယ၊ တတိယ နေရာလုပြိုင်ပွဲများဖြစ်ပြီး ထုပ်ဆီးတိုးနှင့် လွန်ဆွဲပြိုင်ပွဲများအတွက် ဆုကြေးများ အနေဖြင့် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း သတ်မှတ်ထားသည်။ အခြားကစားနည်း ဆုကြေးများကို ငွေကျပ် သုံးသောင်း၊ ငွေကျပ် နှစ်သောင်း၊ ငွေကျပ် တစ်သောင်း သတ်မှတ်ထားကြောင်း သိရသည်။

ထုပ်ဆီးတိုး အမျိုးသမီးပြိုင်ပွဲတွင် ဆုများကို ဂျင်းကောင်အသင်းမှ ပထမ၊ Star အသင်းမှ ဒုတိယ၊ မျိုးဆက်သစ်အသင်းမှ တတိယရရှိခဲ့သည်။ လွန်ဆွဲပြိုင်ပွဲ အမျိုးသားအတွက် ဆုများကို ဗိုလ်အောင်ဒင်အသင်းမှ ပထမ၊ လော်လုံးထိုးအသင်းမှ ဒုတိယ၊ Tiger World အသင်းမှ တတိယရရှိခဲ့ပြီး လွန်ဆွဲ အမျိုးသမီးဆုများကို ကာရံမြင့်မိုရ်အသင်းမှ ပထမ၊ Storng Girls အသင်းမှ ဒုတိယ၊ ဘုတ်ဆုံမအသင်းမှ တတိယ ရရှိခဲ့ကြောင်း သိရသည်။

**အေးမင်းသူ၊ ဓာတ်ပုံ-ဇာနည်မောင်**



လွန်ဆွဲပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် လူငယ်များနှင့် အားပေးသူများကို တွေ့ရစဉ်။

# ရှမ်းစက္ကူ နှင့် ပဒုမ္မာကြာပင်မှ ကြာသင်္ကန်းရက်လုပ်ပုံအဆင့်ဆင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၃

**ရှမ်းထီးများ၊ ယပ်တော်၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှချိတ်မီးပုံးများ ပြုလုပ်ရာတွင် အသုံးပြုသည့် ရှမ်းစက္ကူနှင့် ကြာသင်္ကန်းရက်လုပ်ပုံ အဆင့်ဆင့်တို့ကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်ပြသထားသည်။** (အောက်ပုံ)

ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပသည့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၏ မင်္ဂလာဦး လူငယ်စံပြရိပ်သာ ပြခန်းတွင် ပါဝင်ပြသခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပြခန်းများတွင် ရှမ်းရိုးရာဓလေ့ မှိုင်းခံစက္ကူ (ရှမ်းစက္ကူ) ပြုလုပ်ပုံအဆင့်ဆင့်ကို ပြသထားပြီး ရှမ်းစက္ကူဖြင့် မီးပုံးပျံပြုလုပ်ပုံနှင့် နံရံကပ်စက္ကူအဖြစ် အသုံးပြုနိုင်ပုံများကိုလည်း လက်တွေ့သရုပ်ပြခဲ့ရာ စိတ်ဝင်တစား လာရောက်ကြည့်ရှုသူများပြားခဲ့သည်။

ရှမ်းစက္ကူကို ပင်လောင်း၊ ပင်းတယ၊ မိုင်းကိုင်ဒေသနှင့် အေးသာယာတို့တွင် ပြုလုပ်ကြသည်။ ရှမ်းပြည်နယ်တွင်သာမက မြန်မာတစ်နိုင်ငံလုံးတွင် လူသိများသောလုပ်ငန်းဖြစ်ပြီး ရှမ်းစက္ကူပြုလုပ်နည်းသည် လက်လုပ် ဖြစ်သည်။

ရှမ်းရိုးမတောင်တန်းတွင် ပေါက်လေ့ရှိသော လျှော်ပင်ကို ကုန်ကြမ်းအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"လျှော်ပင်က လျှော်ခေါက်ကြောတွေကို ခွာယူပြီး အခြောက်ခံရပါတယ်၊ တစ်ညတာရေစိမ်ရပြီး ထင်းမီးနဲ့ နူးအိအောင် ပြုတ်ရပါတယ်၊ ပြီးရင် ရေနဲ့ စင်ကြယ်အောင် ဆေးကြောပါတယ်၊ အကြမ်းထုထားတဲ့ စက္ကူတစ်ချပ်စာ လျှော်လုံးတွေကို ကြေညက်အောင် သစ်သားတူနဲ့ ထုပေးရပြီးရေပုံးထဲကိုထည့် ကြေမွသွားအောင် ရေနဲ့ ဖျော်ရပါတယ်၊ ရေဖျော်ထားတဲ့ လျှော်တွေကို စက္ကူပြုလုပ်ဖို့ ပုံစံခွက် ပြုလုပ်ထားတဲ့ ကန်ထဲကို ထည့်တယ်၊ ရေစစ်သွားရင် ဆယ်ယူတယ်၊ နေပူထဲမှာ အခြောက်ခံပြီးရင် ရှမ်းစက္ကူတွေကို ရရှိပြီဖြစ်ပါတယ်" ဟု ပြခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။





ထို့ပြင် ရှမ်းပြည်နယ် တောင်ပိုင်း အင်းလေးဒေသတွင် သဘာဝအတိုင်း ပေါက်ရောက်နေသည့် ပဒုမ္မာကြာပင်မှ ကြာချည်မျှင် ထုတ်ယူနေပုံများ၊ ကြာသင်္ကန်းကို ရှေးမူမပျက် ခေတ်မီဆန်းသစ်အောင် ရက်လုပ်နေပုံ အဆင့်ဆင့်တို့ကိုလည်း လက်တွေ့ပြသထားသည်။

ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဦးက "ဒီပြခန်းမှာ ပဒုမ္မာကြာကနေ ကြာချည်ထုတ်လုပ်ပုံ အဆင့်ဆင့်ကို အဓိကထားပြသထားပါတယ်၊ ကြာပင်တွေကို အင်းလေးကန်က ယူရပါတယ်၊ တန်ဆောင်တိုင်ပွဲတော်အတွက် ကြာသင်္ကန်း၊ မသိုးသင်္ကန်းတွေကို ကြာချည်အစစ်တွေနဲ့ ရက်လုပ်ပြီး ဆက်ကပ်ကြပါတယ်၊ အခြားဒေသတွေမှာ သိပ်မရှိကြပါဘူး၊ ကြာချည်ရက်လုပ်တဲ့ လုပ်ငန်းက အင်းလေးဒေသရဲ့ တကယ့်ရိုးရာလုပ်ငန်းဖြစ်ပါတယ်" ဟု ပြောသည်။

ကြာချည်မျှင်မှ ကြာသင်္ကန်းအပြင် ခြုံပဝါ၊ ကြာချည်မျှင်လက်ကောက်၊ ကြာချည်မျှင်သော့ချိတ် စသည့် အသုံးအဆောင် ပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်တွင် ကြာချည်မျှင် ထုတ်လုပ်ပုံများကိုလည်း လက်တွေ့သရုပ်ပြသခဲ့ရာ လူငယ်ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနက မင်္ဂလာဦး လူငယ်စံပြရိပ်သာ ပြခန်းအပြင် ရှမ်းရိုးရာအိုးစည်၊ ဓနုရိုးရာအိုးစည်တီးခတ်ခြင်းများ၊ ရှမ်းရိုးရာဓားသိုင်း၊ တုတ်သိုင်း၊ တိုးနရားအကများနှင့်အတူ ကိန္နရီ-ကိန္နရာ အကအလှတို့ဖြင့်လည်း ဖျော်ဖြေတင်ဆက်ခဲ့ရာ ပရိသတ်များအတွက် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့တို့ကို ဗဟုသုတတိုးပွားစရာ ပြခန်းတစ်ခု ဖြစ်ခဲ့သည်။

**မြန်မာ့သတင်းစဉ်အဖွဲ့**

# ယဉ်ကျေးမှုဆိုတာ နိုင်ငံရဲ့မျက်နှာစာပါ၊ လူငယ်တွေစိတ်ထဲ တို့လူမျိုးမှာ ဒီလိုယဉ်ကျေးမှုတွေရှိတယ်ဆိုတဲ့ အသိအမြင်ရရှိသွားမှာပါ


ဦးလှိုင်ဝင်းမောင် ( ဒုတိယညွှန်ကြားရေးမှူးချုပ်)
အနုပညာဦးစီးဌာန၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန


ဇေယျာလင်း
(အနုပညာရှင်-၁)


ဒေါ်သန္တာလင်း
(ကထိက၊ အနုပညာတက္ကသိုလ်)


မဝတ်ရည်လှိုင်
(အနုပညာဦးစီးဌာန)

**ဖျော်ဖြေရေးကဏ္ဍ၊ ပန်းချီရေးဆွဲခြင်းကဏ္ဍ၊ ပညာပေးကဏ္ဍဟူ၍ ကဏ္ဍသုံးခုနှင့်ဆောင်ရွက်နေသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ အနုပညာလုပ်ရှားမှု အစီအစဉ်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ( ရန်ကုန်)၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ အမျိုးသားပြတိုက် (ရန်ကုန်)နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ မသန်စွမ်းကလေးငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အောင်မြင်စွာကျင်းပ ပြီးစီးခဲ့ပြီဖြစ်သည်။ ယင်းကြောင့် ပွဲတော်တွင်းလာရောက်ကြည့်ရှုသူ ပြည်သူအများ စိတ်အပန်းဖြေ အသိပညာကြွယ်ဝရေး ရည်ရွယ်ကာ ဖျော်ဖြေပေးခဲ့ကြသည့် အနုပညာ၊ အတတ်ပညာရှင်များ၏ ပီတိစကားသံများကိုလည်း ပွဲတော်အမှတ်တရစကားများအဖြစ် ပြန်လည်ရေးသားဖော်ပြလိုက်သည်။**

**ဦးလှိုင်ဝင်းမောင်( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**အနုပညာဦးစီးဌာန၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

ဒီပွဲတော်မှာ ကျွန်တော်တို့က ယဉ်ကျေးမှုအခန်းကဏ္ဍကနေ ပါဝင်ပြသခြင်း ဖြစ်တယ်၊ ယဉ်ကျေးမှုဆိုတာက နိုင်ငံရဲ့ မျက်နှာစာပါ၊ ဖျော်ဖြေပွဲတွေကနေတစ်ဆင့် လူငယ်တွေရဲ့ စိတ်ထဲမှာ တို့လူမျိုးမှာ ဒီလိုယဉ်ကျေးမှုတွေ ရှိတယ်ဆိုတဲ့ အသိအမြင်တွေ ရရှိသွားမှာ ဖြစ်တယ်၊ ရရှိမယ်လို့လဲထင်ပါတယ်၊ နောက် ကျေနပ်စရာလေးတစ်ခုရှိတယ်၊ မနေ့က ဆရာမတစ်ယောက် စိန်လက်ကောက်လေး ကျပျောက်သွားတယ်၊ ဒါကိုကောက်ရတဲ့ ကလေးမလေးတစ်ယောက်က စိန်လက်ကောက်ကို ပြန်လာအပ်ပါတယ်၊ လာပြန်အပ်သူလေးတွေက တက္ကသိုလ်ကျောင်းသူလေးတွေ ဖြစ်နေတယ်၊ အဲဒါကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့လူမျိုးတွေရဲ့ စာရိတ္တမဏ္ဍိုင်က ကောင်းနေတယ်ဆိုတာကို လူငယ်တွေက သက်သေပြလိုက်တာဖြစ်ပါတယ်၊ ဒါ ဒီပွဲမှာ အမှတ်တရလေးပါ၊ ကျွန်တော်တို့ လူမျိုးတွေဟာ ယဉ်ကျေးမှုမြင့်မားသလို စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကောင်းမွန်တာကိုတွေ့ရပါတယ်၊ အဓိကကတော့ ဒီပွဲတော်ဟာ လူငယ်တွေကို အသိအမြင်ပိုပြီးတော့ ကျယ်သွားစေသလို ကိုယ့်နိုင်ငံကိုချစ်ပြီး မိမိကိုယ်ကို တိုးတက်အောင် ကြိုးစားချင်တဲ့စိတ်တွေ ရှိလာစေတယ်လို့ ယုံကြည်ပါတယ်။

**ဇေယျာလင်း**
**(အနုပညာရှင်-၁)**

ဒီလို ပွဲမျိုးတွေကျင်းပတာဟာ လူငယ်တွေအတွက် အများကြီး အထောက်အကူပြုတယ်လို့ ထင်တယ်၊ လူငယ်တွေအတွက် အတွေ့အကြုံတွေ၊ ဗဟုသုတတွေ ဖလှယ်ခွင့်ရပါတယ်၊ တင်ဆက်ခွင့်၊ လေ့လာခွင့်တွေ ရပါတယ်၊ မျိုးဆက်သစ်လူငယ်တွေအတွက် အလွန်ကောင်းမွန်တဲ့ ပွဲတော်တစ်ခုပါ၊ နောင်လည်း ဒီလိုပွဲမျိုးတွေ အများကြီးလုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်သန္တာလင်း**
**(ကထိက၊ အနုပညာတက္ကသိုလ်)**

အခုလို အနုပညာ၊ စာပေကဏ္ဍနဲ့ အားကစားကဏ္ဍပါမကျန် ဘက်စုံ၊ ကဏ္ဍစုံမှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးမှာ ကျွန်မချစ်တဲ့ အနုပညာနဲ့ တစ်တောင့်တစ်နေရာက ပါဝင်ခွင့်ရလို့ ဝမ်းသာပါတယ်၊ ပြီးတော့ ဒီပွဲတော်ကြီးဟာ အောင်မြင်တယ်လို့ မြင်ပါတယ်၊ လာရောက်တဲ့ ပရိသတ်တွေကို အပြင်ထွက်ပြီး လေ့လာတော့ စိတ်ပါဝင်စားစွာနဲ့ အိုင်တီနည်းပညာ ပြခန်းတွေကိုလေ့လာနေကြတာတွေ့ရတယ်၊ အနုပညာကိုလည်း အမြတ်တနိုး လာရောက်ကြည့်ရှုကြတာတွေ့ရတယ်၊ နောက်နှစ်တွေမှာလည်း ပွဲတော်ကြီးကို ပြုလုပ်စေချင်ပါတယ်။

**မဝတ်ရည်လှိုင် (အနုပညာဦးစီးဌာန)**

ညီမက ဒီနေ့ဖျော်ဖြေပွဲမှာ ရုပ်သေးရုပ်လေးတွေနဲ့ ကပြရမှာပါ၊ ဒီရုပ်သေးရုပ်ပညာဆိုတာ ဟိုးအရင်ကတည်းက ရှိခဲ့တဲ့ မြန်မာ့သုခုမပညာတစ်ရပ်ပါ၊ အခုလို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ရုပ်သေးရုပ်လေးတွေနဲ့ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ နောက်နှစ်မှာလည်း အခုလို လူငယ်ပွဲလေးတွေ လုပ်ပေးဖို့ အကြံပြုချင်ပါတယ်၊ အနုပညာဝါသနာပါတဲ့ လူငယ်တွေအနေနဲ့ ရန်ကုန်၊ မန္တလေးမြို့တွေမှာ လာရောက် သင်တန်းတက်ကြဖို့ ဖိတ်ခေါ်ပါတယ်၊ အနုပညာကို ချစ်ခင်မြတ်နိုးပေးကြပါလို့ ပြောချင်ပါတယ်၊ အခုလို ပွဲတော်ကျင်းပပေးတဲ့အတွက် ကျွန်မတို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ အားလုံးရဲ့ကိုယ်စား ဝမ်းသာကျေးဇူးတင်ပါတယ်လို့ ပြောပါရစေရှင်။

**မဇင်ဝေသိမ့်( ရခိုင်တိုင်းရင်းသူ)**
**အနုပညာဦးစီးဌာန**

ဒီလိုလူငယ်ဘက်စုံပွဲတော်မှာ ပါဝင်ခွင့်ရတာမို့ အများကြီး ဂုဏ်ယူပါတယ်၊ နောက်နှစ် ဒီလိုအချိန်မှာလည်း ဒီလိုပွဲတော်ကြီးမှာ ညီမတို့လို လူငယ်တွေအားလုံးနဲ့ ပြန်လည်ဆုံတွေ့ချင်ပါတယ်ရှင်။

**မဟေမာဦး(အနုပညာဦးစီးဌာန)**

ဒီပွဲကလူငယ်တွေအတွက် အများကြီးဗဟုသုတရတယ်ဆိုတာတွေ့ရတယ်၊ ကဏ္ဍတွေကလည်းစုံတော့ လူငယ်တွေ စိတ်ဝင်စားမှုများတာ တွေ့ရတယ်၊ ဒါ့ကြောင့်လည်း ဒီလိုပွဲမျိုးတွေ လူငယ်တွေနဲ့ သက်ဆိုင်တဲ့ပွဲတွေကို နောက်နှစ်တွေမှာလည်း ပြုလုပ်မယ်ဆိုရင် ပါဝင်ခွင့်ရချင်ပါသေးတယ်။

**မမြင့်မြင့်မာ(အနုပညာဦးစီးဌာန)**

ဒီပွဲတော်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ အကတွေ၊ ယဉ်ကျေးမှုတွေ၊ ရိုးရာဓလေ့တွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတော့ အသိအမြင်တွေလည်း ကြွယ်ဝမယ်၊ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး အသိပညာ ဖွံ့ဖြိုးလာမယ်၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ပပျောက်မှာ မဟုတ်တော့ဘူးလို့လည်း ယုံကြည်ပါတယ်၊ ပွဲတော်ကိုလာပြီး တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ လေ့လာနေကြတာ တွေ့ရတော့ ဝမ်းသာပီတိ ဖြစ်ရပါတယ်၊ ဒီလိုပွဲတော်တွေ အမြဲကျင်းပနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**မောင်မျိုးသူရလွင်**
**ဒုတိယနှစ်(အကသင်တန်း) အနုပညာအထက်တန်းကျောင်း**

ကျွန်တော်က သူငယ်တော်အကနဲ့ ဖျော်ဖြေပေးခဲ့တာပါ၊ ဝမ်းသာပါတယ်၊ ဒီပွဲတော်ကြီးကို ပြုလုပ်ပေးတဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ ကဏ္ဍတစ်ခုမှာ တစ်ယောက်တစ်မျိုးစီ ပါဝင်ခွင့်ရတဲ့အတွက် ပျော်ရွှင်ရတယ်၊ နောက်နှစ်တွေမှာလည်း ဒီပွဲတော်ကြီး ပြုလုပ်ပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ**
**ဓာတ်ပုံ-အေးမင်းသူ**


မဟေမာဦး
(အနုပညာဦးစီးဌာန)


မဇင်ဝေသိမ့်( ရခိုင်တိုင်းရင်းသူ)
အနုပညာဦးစီးဌာန


မမြင့်မြင့်မာ
(အနုပညာဦးစီးဌာန)


မောင်မျိုးသူရလွင် ဒုတိယနှစ်(အကသင်တန်း)
အနုပညာအထက်တန်းကျောင်း

# စာပေဗိမာန် ရှားပါးစာအုပ်များ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြသထား

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တက္ကသိုလ်၌ သုံးရက်တာ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်က ၁၉၅၀ ပြည့်နှစ် ဝန်းကျင်က ထုတ်ဝေခဲ့သော ထင်ရှားသည့် ရှားပါးစာအုပ်များကို ပြခန်းတွင်ပြသထားသည်။

"ထင်ရှားတဲ့ စာရေးဆရာကြီးတွေဖြစ်ကြတဲ့ မောင်ထင်၊ တက်တိုး၊ မင်းယုဝေ၊ ဇော်ဂျီစတဲ့ စာရေးဆရာကြီး ၁၀၀ ကျော်ရဲ့ ရှားပါးလက်ရာတွေ ပါဝင်ပါတယ်၊ စာပေအမျိုးအစားတွေကတော့ စာပေဗိမာန်မဂ္ဂဇင်းတွေ၊ မြန်မာ့စွယ်စုံ ကျမ်း၊ လူထုသိပ္ပံကျမ်း၊ နှစ် ၅၀ ကမ္ဘာ့ရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ သိပ္ပံရေးရာ၊ လူမှုရေးရာ၊ သယ်ယူပို့ဆောင်ရေးရာ အစရှိတဲ့ အပြင်မှာ တကယ်တမ်းရှာဖွေဖို့မလွယ်တော့တဲ့ စာပေအမျိုးအစားတွေဖြစ်ပါတယ်"ဟု စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၊ စာကြည့်တိုက်မှူး ဦးကျော်ခိုင်ဝင်းက ပြောသည်။

ယခု ခင်းကျင်းပြသထားသည့် စာအုပ်များတွင် စာပေဗိမာန်က ပြန်လည်ထုတ်ဝေရန် အစီအစဉ်မရှိသေးသည့် စာအုပ်များပါဝင်ကြောင်း သိရသည်။ ထို့ပြင် စာပေဗိမာန်က ကြီးမှူးကျင်းပသည့် စာတမ်းဖတ်ပွဲများမှ စာတမ်းများဖြစ်သည့် ဇာတိမာန်စာပေ စာတမ်း၊ ဘာသာပြန်စာတမ်း၊ ဂန္ထဝင်စာပေ စာတမ်း၊ မြန်မာ့ရည်ညွှန်းကျမ်း၊ သုတပဒေသာစာတမ်း၊ ဝတ္ထုရှည်စာတမ်း၊ ကလေးစာပေ၊ လူငယ်စာပေ၊ ခရီးသွားစာပေ စသည့် စာပေအစုံကိုလည်း ပြသထားကြောင်း သိရသည်။

"အခုပြသထားတဲ့ စာအုပ်တွေကို လာရောက်လေ့လာဖတ်ရှုလိုတဲ့ စာပေဝါသနာရှင်တွေအနေနဲ့ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်မှာ တနင်္လာနေ့ကနေ သောကြာနေ့အထိ နံနက် ၁၀ နာရီကနေ ညနေ ၄ နာရီခွဲအထိနဲ့ စနေနေ့မှာ နံနက်ပိုင်း နေ့ဝက်အထိ လာရောက်ဖတ်ရှုနိုင်ပါတယ်"ဟု စာကြည့်တိုက်မှူး ဦးကျော်ခိုင်ဝင်းက ဆက်လက်ပြောသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်ကိုလည်း ဖွင့်လှစ်ထားသည်။

အရောင်းတာဝန်ခံ ဦးထိန်လင်းက စာအုပ်အချို့ကို ၅၀ ရာခိုင်နှုန်း လျှော့ရောင်းပေးလျက်ရှိကြောင်း၊ လူငယ်တော်တော်များများက အင်္ဂလိပ်စကားပြော စာအုပ်နှင့် စာပေဗိမာန်က သချ်ာဉာဏ်စမ်းစာအုပ်များကို ဝယ်ယူမှုများကြောင်း ၊ ဘာသာပြန်ရည်ညွှန်း၊ မြန်မာ့စွယ်စုံကျမ်းအပြင် ကျောက်စာအကြောင်း ရေးသားထားသည့် စာအုပ်များကိုလည်း လေ့လာကြကြောင်း ပြောသည်။

ယနေ့သည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့ဖြစ်သည့်အားလျော်စွာ စာပေဝါသနာရှင်လူငယ်များ၊ လာရောက်လေ့လာသူလူငယ်များနှင့် စည်ကားလျက်ရှိသည်။

**သတင်း-ဥမ္မာ၊စန္ဒီ**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့ လှုပ်ရှားမှုပုံရိပ်များ



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ စာအုပ်ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ရောင်းချပေးရာ စာပေချစ်မြတ်နိုးသူများ၊ ကျောင်းသား ကျောင်းသူများ ဝယ်ယူအားပေးနေကြစဉ်။ သတင်းစဉ်



လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်လာ ကျောင်းသား ကျောင်းသူများ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် မုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်နေမှုကို တွေ့ရစဉ်။ သတင်းစဉ်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အနုပညာလှုပ်ရှားမှု ပြခန်းများ၌ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသားများ အမှတ်တရပုံတူပန်းချီ ရေးဆွဲပေးကြစဉ်။ သတင်းစဉ်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ ITနှင့် နည်းပညာဆိုင်ရာ လှုပ်ရှားမှုပြခန်းတွင် ပွဲတော်လာ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။ သတင်းစဉ်



လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်၌ ခေါင်းအုံးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသူများ စည်ကားများပြားစွာ တွေ့ရစဉ်။ သတင်းစဉ်





လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အနုပညာလှုပ်ရှားမှုတွင် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာနေကြစဉ်။ သတင်းစဉ်



လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အားကစားလှုပ်ရှားမှုအဖြစ် မြန်မာ့သိုင်းပြကွက် ပြသနေစဉ်။ သတင်းစဉ်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ အခရာအမျိုးသမီးများအသင်းက အမျိုးသမီးများအား လိင်အကြမ်းဖက်မှုကာကွယ်ရေးပြဇာတ် တင်ဆက်မှုကို ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ မြန်မာနိုင်ငံ ခြေလျင်တောင်တက် အဖွဲ့ချုပ်၏ အပျော်တမ်း တောင်တက်လေ့ကျင့်မှုပြကွက်ကို ပွဲတော်လာ ကျောင်းသားများ ပါဝင်ဆင်နွှဲနေကြစဉ်။ သတင်းစဉ်





# နေပြည်တော် ရွှေနန်းသွင်းစေတီတော်မြတ်ကြီး၌ ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော် ပျဉ်းမနားမြို့ အနောက်တောင်ဘက် ရာဇဌာနီလမ်းမကြီးအနီး လက်လုပ်တောင်တောရရှိ ရွှေနန်းသွင်းစေတီတော်မြတ်ကြီး၌ ယနေ့ နတ်တော်လပြည့် ညနေ ၆ နာရီတွင် ပထမအကြိမ် ဆီမီး ၁၀၀၀ ပူဇော်ခဲ့ကြောင်း သိရသည်။

"ယခင်နှစ်များစွာတုန်းက ဒီလက်လုပ်တောင်နေရာဟာ ညီညာတဲ့မြေမျက်နှာပြင်ရှိတယ်လို့ သိရတယ်၊ ယခုစေတီနေရာရဲ့ အရှေ့မြောက်ဘက် နှစ်မိုင်လောက်က မြေတွေကို လက်ခုပ်နဲ့ တစ်ရက်တည်းသယ်ဖို့ခဲ့လို့ လက်ခုပ်တောင်လို့ အမည်တွင်ခဲ့တယ်၊ ကာလရွေ့လျားလာတဲ့အခါ လက်လုပ်တောင်လို့ အမည်တွင်လာတယ်လို့ သိရတယ်၊ လက်လုပ်တောင်ပေါ်မှာ တည်ထားတဲ့ ရွှေနန်းသွင်းစေတီဟာ နေပြည်တော် ပျဉ်းမနားမှာရှိတဲ့ နာမည်ကျော်စေတီဘုရားတွေလို အထင်ကရ စေတီတစ်ဆူ ဖြစ်ပါတယ်" ဟု လက်လုပ်တောင် တောရကျောင်းမှ ဘဒ္ဒန္တခေမာစာရ က ပြောကြားသည်။

"ရွှေနန်းသွင်းစေတီတော်မြတ်ကြီးကို အခုလို နတ်တော်လပြည့်နေ့မှာ ဆီမီး ၁၀၀၀ ပူဇော်ရတာ အင်မတန် ကုသိုလ်ထူးပါတယ်၊ စတုဒိသာလည်း စုံစုံလင်လင် ကျွေးမွေးပါတယ်၊ နောင်နှစ်တွေမှာလည်း အခုလို ဆီမီး ၁၀၀၀ ပူဇော်ပွဲတွေ ဆက်တိုက်လုပ်ဆောင်သွားပါမယ်" ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဘိုဘိုက ပြောကြားသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (တေးဂီတ) ဦးတိုးကျော်နှင့် အကဲဖြတ်ဒိုင်များဖြစ်သော တက္ကသိုလ်ဒေါ်လဲ့လဲ့၊ တေးရေးမြင့်မိုးအောင်၊ ဒေါ်ထားနှင့် တေးရေး မင်းချစ်သူတို့က လာရောက်ပြောကြား ကြေညာပေးခဲ့သည်။

Grand Final ပွဲတွင် ပြိုင်ပွဲဝင်များ၏ သီဆိုမှုများအပြင် နိုင်ငံကျော် အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်သည်။ ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၀၊ တတိယဆု ငွေကျပ် သိန်း ၁၀၀၊ စတုတ္ထဆု ငွေကျပ် သိန်း ၅၀ တို့ ဖြစ်ပြီး Level-3 သို့ တက်လှမ်းလာသည့် ပြိုင်ပွဲဝင် ၁၁ ဦးထဲမှ ကျန် ခုနစ်ဦးသည် နှစ်သိမ့်ဆုများအဖြစ် တစ်ဦးလျှင် ငွေကျပ် သိန်း ၃၀ စီ ရရှိမည်ဟု သိရသည်။

### ပြိုင်ပွဲများ ကျင်းပ

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ မြို့နေရာများ သတ်မှတ်ကာ ပြိုင်ပွဲများကို ကျင်းပပေးခဲ့သည်။

### တိုက်ရိုက် ကြည့်ရှုနိုင်

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်သည်။

### ပရဟိတလုပ်ငန်းများ ဆောင်ရွက်

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို သတ်မှတ်မြို့များ၌ ကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုနှင့် စေတနာရှင် အလှူရှင်များက ပြိုင်ပွဲကျင်းပရာမြို့များရှိ တိုက်ပွဲရှောင်(ယာယီ)စခန်းများ၊ I DP စခန်းများ၊ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးပြုစုစောင့်ရှောက်ရေး ဂေဟာများနှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာ နေရာဌာနများသို့လည်း သွားရောက်၍ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချီကိုဟန်**

# ရန်ကုန်မြို့ပတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ တာဝန်ရှိသူများနှင့် အတူ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ပတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ရန်ကုန်မြို့ပတ်လမ်းပိုင်း အတွင်းရှိ ရှမ်းလမ်းဘူတာသို့ ရောက်ရှိလာပြီး ဘူတာဝန်းကျင်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် နေရာနှင့် ဘူတာယာဒ်ဝင်းများ အုတ်တံတိုင်း တည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကြည့်မြင်တိုင်ဘူတာသို့ ရောက်ရှိပြီး ကိုးချောင်းဆက် သံလမ်းများ ဆောင်ရွက်နေမှုနှင့် နှုန်းလွန် အသံလှိုင်းသုံး ချွတ်ယွင်းချက်ရှာဖွေသော ကိရိယာဖြင့် ဆက်ပြီးသံလမ်းများအား



စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟံသာဝတီဘူတာ၌ ဘူတာပလက်ဖောင်း မြှင့်တင်ထားရှိမှု၊ ဘူတာအဆောက်အအုံ ပြုပြင်မွမ်းမံမည့် အခြေအနေ၊ သမိုင်းမြို့သစ်ဘူတာအနီး ဈေးတည်ဆောက်မည့် မြေနေရာနှင့် ရထားလမ်းတစ်လျှောက် အုတ်တံတိုင်း တည်ဆောက်မည့်နေရာ၊ အင်းစိန်ဘူတာ အနီး မြန်မာ့မီးရထားပိုင် ဘောလုံးကွင်း ပွဲကြည့်စင် ပြန်လည်မွမ်းမံနေမှု အခြေအနေ၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးအတွက် အင်းစိန်ယာဒ်ဝန်းအတွင်း ကျောက်များစုပုံထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းရုံးမှ စီမံကိန်း တာဝန်ခံများက မြို့ပြအင်ဂျင်နီယာလုပ်ငန်း၊ ဆက်သွယ်ရေးပိုင်းဆိုင်ရာ လုပ်ငန်း၊ စက်ခေါင်းသစ်နှင့် တွဲသစ်များ ဝယ်ယူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကာလအမီ လုပ်ငန်းများပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ ဆောင်ရွက်ရေး၊ လုပ်ငန်းများ အန္တရာယ်ကင်းရှင်းရေးနှင့် ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ တွေ့ဆုံ

မန္တလေး ဒီဇင်ဘာ ၃

**မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက တိုင်းဒေသကြီး လွှတ်တော်ရုံး သဘင်ဆောင်၌ ကျင်းပသည်။**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးက ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

ဆက်လက်၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သော ဒေါက်တာစိုးသန်းနှင့် ဦးမျိုးသစ်တို့က တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရေးရာ ကော်မတီ ၁၄ ခု၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လွှတ်တော်ရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခက်အခဲများ၊ အစီအစဉ်များကို ဆွေးနွေးခဲ့ကြမှုအပေါ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

## ရခိုင်ပြည်နယ်သတင်း

# စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၃**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မင်းသူရိယခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားရာတွင် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေနှင့် မသန်စွမ်းသူများ သန်စွမ်းသူများကဲ့သို့ တန်းတူအခွင့်အရေးရရှိရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို အလေးဂရုပြုစေရန်၊ မသန်စွမ်းသူများ၏ စိတ်ဓာတ်အင်အားများ မြင့်မားလာစေရန် လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်



ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။

တို့မှ ပူးပေါင်းထုတ်ပြန်ခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ ၂၀၁၁ အရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကျော် မသန်စွမ်းမှု တစ်မျိုးမျိုး ခံစားရကြောင်း၊ မသန်စွမ်းသူများ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ ပညာရေးစသည့် အခွင့်အလမ်းများကို အများနည်းတူ အလွယ်တကူ လက်လှမ်းမီရရှိခံစားမှု နည်းပါးခြင်း ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခြင်း၊ အလုပ်လက်မဲ့နှုန်း မြင့်မားခြင်း၊ ဝင်ငွေ မလုံလောက်ခြင်းတို့ ကြုံတွေ့နေရကြောင်း ပြောကြားသည်။

အဆိုပါ အခြေအနေဆိုးများ လျှော့ချနိုင်စေရန် မသန်စွမ်းသူတိုင်း အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံး ညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်ရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါ ဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကုလသမဂ္ဂ ကွန်ဗင်းရှင်းအား ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့ကြောင်း ဆက်လက်ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရကျောင်းသား ကျောင်းသူများကို ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ ပြည်နယ် စာရင်းစစ်ချုပ် ဒေါ်ယဉ်လှနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အပြင် ရခိုင်ပြည်နယ် စစ်တွေမြို့မေတ္တာဝတီ မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသက်လှိုင်ထွန်းက ဆုများချီးမြှင့်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



ဒီဇင်ဘာ ၃ ရက်က ထိုင်းနိုင်ငံ၏ အမျိုးသားနေ့ နတ်ရွာစံ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မွေးနေ့နှင့် **Thailand's Father Day** အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၉၁ ပြည်လမ်းရှိ ထိုင်းနိုင်ငံသံအမတ်ကြီး နေအိမ်၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်ဇနီး ဒေါ်စန္ဒာလွင်တို့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး **H.E.Mr. Jukr Boon-Long** နှင့်ဇနီး ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် CHINA HARBOUR ENGINEERING COMPANY LTD ဒုတိယဥက္ကဋ္ဌ Mr. Ir Wang Ba ဦးဆောင်သည့်အဖွဲ့အား ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် National Development and Reform Commission (NDRC) and Administraor of National Energy Administration (NEA) ,Vice Administrator Mr.Nur Bekri ဦးဆောင်သည့်အဖွဲ့အား ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် National Development and Reform Commission (NDRC) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**သတင်းစဉ်**



# စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုင်ရာ ၂၀၃၀ အစီအစဉ်ကို ဖော်ဆောင်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃

**အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။**

**မသန်စွမ်းသူများ၏အကျိုး ဖော်ဆောင်**

ပြည်ထောင်စုဝန်ကြီးက နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ပြုကျင်းပခဲ့သည်မှာ (၂၄) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ Transformation towards sustainable and resilient society for all (စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသော လူ့ဘောင်သို့ အားလုံးပါဝင်ပြောင်းလဲစို့) ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်၍ အစဉ်အလာအရ ကျင်းပခြင်းထက် ပိုပြီး အဓိပ္ပာယ်ရှိပါကြောင်း၊ ကမ္ဘာ့လူဦးရေ၏ တစ်ဘီလီယံကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရပြီး လူ့အသိုက်အဝန်းတွင် အပြည့်အဝပါဝင်ဆောင်ရွက်ခွင့် ဆုံးရှုံးနေသည်ကို တွေ့ရှိရပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသော တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာရရှိစေရေး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သင်တန်းကျောင်းအခြေပြုအဖြစ် မသန်စွမ်းသင်တန်းကျောင်းရှစ်ကျောင်းဖွင့်လှစ်၍ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးစောင့်ရှောက်ရန်လိုအပ်သော ဉာဏ်ရည်မသန်စွမ်း အပါအဝင် မသန်စွမ်းသူများအတွက် အထူးပညာရေးစနစ်များ ဖော်ဆောင်ခြင်း၊ ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖန်တီးခြင်း၊ လူထုအား အသိပညာပေးခြင်းစသည့် လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းကိုလည်း ရပ်ရွာအခြေပြုလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်**

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကိုလည်း ယခုရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်သည့် လုပ်ငန်း အစီအစဉ်များကိုလည်း ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အပြုအမူပိုင်းဆိုင်ရာ ပြဿနာရှိခြင်း၊ ခန္ဓာကိုယ်၊ ဉာဏ်ရည် မသန်စွမ်းမှုရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းတို့ကို ခံစားရနိုင်ခြေရှိသော မွေးစမှ အသက်ငါးနှစ် အထိရှိသော ကလေးများကို ဖော်ထုတ်ကာ မိသားစုများအတွက် ဝန်ဆောင်မှုပေးမည့် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (Early Childhood Intervention-ECI) စနစ် ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရသစ်၏ ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို ချမှတ်ထားရှိပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ထို့အပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်၍ ယခုလအတွင်း ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ကျင်းပသွားမည် ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ ၂၀၃၀ အစီအစဉ်ကို ဖော်ဆောင်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် လူသားအားလုံး အကျုံးဝင်ပေါင်းစည်းပါဝင်နိုင်မှသာ အောင်မြင်မှု အပြည့်အဝရရှိမည်ဖြစ်ကြောင်း၊ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ်မနေရန်မှာ အရေးကြီးကြောင်း၊ ယနေ့ရင်ဆိုင် တွေ့ကြုံနေရသော စိန်ခေါ်မှုများကို ပူးတွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းကူညီခြင်း၊ ပေါင်းစပ် ညှိနှိုင်းခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှု အကျုံးဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ ပြည့်မီစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ်က ဖတ်ကြားပြီး မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ စွမ်းဆောင်မှု ထူးချွန်ဆုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထူးဂုဏ်ပြုဆုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လည်းကောင်း၊ လူတိုင်းအကျုံးဝင် ပညာရေးအကောင်အထည်ဖော် ဆောင်ရွက်မှု ထူးချွန်ဆုကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လည်းကောင်း၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အရေးဆိုင်ရာ ထူးချွန်ဆုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ မသန်စွမ်းသူများအတွက် မီဒီယာထူးချွန်ဆုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် မသန်စွမ်းကလေးများ၏ အကအဖွဲ့နှစ်ဖွဲ့က ကပြဖျော်ဖြေကာ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကူး၍ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**



# ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် သေဆုံးခဲ့သူများအတွက် လျော်ကြေးငွေပေးအပ်

**မင်းဘူး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဘုရားကျေးရွာအုပ်စု မန်းရွှေစက်တော်အနီး ဟန်ထက် ကျောက်မီးသွေးကုမ္ပဏီ ကျောက်မီးသွေးတွင်း၌ နိုဝင်ဘာ ၂၇ ရက်က ကျောက်မီးသွေးတွင်းပြိုကျမှုကြောင့် သေဆုံးခဲ့သူ မြန်မာအလုပ်သမား ခုနစ်ဦးအတွက် ဟန်ထက်ကုမ္ပဏီမှ လူမှုရေးထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် သိန်း ၇၀ ကို နိုဝင်ဘာလ နောက်ဆုံးပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျန်ရစ်သူ မိသားစုများအား လျော်ကြေးငွေပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက "မြို့နယ်အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့ အလုပ်သမားဥပဒေနဲ့အညီ တွက်ချက်ပြီး ကုမ္ပဏီက တစ်ဦးလျှင် ငွေကျပ် လေးသိန်းခွဲ အလုပ်သမား ခုနစ်ဦးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ဖွင့်လှစ်ထားတဲ့ ဘဏ်အကောင့်ထဲကို လျော်ကြေးငွေ ပေးသွင်းစေပြီး ဌာနကတစ်ဆင့် သက်ဆိုင်သူတွေကို ချက်စ်လက်မှတ်နဲ့ ပေးအပ်သွားမှာဖြစ်ပါတယ်၊ အဲဒါက အလုပ်သမားဥပဒေနဲ့အညီ သွားတာဖြစ်ပါတယ်" ဟု ပြောသည်။

ကုမ္ပဏီဘက်က သီးခြားလူမှုရေးထောက်ပံ့ငွေအဖြစ် လုပ်ငန်းခွင်တွင် သေဆုံးခဲ့သည့် အလုပ်သမား ခုနစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀ ကို ကျန်ရစ်သူမိသားစုများထံ ပေးအပ်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့် ဆေးရုံတက်ရောက်ကုသနေသည့် လေးဦးအား ဆေးဝါးကုသပေးနေကာ ထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

**ဖိုးပြည့်(မင်းဘူး)**

# တနင်္သာရီ၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

# မလှိုင်မြို့ရှိ အောင်မိသားစု ဝါကြိတ်လုပ်ငန်းဂိုဒေါင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်၍ မီးလောင်

**မလှိုင် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရပ်ကွက်ကြီး ၂ နယ်မြေ ၁၀ ၌ ဒီဇင်ဘာ ၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က လျှပ်စစ်ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ အောင်မိသားစု ဝါကြိတ်လုပ်ငန်းအတွင်း လျှပ်စစ်ဝိုင်ယာရှော့မှ တစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့ရာ မလှိုင်မြို့ မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇေယျာအောင် ဦးစီးသောမီးသတ်တပ်ဖွဲ့ဝင်များ၊ မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ လူမှုကူညီရေးအဖွဲ့ဝင်များ၊ ပူးပေါင်း၍ မီးသတ်ယာဉ် လေးစီး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ ရေသယ်ယာဉ်တစ်စီးတို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ဦးနောင်နောင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ရန်ကုန်သို့သွားမည့် ခရီးသည်တင်ယာဉ်ပေါ်မှ တရားမဝင်ကန့်သတ်ကုန်များ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၈၁ စီး၊ သွင်းကုန် ၉၉၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိပါသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်က ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးအား မရမ်းချောင်အမြဲတမ်းစစ်ဆေး ရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်း ဖြစ်သော ကြွေ့တီယို (1 ×25kg) 24 Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၂ သန်းခန့်အား စစ်ဆေးတွေ့ရှိရ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ကြွေ့တီယို။

# စာသင်ကြားနေသော ကျောင်းသားတစ်ဦးအား လူလေးဦးက စာသင်ဆောင်အတွင်း ဝင်ရောက်၍ ရိုက်နှက်မှုဖြစ်ပွား

**မကွေး ဒီဇင်ဘာ ၃**

မကွေးမြို့ရှိ ဘော်ဒါဆောင်တစ်ခုတွင် စာသင်ကြားနေသော ကျောင်းသားတစ်ဦးအား လူလေးဦးက ဝင်ရောက်ရိုက်နှက်ခဲ့မှုနှင့်ပတ်သက်၍ ဘော်ဒါဆောင်ပိုင်ရှင်က ဝင်ရောက်ရိုက်နှက်သူများအား ဒီဇင်ဘာ ၂ ရက်က အမှုဖွင့်တိုင်ကြားခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သုခမိန်ဘော်ဒါဆောင်ပိုင်ရှင် ဦးကျော်မျိုးဝင်းသည် ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီက ၎င်း၏ စာသင်ဆောင်အတွင်း၌ ကျောင်းသား ကျောင်းသူ ၅၀ ခန့်အား စာသင်ကြားနေစဉ် နေမျိုးခိုင် (အသက်-စုံစမ်းဆဲ) ၁၁ လမ်း ရန်ကျော်ရပ် မကွေးမြို့နေသူနှင့် လူငယ်သုံးဦးတို့သည် တုတ်၊ ဓားများ ကိုင်ဆောင် ဝင်ရောက်လာသဖြင့် ဦးကျော်မျိုးဝင်းက မေးမြန်းတားမြစ်သော်လည်း လက်မခံဘဲ စာသင်ဆောင်အတွင်း အတင်းဝင်ရောက်ကာ မောင်အံ့မင်းညို (၁၇နှစ်) သုခမိန်ဘော်ဒါ ၁၀ တန်း ကျောင်းသား (၁)လမ်း ဆားစည့်ရပ်ကွက် မကွေးမြို့နေသူအား တုတ်နှင့်ရိုက်နှက်သဖြင့် မောင်အံ့မင်းညိုမှာ ဒဏ်ရာများရရှိခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ လူများရောက်ရှိလာမှသာ နေမျိုးခိုင်ပါလေးဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိခဲ့သော မောင်အံ့မင်းညို အား ရဲဆေးစာဖြင့် မကွေးပြည်သူ့ဆေးရုံသို့ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ကြောင်း တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မကွေးနယ်မြေ ရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **ကျော်ဇေယျ**

# မြင်းခြံမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲသူအား ငွေကျပ်ခုနစ်သိန်းကျော်တန်ဖိုးရှိ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ




**မြင်းခြံ ဒီဇင်ဘာ ၃**

မြင်းခြံမြို့တွင် တစ်ရက်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူအား ငွေကျပ်ခုနစ်သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကွင်းဆက်ရောင်းချသူအား ဆက်လက်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့တွင် နိုဝင်ဘာ ၃၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ရဲအုပ် အောင်ကျော်ဦးနှင့် ပူးပေါင်းအဖွဲ့သည် မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာအုပ်စု လယ်သစ်ကျေးရွာရှိ NOBLE စားသောက်ဆိုင် ဆိုင်မန်နေဂျာ ဦးမြင့်ထွန်းအောင်အား ခေါ်ဆောင်၍ အခန်းအမှတ် ၂ အတွင်း ရှာဖွေခဲ့သည်။

ထို့သို့ရှာဖွေစစ်ဆေးရာ အခန်းအတွင်း၌ မြင်းခြံမြို့အမှတ် ၁၃ ရပ်ကွက်နေ ဇော်လှိုင်ဖြိုး(ခ)ကိုဖြိုး(၂၀နှစ်) အား တွေ့ရှိခဲ့ပြီး ၎င်းစားသောက်နေသည့် စားပွဲပေါ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅ ပြား ထည့်ထားသည့် အိတ်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိခဲ့သည်။ ၎င်းအား စစ်ဆေးချက်အရ မြင်းခြံမြို့အမှတ် ၁၃ ရပ် မင်းကျောင်းဝန်းနေ မင်းကိုဦး(ခ)ကိုမင်း ဆိုသူထံမှဝယ်ယူခဲ့ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဇော်လှိုင်ဖြိုး (ခ) ကိုဖြိုး(**ဝဲပုံ**)နှင့် မင်းကိုဦး(ခ)ကိုမင်းတို့အား မြင်းခြံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ဓာတ်မြေဩဇာဖိုးငွေ လိမ်လည်ကောက်ခံသူနှစ်ဦးအား ဖမ်းဆီးရမိ

**မလှိုင် ဒီဇင်ဘာ ၃**

မလှိုင်မြို့နယ် နွားကန် နယ်မြေရဲစခန်းတွင် ဓာတ်မြေဩဇာဖိုးငွေ လိမ်လည်ကောက်ခံသူနှစ်ဦးအား ကုမ္ပဏီရုံးချုပ်၏ စေခိုင်းမှုဖြင့် အမှုဖွင့်တိုင်တန်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၃၀ ရက်က မလှိုင်မြို့ အမှတ် ၆ ရပ်နေ ရာဇတံခွန် ကုမ္ပဏီမန်နေဂျာ ဦးကိုကိုဇော် ကုမ္ပဏီရုံးခွဲ၌ရှိနေစဉ် မလှိုင်မြို့နယ် ရွှေတံခါး ကျေးရွာမှ ဦးပေါ်ထူးက ဖုန်းဆက်၍ ရာဇတံခွန် ကုမ္ပဏီဝန်ထမ်းနှစ်ဦး ကုမ္ပဏီမှ ရောင်းချထားသော ကမ္ဘာကျော် ဓာတ်မြေဩဇာဖိုး ငွေများအား လာရောက်ကောက်ခံနေကြောင်း ပြောပြသိရှိ၍ ထပ်မံစုံစမ်းမေးမြန်းရာ ငွေကြေး လာရောက်ကောက်ခံနေသူ နှစ် ဦးမှာ မုံရွာမြို့နယ် ရာဇတံခွန်ကုမ္ပဏီ ရုံးခွဲတွင် လုပ်ကိုင်နေသော ဆန်းလင်းအောင်နှင့် သီဟဗလ ဆိုသူတို့ဖြစ်ကြောင်း၊ ရာဇတံခွန်ကုမ္ပဏီရုံးချုပ်သို့ ဆက်သွယ်မေးမြန်းရာ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများသို့သာ ဓာတ်မြေဩဇာဖိုးငွေများ ကောက်ခံရန် စေခိုင်းထားကြောင်း၊ နီးစပ်ရာ ရဲစခန်းတွင် အမှုဖွင့်ရန် စေခိုင်းသဖြင့် မလှိုင်မြို့ ရာဇတံခွန် ကုမ္ပဏီမန်နေဂျာ ဦးကိုကိုဇော်က မလှိုင်မြို့နယ် နွားကန် နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓာတ်မြေဩဇာဖိုးငွေ လိမ်လည်သူနှစ်ဦးအား မလှိုင်မြို့နယ် နွားကန်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ဘိုဘို(မလှိုင်)**

# ရေလုပ်သားတစ်ဦး ရေလုပ်ငန်းမလုပ်နိုင်ဘဲ ထွက်ပြေးရာမှ အအေးမိသေဆုံး

**ရေး ဒီဇင်ဘာ ၃**

မွန်ပြည်နယ် ရေးမြို့နယ် ကပ္ပလီပင်လယ်ပြင် ဝါးကျွန်းအနောက်ဘက် ရေမိုင် ၄၀ ခန့်တွင် ဒီဇင်ဘာ ၂ ရက် ညက ငါးဖမ်းစက်လှေပိုင်ရှင် ဦးသိန်းစိုး ငါးဖမ်းလှေမှ ရေလုပ်သားတစ်ဦး ရေလုပ်ငန်းမလုပ်နိုင်၍ ထွက်ပြေးရာမှ အအေးမိသေဆုံးခဲ့ကြောင်း သိရသည်။

ငါးဖမ်းစက်လှေနှင့် အနီးရှိသည့် ကျားဖောင်ပေါ်မှ ရေလုပ်သား မျိုးလေးက ရေလုပ်ငန်းကိုမလုပ်နိုင်သဖြင့် တစ်ဦးတည်း ဘော့သီးနှစ်လုံးဖြင့် ပင်လယ်ထဲသို့ ခုန်ချထွက်ပြေးရာမှ ရှာဖွေတွေ့ရှိပြီး အသက်အန္တရာယ်စိုးရိမ်ရသည့်အတွက် ဆိပ်ကမ်းသို့ သယ်ဆောင်လာစဉ် ည ၈ နာရီက အအေးမိသေဆုံးသွားခဲ့ကြောင်း အမှုစစ် ရဲအရာရှိတစ်ဦးက ပြောသည်။

သေဆုံးသူ ရေလုပ်သား မျိုးလေးအား ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပြင်ပဒဏ်ရာ မတွေ့ရှိရဘဲ အအေးမိသေဆုံးခြင်းသာဖြစ်ပြီး ၎င်းမှာ ရေလုပ်ငန်းရှင်ထံမှ ကြိုတင်ငွေကျပ်ငါးသိန်းထုတ်ယူထားကာ လုပ်ရက် ၁၈ ရက်သာ ရှိသေးကြောင်း၊ ယခုလိုထွက်ပြေးရာမှ သေဆုံးခြင်းဖြစ်ကြောင်း အမှုစစ်ရဲက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေးမြို့မရဲစခန်းက မျိုးလေးအား ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေ

**မတ္တရာ ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လမိုင်းကျေးရွာအုပ်စု ကျောက်တံတားကျေးရွာ၌ ဒီဇင်ဘာ ၂ ရက် ညနေ ၆နာရီခွဲက အမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း သိရသည်။

မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာနေ ဦးနေစိုးထွန်း(ခ)စိုးကြီး တောင်သူလုပ်ကိုင်သူသည် ကြားကျေးရွာမှ စပါးရိတ်ပြီး နေအိမ်သို့ပြန်လာစဉ် နေအိမ်တဲအတွင်း၌ ဇနီးဖြစ်သူ မလှိုင်မာဝင်း (၂၉)နှစ် (ကိုယ်ဝန် ခုနစ်လခန့်)ရှိသူသည် ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် မတ္တရာမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

တာဝန်ရှိသူများ စစ်ဆေးချက်အရ သေဆုံးသူ၏ လည်ပင်းတွင် ဝတ်ဆင်ထားသော တစ်ကျပ်သားခန့် ရွှေဆွဲကြိုးနှင့် ဝဲဘက်လက်သန်းတွင် ဝတ်ဆင်ထားသော တစ်မတ်သားခန့် ရွှေလက်စွပ်တစ်ကွင်းတို့မှာ ပျောက်ဆုံးနေပြီး နေအိမ်အရှေ့ဘက် ပေ ၂၀၀ ခန့်အကွာတွင် အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းကို မြေတွင်စိုက်လျက်တွေ့ရှိရကာ ဓားနှင့် ၁၂ ပေခန့်အကွာ ကုက္ကိုပင်အောက်တွင် သွေးစွန်းနေသော ကျားဝတ်အင်္ကျီတစ်ထည်နှင့် ပုဆိုးအသစ်တစ်ထည်တို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မတ္တရာမြို့မရဲစခန်းကအမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် ည ၁၁ နာရီက လောင်းလုံမြို့နယ် ကမြောကင်းကျေးရွာအုပ်စု သောကြာပြင် ကျေးရွာအမှတ် ၉၀ နေ မင်းမင်းထွန်း(ခ) မင်းမင်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ဝိန်းနားကျေးရွာအုပ်စု နမ့်ပေါ်ရေချောင်းအနီး၌ ကျော်ထူးမောင်အား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀ နှင့် ဘိန်းဖြူ ၁၃ ဂရမ်တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ကျောက်မဲမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် အောင်နေ (**အောက်ပုံ**) မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀ (ဘိန်းဖြူ အလေးချိန် ၁ ဒသမ ၁ ကီလို )၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းစိမ်း ၇ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်း ရရှိသည်။ **ကိုရဲ**



# အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲ ကျောက်ဆည်ခရိုင်အသင်း ဗိုလ်စွဲ

**မန္တလေး ဒီဇင်ဘာ ၃**

၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင် ခုနစ်သင်းမှ အသက် ၁၂ နှစ်အောက်နှင့် အသက် ၁၂ နှစ်အထက် အမျိုးသမီးငယ် ၁၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောက်ဆည်ခရိုင်အသင်းက ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲ၊ အသက် ၁၂ နှစ်အထက်နှင့် ၁၂ နှစ်အောက်ပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများကို တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီနာယကအဖွဲ့ဝင် ဒေါ်ခင်သောင်းစိုးနှင့် နာယကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဆုငွေများ၊ ပထမ၊ ဒုတိယနှင့် တတိယဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အသက် ၁၂ နှစ်အောက်ပြိုင်ပွဲနှင့် အသက် ၁၂ နှစ်အထက် ပြိုင်ပွဲတို့တွင် ပထမဆုနှင့် စုပေါင်းတံခွန်စိုက်ဆုရ ကျောက်ဆည်ခရိုင်အသင်းအား ပထမဆုဖလားများ၊ စုပေါင်းတံခွန်စိုက်ဆုဖလားတို့နှင့် ဆုငွေများကို တိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီနာယက ဒေါက်တာ ယုယုမေမှ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်ဖလား အမျိုးသား အမျိုးသမီး ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်ဖလား အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမ ONE အသင်း၊ ဒုတိယ ပြည်ထဲရေးအသင်း၊ တတိယ Sweety အသင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမ Rip City အသင်း၊ ဒုတိယ Kings အသင်း၊ တတိယ Fire Wolf အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် အတွင်းရေးမှူး၊ အမှုဆောင်များ၊ နည်းပြဟောင်းများက ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသား အမျိုးသမီး ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားဆု၊ အမျိုးသား အမျိုးသမီး ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသွားသော ONE အသင်းနှင့် Rip City အသင်းတို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးခင်မောင်အေးနှင့် ဦးမြင့်သိန်းတို့က ဆုများချီးမြှင့်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)**




◆ *ကျောဖုံးမှ*

ဒီကနေ့ ရန်ကုန်က ယှဉ်ပြိုင်တဲ့ ၁၀ သင်းထဲက အကောင်းဆုံးနှစ်သင်းကို ရွေးချယ်မှာဖြစ်ပါတယ်၊ အနိုင်ရတဲ့အသင်း ရှစ်သင်းရှိလာမှာ ဖြစ်ပါတယ်”ဟု မြန်မာ့ခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

အဆိုပါခြင်းလုံးပြိုင်ပွဲတွင် တစ်ဖွဲ့လျှင် ကစားသမားခြောက်ဦးပါဝင်ပြီး ယှဉ်ပြိုင်ချိန် ၁၅ မိနစ်ပေးထားသည်။ ဒိုင်လူကြီးငါးဦးက ကစားကွက်ပေါ်မူတည်၍ အမှတ်ပေးသည်။ ယခုယှဉ်ပြိုင်သည့် ၁၀ သင်းထဲမှ အမှတ်အများဆုံး အသင်းနှစ်သင်းအား ရွေးချယ်ပေးသည်။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့မှ အနိုင်ရအသင်းများသည် ယခုလ ဒီဇင်ဘာ ၂၃ ရက်တွင် ဖလားလုပွဲကြီးအဖြစ် ပြည်သူ့ဥယျာဉ်၌ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး**

❍ *ကျောဖုံးမှ*

ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းတွင် ထိုင်းကလပ် Police Tero အသင်းသို့ ပြောင်းရွှေ့မည့် အောင်သူ ပါဝင်လာခြင်းမရှိသော်လည်း အခြားနာမည်ကြီးကစားသမားများ ပါဝင်မည်ဖြစ်သည်။ MNL ညွန့်ပေါင်းအသင်းသည် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ပြည်တွင်းကစားသမား ၁၀ ဦး၊ ပြည်ပကစားသမား ၁၀ ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိ လက်ရွေးစင်ကစားသမားများဖြစ်သည့် ကျော်ကိုကို၊ ဇော်မင်းထွန်း၊ ကြည်လင်း၊ သီဟစည်သူ၊ ကျော်ဇင်ထက်၊ တင်ဝင်းအောင်တို့ပါဝင်လာသည့်အပြင် ပြည်ပကစားသမားများအဖြစ် ပြီးခဲ့သည့်ရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၌ ခြေစွမ်းပြခဲ့သည့် ခရစ္စတိုဖာ၊ မတ်ခ်နှင့် မိုကာလူးတို့ ပါဝင်လာသောကြောင့် ခြေစမ်းပွဲဖြစ်သော်လည်း ခြေစွမ်းအကုန် အသုံးပြုပါက အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်လာဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိပြီး ကစားသမားများအဖြစ် **ဂိုးသမား-** ဆန်းဆက်နိုင်၊ ပြည့်စုံချစ်၊ **နောက်တန်း-** ထိုက်ထိုက်အောင်၊ စိုးမိုးကျော်၊ ကျော်သက်ဦး၊ လှိုင်မျိုးအောင်၊ နန်းဝေမင်း၊ စည်သူမိုးခန့်၊ ဟိန်းနေဆန်း၊ အောင်ဝဏ္ဏစိုး၊ **အလယ်တန်း-** ရန်နိုင်ဦး၊ ရန်ပိုင်စိုး၊ စည်သူအောင်၊ လှိုင်းဘိုဘို၊ ကျော်မင်းဦး၊ အောင်ဇေယျ၊ လွင်မိုးအောင်၊ **ရှေ့တန်း-** မောင်မောင်လွင်၊ ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ သန်းပိုင်၊ အောင်ကောင်းမာန်နှင့် လွှမ်းမိုးဦးတို့ ပါဝင်နေသည်။ MNL ညွန့်ပေါင်းအသင်းတွင် **နည်းပြချုပ်-** ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ-** ဦးစိုးမြတ်မင်းတို့က ကိုင်တွယ်မည်ဖြစ်ပြီး **ဂိုး-**သီဟစည်သူ (ရှမ်း)၊ ကျော်ဇင်ထက် (ရန်ကုန်)၊ **နောက်တန်း-** ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ မိုကာလူး (ရန်ကုန်)၊ အန်ဒါဆင် (ရခိုင်)၊ မိုက်ကယ် (မကွေး)၊ မန်ချိုဘီ (ချင်း)၊ ကယ်ဗင် (မဟာ)၊ **အလယ်တန်း-**မတ်ခ် (GFA)၊ ကြည်လင်း၊ ရန်အောင်ကျော် (ရန်ကုန်)၊ တင်ဝင်းအောင် (ရှမ်း)၊ မင်းမင်းသူ (ရောဝတီ)၊ ဖရိုင်းဒေး (မဟာ)၊ အက်ကာပို (ရခိုင်)၊ **ရှေ့တန်း-**ကျော်ကိုကို (ရန်ကုန်)၊ ခရစ္စတိုဖာ၊ ဇင်မင်းထွန်း (ရှမ်း)၊ အီမန်နျူရယ် (GFA) တို့ ပါဝင်နေသည်။

MNL ညွန့်ပေါင်းအသင်းသည် ခြေစမ်းပွဲဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၆ ရက်တွင် မြန်မာ ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ FMI City နေ
ဦးဂုဏ်ဝင်း(MD, GON & MYA Engineering Group)-
ဒေါ်မြဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)
တို့၏သားကြီး၊

**မောင်လပြည့်**
**(M.B.A)Assumption University,**
**(M.E) Asian Institute of Technology**
**Assistant Engineer (Kajima Yankin PPP Co.,Ltd)**
**နှင့်**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်နေ
ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-
သုခမ္မသီဂိ ဒေါ်နီနီအောင်တို့၏သမီးကြီး

**မဆုမြတ်စန္ဒီသော်**
**(M.E)Asian Institute of Technology**
**Junior Engineer (1) ဆောက်လုပ်ရေးဝန်ကြီးဌာန**

တို့သည် ၃-၁၂-၂၀၁၇ရက်တွင် Novotel Hotel Max,Pyay Ballroom၌ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

**ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)**

| | ဂယာ | ကုသိနာရုံ | နယူးဒေလီ | ဗုဒ္ဓဂယာ | ရာဇဂြိုဟ် |
|---|---|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | ၂၉,၀၀၀ | ၁၀,၀၀၀ | ၂၀,၀၀၀ | ၃၀,၀၀၀ | ၁၀,၀၀၀ |

| | ဂယာ | ကုသိနာရုံ | သာဝတ္ထိ | ဗုဒ္ဓဂယာ | ရာဇဂြိုဟ် |
|---|---|---|---|---|---|
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ၂၇,၀၀၀ | ၂၀,၀၀၀ | ၂၅,၀၀၀ | ၃၀,၀၀၀ | ၁၀,၀၀၀ |

*** ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။**

ရုံးချုပ် - ကွန်ဒို(E) ၊ မြေညီထပ် ၊ ကမ္ဘာအေးဗီလာအိမ်ရာ ၊ ကမ္ဘာအေးစေတီလမ်း ၊ (၈)မိုင် ၊ မရမ်းကုန်း ၊ ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ - အမှတ်(၁၁၀) ၊ မြေညီထပ် ၊ (၃၉)လမ်း (အောက်) ၊ ကျောက်တံတား ၊ ရန်ကုန်။
☎ ၀၁-၂၄၀၀၄၇ ၊ ၀၉-၅၃၂၁၀၁၂

## လက်ရှိဖွင့်လှစ်လုပ်ကိုင်လျက်ရှိသောဟိုတယ် ငှားရမ်းလိုပါသည်

နိုင်ငံခြားသားခရီးသွား အများဆုံးလာရောက်သော ပုပ္ပားတောင် မြင်ကွင်း View Point နေရာရှိ အဆင့်မြင့်အခန်း (၁၈)ခန်းပါ ဟိုတယ်ငှားရမ်းလိုပါသည်။
**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၉၂၆၆၇၁၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3643 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/3782 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9727၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ဆွေခိုင် ၅/မမန(နိုင်)၀၉၁၃၃၃၃၏ သင်္ဘောသားလိုင်စင်စာအုပ်အမှတ် ရန်-3913/10 နှင့် ဆတ-၇၉၅/၁၄မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၁၂၀၀၇၁၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနေ ဦးကျော်ဝဏ္ဏ-ဒေါ်သန်းသန်းညွန့်တို့၏သား မောင်ဘုန်းပြည့်ထက်အောင် ၁၂/ဗဟန(နိုင်)၁၀၃၈၉၀သည် မိဘ၊ အစ်ကို၊ အစ်မများ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ယခုအခါ ၎င်း၏ သဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**
**ဦးကျော်ဝဏ္ဏ-ဒေါ်သန်းသန်းညွန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/3071 TOYOTA PROBOX ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကြည် ၁၂/မဂတ(နိုင်)၀၄၄၃၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၇-၂၀၁၇ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ (က) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ် (၁၁) ကမ္ဘာ့ဇာဘက် လီမိတက်၏ အမည်ပြောင်းတွင် မြေကွက်လိပ်စာ အမှတ် 30/B၊ သံလွင်လမ်းနှင့် ဗေဒါရိပ်သာလမ်းထောင့်၊ ရွှေတောင်ကြား (၂) ရပ်ကွက်ဟု အမှန်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7118 Toyota Hiace Micro Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွေး ၁/မညန(နိုင်)၁၀၄၁၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

# ဆော်ဒီဦးဆောင်သည့် မဟာမိတ်များက ယီမင်သမ္မတဟောင်း ဆာလက်ကို လေကြောင်းမှ အကူအညီပေး



အေဒင် ဒီဇင်ဘာ ၃

ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့များထံမှ လေယာဉ်များသည်ဆာနားရှိ ဟူသီသူပုန်များတည်ရှိရာ နေရာများသို့ ညသန်းခေါင်အချိန်တွင် ဗုံးများကြဲချခဲ့ကြကြောင်း ဒေသခံများနှင့် ဒေသမီဒီယာက ဖော်ပြခဲ့သည်။

၎င်းတို့သည် အီရန်က ကျောထောက်နောက်ခံပေးထားသည့် ဟူသီအုပ်စုများကို တိုက်ခိုက်လျက်ရှိရာ ယီမင်သမ္မတဟောင်း အဗ္ဗဒူလာဆာလက်ကို ထောက်ခံသူများအား အကူအညီပေးရန် ရည်ရွယ်လျက် ထိုသို့ ဗုံးကြဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတဟောင်း ဆာလက်က ၎င်းသည်ယီမင်၌ တိုက်ခိုက်နေသည့် ဆော်ဒီဦးဆောင်သော မဟာမိတ်များနှင့် ဆက်ဆံမှုစာမျက်နှာသစ်ကို ပြန်လည်ဖွင့်လှစ်ရန်အသင့်ရှိကြောင်း စနေနေ့တွင် ကြေညာခဲ့သည်။

ထိုသို့လုပ်ဆောင်မှုသည် သုံးနှစ်ကြာဖြစ်ပွားခဲ့သည့် စစ်ပွဲကိုအဆုံးသတ်ရန် လမ်းကြောင်းသစ်ဖြစ်လာစေမည်ဖြစ်သည်ဟု ၎င်းကပြောကြားခဲ့သည်။

ဆာနားတောင်ပိုင်းရှိ ဟက်ဒါဒေသအတွင်း၌ ဆာလက်၏မိသားစုဝင်များ နေထိုင်လျက်ရှိသည်။ ဆာလက်၏ General People Congress အဖွဲ့က မြို့တွင်းရှိ အဓိကကျသည့် ဘာသာရေးအဆောက်အအုံကို သိမ်းပိုက်ရေးအတွက် ကြိုးပမ်းရန်တောင်းဆိုမှုကြောင့် ပေါ်ပေါက်လာသည့် ပဋိပက္ခတိုက်ပွဲများသည် လေးရက်မြောက်ရှိခဲ့ပြီဖြစ်သည်။

တိုက်ပွဲအတွင်း လူအများအပြားသေဆုံးကာ ရာနှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြက်ခြေနီအဖွဲ့နှင့် နိုင်ငံတကာကော်မတီများက ပြောကြားခဲ့သည်။

အရပ်သားများအကြား နောက်ထပ်သေဆုံးမှုများ ရှိလာမည်ကို စိုးရိမ်ကြောင့်ကြမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ရိုက်တာ

# ယီမင်၌ ဟူသီသူပုန်များက ဆာနားတောင်ပိုင်းရှိ ရုပ်သံလွှင့်ဌာနကို တိုက်ခိုက်စီးနင်း

ဆာနား ဒီဇင်ဘာ ၃

ယီမင်ရှိ ဟူသီသူပုန်များသည် စနေနေ့ နှောင်းပိုင်းတွင် ဆာနားတောင်ပိုင်းရှိ ဆာလက်ပိုင်ဆိုင်သည့် Al- Yemen Alyoum ရုပ်မြင်သံကြားထုတ်လွှင့်မှုဌာနကို စီးနင်းတိုက်ခိုက်သိမ်းပိုက်ခဲ့ကြကြောင်း နှစ်ဖက်စလုံးမှ ပြောရေးဆိုခွင့်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ဟူသီသူပုန်များအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အဗ္ဗဒူဆလမ်က ရုပ်သံဌာနရှိ အစောင့်များနှင့်ဝန်ထမ်းများ အားလုံးကို ဖမ်းဆီးထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

Saleh ၏ မီဒီယာ ရုံး Nabil al-Soufi မှပြောရေးဆိုခွင့်ရှိသူက ရုပ်သံဌာနမှ အမှုထမ်းများ အားလုံးနှင့်ဌာနတစ်ခုလုံးကို ဟူသီတို့က ထိန်းချုပ်ထားပြီဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

ရုပ်သံဌာနတည်ရှိရာ Bait Baous တွင်နေထိုင်သူတစ်ဦးက အဆိုပါဧရိယာအတွင်းဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများ လျော့ပါးသွားပြီဖြစ်ကြောင်း ဆင်ဟွာသို့ ဖုန်းဖြင့် ဖြေကြားခဲ့သည်။

သေဆုံးသူများ ရှိမရှိနှင့် ပတ်သက်၍ နှစ်ဖက်စလုံးမှ သတင်းပေးပို့ခြင်း မရရှိသေးပေ။ Al-Yemen Alyoum ရုပ်သံထုတ်လွှင့်မှုမှတစ်ဆင့် ဆာလက်က မိန့်ခွန်းပြောကြားခဲ့ပြီး နောက်နာရီအနည်းငယ်အကြာတွင် ဟူသီသူပုန်တို့၏ လှုပ်ရှားမှုပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

မိန့်ခွန်းပြောဆိုမှုအတွက် ၎င်းက နိုင်ငံတော်နှင့် သူ၏ အဖွဲ့သားများကို ဟူသီသူပုန်များလက်မှ ကာကွယ်ရန်အတွက် တပ်မတော်၊ လုံခြုံရေးအင်အားစုများနှင့် မျိုးနွယ်စုများက ၎င်းပါတီ၏ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့နှင့် ပူးပေါင်းကြရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်နှင့် တောင်ကိုရီးယားစစ်ရေး လေ့ကျင့်မှုကို မြောက်ကိုရီးယား ဝေဖန်




ပြုံယမ်း ဒီဇင်ဘာ ၃

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့ တနင်္လာနေ့မှ စတင်ကာ ပုံမှန်စစ်ရေးလေ့ကျင့်မှု မပြုလုပ်မီတွင် မြောက်ကိုရီးယားက အမေရိကန်ပြည်ထောင်စုအား ကိုရီးယားကျွန်းဆွယ်ပေါ်တွင် တင်းမာမှုများပိုမိုပြင်းထန်လာအောင် ကျူးကျော်ရန်စနေသည်ဟု စွပ်စွဲပြောကြားလိုက်ကြောင်း သိရသည်။

ငါးရက်ကြာပြုလုပ်မည့် စစ်ဆင်ရေးအတွင်း အဆင့်မြှင့်တင်ထားသည့် လျှို့ဝှက်တိုက်ခိုက်ရေးသမားများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးက စနေနေ့တွင် နိုင်ငံပိုင်သတင်းမီဒီယာမှ ဖော်ပြခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားက အမေရိကန်သည် ၎င်း၏မဟာဗျူဟာမြောက် နျူကလီးယားလက်နက်များဖြင့် စစ်ရေးအရ အကြီးအကျယ် ကျူးကျော်ရန်စလာနေပြီး ကိုရီးယားကျွန်းဆွယ်ပေါ်ရှိ အခြေအနေများကို ပေါက်ကွဲလုနီးပါးအခြေအနေသို့ ရောက်ရှိလာအောင်တွန်းပို့နေကြောင်း သတင်းစာတွင် ဖော်ပြခဲ့သည်။

ထို့အပြင် မြောက်ကိုရီးယားက ၎င်း၏ နျူကလီးယား အင်အားစုများ၏ ရည်မှန်းချက်သည် အမေရိကန်၏ ကျူးကျော်ဝင်ရောက်မှုနှင့် တိုက်ခိုက်မှုများကို ကာကွယ်တားဆီးရန်နှင့် တိုက်ခိုက်ဖျက်ဆီးလာမှုများကို လက်တုံ့ပြန် သွားရန်အတွက် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်း၏ နျူကလီးယားလက်နက်နှင့် ဒုံးကျည်အစီအစဉ်များသည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန်အတွက်ဖြစ်ကြောင်း မြောက်ကိုရီးယားက အခိုင်အမာ ပြောဆိုလျက်ရှိသည်။ အကယ်၍ အမေရိကန်က နျူကလီးယားစစ်ပွဲ ဆင်နွှဲလာခဲ့လျှင် အမေရိကန်ကို ကမ္ဘာမြေပေါ်မှ အပြီးဖယ်ရှားပစ်မည်ဟု မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ပတ်ယောင်ဆစ်က ပြီးခဲ့သည့် သောကြာနေ့က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# AIDS ရောဂါတိုက်ဖျက်ရေးအတွက် ကတိကဝတ်များ အသစ်ထပ်မံပြုလုပ်ကြရန် ကုလအကြီးအကဲ တိုက်တွန်း




ဂျီနီဗာ ဒီဇင်ဘာ ၃

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် AIDS ရောဂါကို တိုက်ဖျက်ရေးအတွက် ကတိကဝတ်ထားရှိမှုများကို ပြန်လည်ဆန်းသစ်ကြရန်နှင့် အဆိုပါရောဂါကို အတိတ်ကာလဖြစ်ရပ်တစ်ခုသဖွယ် ချန်ထားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ကမ္ဘာကြီးသည် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် AIDS ကူးစက်ရောဂါဖြစ်ပွားမှုကို အဆုံးသတ်နိုင်ရန် ရည်ရွယ်သည့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားရန်အတွက် ၎င်း၏ လမ်းကြောင်းအတိုင်း ကောင်းမွန်စွာသွားနေကြောင်း၊ သို့သော် ကမ္ဘာကြီး၏ အချို့နေရာများတွင် နောက်ကောက်ကျလျက်ရှိနေကြောင်း ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့တွင် ပေးပို့ခဲ့သည့် မက်ဆေ့ချ်၌ ဂူတာရက်စ်က ထည့်သွင်းဖော်ပြခဲ့သည်။

HIV ပိုးကူးစက်ခံထားရသူ ၂၁ သန်းနီးပါးတို့သည် ယခုအခါ ကုသရန် ဝန်ဆောင်မှုရရှိလျက်ရှိကြောင်း၊ ထိုသို့ ဝန်ဆောင်မှုရရှိသည့် အရေအတွက်သည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် သန်း ၃၀ ကျော်အထိ တိုးပွားလာသင့်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

AIDS ဖြစ်ပွားမှုနှင့်ဆက်နွှယ်သည့် သေဆုံးမှုများနှင့် HIVပိုးကူးစက်ခံရမှုအသစ်များသည် ကျဆင်းလာလျက်ရှိသည်။ ကမ္ဘာကြီးသည် ၎င်း၏ ကတိအတိုင်း ဆောင်ရွက်နိုင်ရန် ကြီးမားသည့်မျှော်လင့်ချက်ရှိကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။

သို့သော် ရည်မှန်းချက်ပြည့်မြောက်ရေးအတွက် ယခုထက်မက ပိုမိုဆောင်ရွက်သွားရန် လိုအပ်နေသေးကြောင်း ၊နောက်ကောက်ကျနေသည့် နေရာများရှိနေသေးသည်မှာ ဝမ်းနည်းဖွယ်ကောင်းကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။

ဆင်ဟွာ

နိုင်ငံတကာ သတင်းတိုထွာ

## စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းကို ဆီးရီးယားသူပုန်များက ပစ်ချ

**ဒမတ်စကတ် ဒီဇင်ဘာ ၃**

အစ္စရေးပိုင် ဂိုလန်ကုန်းမြင့်အနီးတွင် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းကို ဆီးရီးယားသူပုန်များက ပစ်ချခဲ့ကြောင်း စောင့်ကြည့်အဖွဲ့က မကြာသေးမီတွင် ပြောခဲ့သည်။

ဂိုလန်ကုန်းမြင့်နှင့် လက်ဘနွန်နယ်စပ်အနီးတွင် ပျံသန်းလျက်ရှိသည့် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းကို သူပုန်များက ဒုံးကျည်ဖြင့် ပစ်ချခဲ့ကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဆီးရီးယား လေ့လာစောင့်ကြည့်ရေး အဖွဲ့က ပြောခဲ့သည်။

လေယာဉ်ပေါ်တွင် ဝန်ထမ်းမည်မျှပါရှိသည်ကို မသိရသေးကြောင်း၊ အဆိုပါ ရဟတ်ယာဉ်သည် မြို့တော်ဒမက်စကတ်၏အနောက်တောင်ဘက် ကျေးလက်တစ်ခုတွင် ပျက်ကျခဲ့ကြောင်း သိရသည်။ ဆီးရီးယားမီဒီယာများက အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး မည်သည့်သတင်းမှဖော်ပြခြင်းမျိုး မရှိသေးပေ။

ဒမက်စကတ်၏အနောက်တောင်ဘက်ကျေးလက်တွင် ဆီးရီးယားတပ်ဖွဲ့နှင့် သူပုန်များကြားစစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိနေသေးကြောင်း လေ့လာစောင့်ကြည့်အဖွဲ့များက ပြောသည်။ လွန်ခဲ့သော ၇၂နာရီအတွင်း တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ယင်းအဖွဲ့က ဆက်လက်ပြောကြားသည်။

ဆီးရီးယားတပ်ဖွဲ့က ဆီးရီးယားတွင် အကြမ်းဖက်အုပ်စုများကိုနှိမ်နင်းသည့် စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ထပ်တလဲလဲပြောခဲ့သည်။ **ဆင်ဟွာ**

## အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိသည့် သံသယရှိသူ ၆၂ ဦးကို ဖမ်းဆီး

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၃**

တူရကီရဲများက အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိသည်ဟု သံသယရှိသူ နိုင်ငံခြားသား ၆၂ ဦးကို မကြာသေးမီက ဖမ်းဆီးထိန်းသိမ်းထားကြောင်း အနာဒိုလူသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

သံသယရှိသူများသည် ခရိုင်ရှစ်ခုတွင် အကြမ်းဖက်မှုများပြုလုပ်ရန် ကြံစည်နေကြောင်း သတင်းပေးချက်အရ ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးမှုအတွင်း စာရွက်စာတမ်းများ၊ ဒစ်ဂျစ်တယ်ပစ္စည်းများ ထိန်းသိမ်းရရှိခဲ့ကြောင်း သိရသည်။

အိမ်နီးချင်းနိုင်ငံဖြစ်သော အီရတ်နှင့် ဆီးရီးယားတို့တွင် အကြမ်းဖက်စစ်သွေးကြွများ ဆူပူသောင်းကျန်နေကြောင်း ကြားသိရသဖြင့် တူရကီသည် မကြာသေးမီလများအတွင်း အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ပတ်သက်သော စစ်ဆင်ရေးများကို တင်းကျပ်စွာလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ မကြာသေးမီနှစ်များအတွင်း တူရကီတွင် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး လူ ၃၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆော်ဒီကို လက်နက်ရောင်းချမှုတွေ "ထရီဆာမေ" ရပ်တန့်နိုင်မလား

*တင်လင်းအောင်*



ထရီဆာမေဟာ ရီယာ့ဒ်ကို နိုဝင်ဘာ ၃၀ ရက် နံနက်က ရောက်သွားတဲ့အခါမှာတော့ ဆော်ဒီအစိုးရဟာ ယီမင်အပေါ် ဒုက္ခပေးသလိုဖြစ်နေတဲ့ ပိတ်ဆို့မှုအရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ လုပ်ခဲ့တယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်သုံးပတ်တာကာလ အတွင်းမှာ ဆော်ဒီဟာ ယီမင်ဆိပ်ကမ်းတွေအပေါ်စစ်ရေးဆိုင်ရာ ပိတ်ဆို့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

အဲဒီပိတ်ဆို့မှုတွေထဲမှာ သန်းပေါင်းများစွာသော ပြည်သူတွေ လိုအပ်နေတဲ့ အဓိကအရေးကြီးတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေလည်း ပါပါတယ်။ လိုအပ်တဲ့ သန်းပေါင်းများစွာသော ပြည်သူတွေဆီ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေ မရောက်တဲ့အတွက်ကြောင့် အခြေအနေဟာ အလွန်ကိုပဲဆိုးရွားလာပါတယ်။ အာဟာရချို့တဲ့မှု၊ အလွန်အမင်းဆာလောင်မှုနဲ့ ရောဂါတွေကြောင့် ယီမင်ကလေးငယ်ပေါင်း ၁၃၀ ခန့် နေ့စဉ် သေဆုံးနေပါတယ်လို့ Save the Children အဖွဲ့က ဆိုပါတယ်။

နိုင်ငံခြားရေးဝန်ကြီး ဘောရစ် ဂျွန်ဆန်ပြောပြောနေတဲ့ ကမ္ဘာ့အဆိုးရွားဆုံးလူသားချင်းထောက်ထားမှုဆိုင်ရာအကျပ်အတည်းကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ စဉ်းစားစရာပါ။ အခုလို စိုးရိမ်ပူပန်မှုတွေရှိနေသော်လည်း ဒီကိစ္စဟာ ထရီဆာမေ၊ ဘောရစ် ဂျွန်ဆန်နဲ့သူ့အစိုးရအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ရမယ့် အခြေအနေဖြစ်ပါတယ်။

ဆော်ဒီဦးဆောင်တဲ့ ဗုံးကြဲတိုက်ခိုက်မှုတွေဟာ သုံးနှစ်နီးပါးပြည့်တော့မယ့်အချိန်မှာယခင်က နိုင်ငံခြားရေးဝန်ကြီးဖီးလစ်ဟမ်မွန့်ဒ်က ဗြိတိန်အနေနဲ့ လက်တွေ့ဆန်တဲ့ နည်းလမ်းတွေနဲ့ အကူအညီပေးဖို့ ကတိပေးခဲ့ဖူးပါတယ်။ ဝက်စ်မင်စတာမှာ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အပြောင်းအလဲရှိနေသော်လည်း ပေးခဲ့တဲ့ ကတိတွေဟာ ဆက်လက်တည်မြဲနေတုန်းပဲရှိပါသေးတယ်။

ထိုအချိန်ကတည်းက ဗြိတိန်ဟာ ပေါင် ၄ ဒသမ ၆ ဘီလီယံတန်ဖိုးကျော်ရှိ ဂျက်တိုက်လေယာဉ်တွေ၊ ဗုံးတွေ၊ ဒုံးကျည်တွေစတာတွေကို ဆော်ဒီကို ရောင်းချခွင့်ရှိခဲ့ပါတယ်။ အဲဒီထဲမှာ ယူရိုတိုက်ခိုက်ရေးတိုင်ဖွန်းဂျက်လေယာဉ်တွေ ပါဝင်ပါတယ်။ အဲဒီဂျက်လေယာဉ်တွေဟာ ဗုံးကြဲတဲ့နေရာမှာအလွန်ကိုပဲ အရေးကြီးတဲ့ အခန်းကပါဝင်လျက်ရှိပါတယ်။ ထို့အတူ Paveway IV bombs လို့ခေါ်တဲ့ ဗုံးတွေကိုလည်း ဗြိတိန်လေ့ကျင့်ပေးထားတဲ့ လေသူရဲတွေက ကောင်းကင်က ကြဲချမှုတွေလည်း လုပ်ဆောင်နိုင်ပါသေးတယ်။

အဆိုပါ စစ်လက်နက်တွေဟာ ပြည်သူတွေကို တစ်နည်းတစ်ဖုံနဲ့ ထိခိုက်နိုင်တယ်ဆိုတာ ငြင်းမရပါဘူး။ ဗြိတိန်က ထောက်ပံ့တဲ့ ဗုံးတွေဟာ ပြည်သူ့အခြေခံအဆောက်အအုံတွေကို ထိခိုက်မှုတွေရှိတယ်လို့ Amnesty International နဲ့ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့တွေက ဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကုလသမဂ္ဂကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့က ဆော်ဒီစစ်ဘက်ကို အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်ဥပဒေကို စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်တယ်ဆိုပြီး စွပ်စွဲခဲ့ပါတယ်။

သေဆုံးမှုဆိုင်ရာ ကိန်းဂဏန်းတွေတိုးလာရုံတင်မက အလွဲသုံးမှုတွေ မြင့်တက်လာသော်လည်း လက်နက်ရောင်းချမှုဟာ ရပ်တန့်မသွားခဲ့ပါဘူး။ တကယ်တော့ ယီမင်ပြည်သူတွေအတွက် စိုးရိမ်ပူပန်တယ်လို့ ဆိုသော်ငြားလည်း အစိုးရရဲ့ ဦးစားပေးဆောင်ရွက်မှုတွေ အနေနဲ့ သိပ်ပြီးရှင်းရှင်းလင်းလင်း မဖြစ်ခဲ့ပါဘူး။

လွန်ခဲ့တဲ့ အောက်တိုဘာလကလည်း ဆော်ဒီဒုံးကျည်တိုက်ခိုက်မှုကြောင့် ယီမင်မှာလူပေါင်း ၁၄၀ ခန့် သေဆုံးခဲ့ပါသေးတယ်။ သို့သော်လည်း တရားဝင်လက်နက်ရောင်းချမှုဆိုင်ရာ လိုင်စင်လေးတစ်ခုတောင်မှ ရပ်တန့်မှုမရှိခဲ့ပါဘူး။ အဆိုပါဖြစ်ရပ်ဖြစ်ပြီး ခြောက်ပတ်လောက်ကြာပြီးနောက်မှာ ထရီဆာမေဟာ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်မှု ကောင်စီသို့ သွားရောက်လည်ပတ်ခဲ့ပါသေးတယ်။ အဲဒီမှာ သူဟာဗုံးကြဲမှုမှာ ပါဝင်ခဲ့တဲ့ဆော်ဒီနဲ့ တခြားစစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

ထို့အတူ လွန်ခဲ့တဲ့ စက်တင်ဘာလမှာလည်း ယီမင်တစ်ဝန်း ဝမ်းပျက်ဝမ်းလျှောမှုတွေဟာ မှတ်တမ်းတင်ပမာဏလောက်အထိ မြင့်တက်ခဲ့တာတောင်မှ ဗြိတိန်အစိုးရဟာ အပြည်ပြည်ဆိုင်ရာ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ လက်နက်ပြပွဲမှာ လက်နက်ဝယ်ဖို့ ရောက်လာတဲ့ ဆော်ဒီစစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တွေကို လန်ဒန်မှာ ကော်ဇောနီခင်းပြီး ကြိုဆိုခဲ့ပါသေးတယ်။

ဗြိတိန် ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်ဟာ တိုက်ခိုက်ရေးဂျက်လေယာဉ်တွေ ပိုပြီးရောင်းနိုင်ဖို့အရေး ဆော်ဒီကို ဝေဖန်မှုမပြုဖို့ ပါလီမန်အဖွဲ့ဝင်တွေကို သိပ်မကြာခင်လကမှ ပြောခဲ့ပါသေးတယ်။ ယီမင်မှာရှိတဲ့ ပြည်သူတွေကို ကူညီနိုင်ဖို့ဆိုရင် အစိုးရအနေနဲ့ အခုလိုမျိုးလုပ်ဆောင်ချက်တွေက သင့်တော်မှုမရှိပါဘူး။ လက်နက်ရောင်းချမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးရမယ်ဆိုတာ သံသယမရှိသလောက်ပါပဲ။

တကယ်တမ်းဆိုရင်တော့ အခုကိစ္စဟာ ထရီဆာမေကို တစ်ဦးချင်းရွေးချယ်ဖို့လုပ်နေတာထက် ပိုပြီးကြီးမားတဲ့ ကိစ္စပဲဖြစ်ပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာအထိ နိုင်ငံရေးအင်အားပေါင်းစုံပါဝင်တဲ့ အစိုးရဟာ မရေရာတဲ့ နိုင်ငံရေးအခြေအနေနဲ့ စစ်ရေးဆိုင်ရာထောက်ပံ့မှုတွေကို ဆော်ဒီတော်ဝင်မိသားစုကို ထောက်ပံ့ခဲ့ပါတယ်။ ထရီဆာမေအစိုးရအနေနဲ့ အခုလိုမျိုး ထောက်ပံ့မှုလုပ်ဆောင်နေတာတွေကို ပြန်လည်သုံးသပ်ရတော့မယ့် အချိန်ကျရောက်လို့လာခဲ့ပြီဆိုတာ သံသယမရှိ လက်ခံရတော့မှာပါ။

ပြည်သူ့စစ်တမ်း ကောက်ယူတဲ့အခါမှာတော့ ဗြိတိန်အများစုဟာ အခုလို လက်နက်ရောင်းချမှုကို ဆန့်ကျင်တယ်ဆိုတာကို ဖော်ပြခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က အခုလိုမျိုးဆန့်ကျင်မှုတွေ ပါလီမန်မှာ ဖြစ်ပေါ်ခဲ့ပါသေးတယ်။ အလုပ်သမား၊ လစ်ဘရယ် ဒီမိုကရက်၊ အက်စ်အင်န်ပီ၊ ဂရင်းစတဲ့နိုင်ငံရေးပါတီတွေဟာ ဆော်ဒီကို လက်နက်ရောင်းချမှုတွေရပ်တန်းကရပ်ဖို့ တညီတညွတ်တည်း အဆိုပြုခဲ့ကြပါတယ်။

ရက်ပေါင်း ၁၀၀၀ နီးပါး ဗုံးကြဲမှုဒဏ်တွေ၊ နာကျင်မှုဒဏ်တွေကိုခံစားပြီးနောက်မှာတော့ အခုအခါမှာ ယီမင်နိုင်ငံအတွက် ငြိမ်းချမ်းစွာဖြေရှင်းနည်းများ လိုအပ်လာ ခဲ့ပြီဖြစ်ပါတယ်။ ထရီဆာမေ အစိုးရအနေနဲ့ သူ့ရဲ့ဦးဆောင်မှုကို ပြသတဲ့အနေနဲ့ အတိတ်က ကတိကိုထားခဲ့ပြီး ဆော်ဒီကို လက်နက်ရောင်းချမှုတွေရပ်လိုက်မလား။ အဲလိုမှမဟုတ်ရင် ဘယ်လိုဆက်လုပ်မလဲ။ အခုလို ရက်စက်တဲ့ သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဘယ်လိုမှ လက်မခံနိုင်တဲ့ အကြောင်းအချက်ပဲဖြစ်ပါတယ်။ ယီမင်ပြည်သူတွေရဲ့ အသက်ကို ခြိမ်းခြောက်မှုမှ ရရှိလာတဲ့ လက်နက်ရောင်းချလို့ရတဲ့ အကျိုးအမြတ်တွေကို ထရီဆာမေနဲ့ သူ့ရဲ့အစိုးရတို့ မရပ်တန့်ခင်မှာ ယီမင်ပြည်သူတွေရဲ့ နောက်ထပ်အသက်တွေ ဘယ်လောက်များ စတေးကြရဦးမလဲဆိုတာ စဉ်းစားကြည့်ရင် စိတ်မကောင်းဖြစ်မိပါတယ်။

မည်သို့ပင်ဆိုစေ တကယ်တမ်းဆိုရင်တော့ လူသားချင်းစာနာထောက်ထားမှုဟာ မရှိမဖြစ်လိုအပ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကို ယီမင်ပြည်သူတွေဆီ ရောက်ရှိအောင် ဆော်ဒီကလည်း အကူအညီပေးရမှာဖြစ်သလိုတစ်ဖက်ကလည်း လက်နက်ရောင်းချမှုကို ယီမင်ပြည်သူတွေအတွက် စဉ်းစားပြီး ထိန်းချုပ်ရမှာပါ။ အဲလိုမှ မဟုတ်ဘဲလိုအပ်တဲ့ လူသားချင်းစာနာထောက် ထားမှုအကူအညီတွေလည်း ယီမင်ပြည်သူတွေဆီ မရောက်ဘူးဆိုရင် ယီမင်ပြည်သူတွေရဲ့ ဘေးဒုက္ခဟာ ပိုမိုကြီးထွားလာမှာဖြစ်ပါတယ်။ အခုတောင် အစာရေဆာပြတ်လပ်ပြီး တစ်နေ့ကို ကလေးငယ်ပေါင်း ၁၃၀ ခန့် သေဆုံးနေရင် အကယ်၍များ သူတို့တွေအတွက် လိုအပ်တဲ့ အကူအညီတွေကို မပေးနိုင်ဘူးဆိုရင် ဒီထက်မကသေဆုံးကြဖို့ပဲရှိပါတယ်။

ထို့အတူ ထရီဆာမေအစိုးရအနေနဲ့လည်း ယီမင်အပေါ် လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုပြီး လက်နက်ရောင်းချမှုကို ပြတ်ပြတ်သားသားဆုံးဖြတ်ချက်ချပေးရမှာပဲဖြစ်ပါတယ်။ အဲလိုမှ ဆုံးဖြတ်ချက်မချနိုင်ဘူးဆိုရင်တော့ ယီမင်ပြည်သူတွေရဲ့ ဘဝဟာအစာကငတ်သေး၊ လက်နက်ဘေးလည်း ကြောက်ရသေးဆိုတဲ့ဘဝမျိုးကို ရောက်ပြီးသေမထူးနေမထူးဘဝတွေ ရောက်ကြရမှာပါ။ ယီမင်ပြည်သူတွေအတွက် ငြိမ်းချမ်းဖို့ဆိုရင်ဒီကိစ္စကို အကောင်းဆုံးဖြေရှင်းနည်းတော့ရှိကိုရှိမှာ ဖြစ်ပါတယ်။ လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ အတိုင်းအကောင်းဆုံးတွေကို ကြံစည်နိုင်ပြီး ငြိမ်းချမ်းရေးနည်းတွေကို ကျင့်သုံးနိုင်ကြပါစေ။ ။

> "ရက်ပေါင်း ၁၀၀၀ နီးပါး ဗုံးကြဲမှုဒဏ်တွေ၊ နာကျင်မှုဒဏ်တွေကိုခံစားပြီးနောက်မှာတော့ အခုအခါမှာ ယီမင်နိုင်ငံအတွက် ငြိမ်းချမ်းစွာဖြေရှင်းနည်းများ လိုအပ်လာခဲ့ပြီဖြစ်ပါတယ်၊ ထရီဆာမေ အစိုးရအနေနဲ့ သူ့ရဲ့ဦးဆောင်မှုကို ပြသတဲ့အနေနဲ့ အတိတ်က ကတိကိုထားခဲ့ပြီး ဆော်ဒီကို လက်နက်ရောင်းချမှုတွေ ရပ်လိုက်မလား"

# အိန္ဒိယ- မြန်မာ စိုက်ပျိုးရေးဆိုင်ရာ မျိုးသစ်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ရှိ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာနတွင် မျိုးသစ်များထုတ်လုပ်နိုင်ရန် သင်တန်းများအတွက် မော်လီကျူလာ ဇီဝနည်းပညာ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ အစားအစာအင်ဂျင်နီယာ နည်းပညာနှင့် စိုက်ပျိုးရေး ပညာပေးဘာသာရပ် အထူးပြု မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို နိုဝင်ဘာ နောက်ဆုံးပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဒေါက်တာ တင်ထွဋ်က အမှာစကားပြောကြားပြီး ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်ဒေါက်တာ မစ်သာက အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန၏ ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းကို အိန္ဒိယနိုင်ငံပညာရှင်များနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ဆရာ ဆရာမများ ပူးတွဲသင်ကြားပို့ချသွားမည်ဖြစ်သည်။

အိန္ဒိယအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနတက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သော ပထမဆုံး မဟာသိပ္ပံနှင့် ပါရဂူဘွဲ့ ဘွဲ့လွန်သင်တန်းများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အား ကစားဝန်ကြီးဌာနမှ သင်တန်းသား/သူ ၂၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

"အရင်က မျိုးစပ်ပြီး မျိုးသစ်ထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာ သမားရိုးကျနည်းပဲ သုံးခဲ့တယ်၊ အခု သင်တန်းမှာက မော်လီကျူလာဇီဝနည်းပညာတွေကို သုံးပြီး မျိုးစပ်တဲ့လုပ်ငန်းတွေ လုပ်နိုင်ဖို့ စာတွေ့ လက်တွေ့ပို့ချပေးမှာပါ၊ ဒီသင်တန်းကနေ စပါးနဲ့ ပဲအမျိုးမျိုးကို မျိုးသစ်တွေ ထုတ်လုပ်လာနိုင်တဲ့အထိ သင်ကြားပေးသွားမှာပါ၊ နောက်ထပ် သီးနှံတွေကို ကုန်ကြမ်းကနေ ကုန်ချောဖြစ်တဲ့အထိ ထုတ်လုပ်နိုင်အောင် နည်းပညာတွေကိုလည်း ပို့ချပေးသွားမှာပါ၊ သင်တန်းကနေပြီးတော့ တောင်သူတွေအတွက် ကောင်းမွန်တဲ့ နည်းလမ်းတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်၊ အိန္ဒိယနိုင်ငံက စိုက်ပျိုးရေးပညာရှင်တစ်ဦးဆီက အလှည့်ကျ လာရောက်သင်ကြားပေးသွားမှာပါ၊ လက်တွေ့မှာလည်း တောင်သူပညာပေးလုပ်ငန်းတွေ အနေနဲ့ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရွာလေးရွာကို ရွေးချယ်ဆောင်ရွက်နေပါတယ်၊ အဲဒီ ရွာတွေမှာ အဆင့်မြင့် နည်းပညာတွေသုံးပြီး စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်းပြီး တောင်သူများအတွက် စိုက်ပျိုးရေးတွင် အဆင့်မြင့်နည်းပညာသစ်များ ရရှိစေရန်အတွက် အိန္ဒိယဘက်မှထောက်ပံ့သော ACARE သုတေသနစင်တာအား ဖွင့်လှစ်ထားပြီး သုတေသနလုပ်ငန်းများ စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်ဒေါက်တာ မစ်သာက "သင်တန်းမှာ မော်လီကျူလာဇီဝနည်းပညာတွေ သုံးပြီး မျိုးသစ်တွေထုတ်လုပ်တဲ့ ဖော်မြူလာကို သင်ကြားပို့ချသွားမှာပါ၊ ဒီလို နည်းပညာတွေကို လယ်ကွင်းထဲအရောက် ဖြန့်ပေးနိုင်လို့ရှိရင် တောင်သူတွေရဲ့ ထုတ်လုပ်မှုတွေ မြင့်တက်လာပြီး လူနေမှုဘဝတွေလည်း ဖွံ့ဖြိုးတိုးတက်လာမယ်၊ စိုက်ပျိုးရေးမှာလည်း အဆင့်အတန်းမြင့်မားလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အိန္ဒိယနိုင်ငံမှ ပညာရှင်တစ်ဦးက မျိုးသစ်များထုတ်လုပ်နိုင်ရန် သင်တန်းများ ပို့ချပေးနေစဉ်။ (ဓာတ်ပုံ-မေမိုးသဲ)

## ပြည်မြို့နယ် ဒေသထွက် မုန်လာဥဖြူများ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရဖြစ်နေ

ပြည် ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း စိုက်ပျိုးလျက်ရှိသော ဒေသထွက်မုန်လာဥဖြူများမှာ အခါလွန်ရွာသွန်းသောမိုးကြောင့် အရွက်များရိကျခြင်း၊ ပြတ်ခြင်းများ၊ ဥအလုံးမလှခြင်းများ ဖြစ်ပေါ်နေပြီး အထွက်နှုန်းမကျဆင်းသော်လည်း ယခင်နှစ်ဈေးထက် ဈေးနှုန်းကျဆင်းနေကြောင်း သိရသည်။ အဆိုပါ မုန်လာဥများကို မှော်ဇာကျေးရွာ၊ ပယင်းကျေးရွာ တောင်လုံးညိုကျေးရွာ၊ ပြဟော်ကျေးရွာ၊ တောင်လက်ခုပ်ပင်ကျေးရွာတို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှာ ရာသီစာသီးနှံများ စိုက်ပျိုးသည့်ဒေသများဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးသော စားဖိုဆောင်သီးနှံများမှာ မုန်လာဥ၊ ဗူးသီး၊ သခွားသီး၊ နံနံပင်၊ ခရမ်းကြွတ်သီး၊ ကြက်ဟင်းခါးသီးတို့ဖြစ်သည်။ မုန်လာဥဖြူများမှာ မျိုးစေ့ မြောင်းပေါင်ဆွဲစိုက်ပျိုးရပြီး အလုပ်သမားစရိတ်၊ မျိုးစရိတ်နှင့် ဆေးဝါးများအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲခန့်ကုန်ကျပြီး ရာသီဥတုကောင်းမွန်လျှင် ဥလုံးလှသည့်အတွက် ဈေးကွက် ရောင်းတန်းဝင်သော်လည်း အချိန်အခါမဟုတ် ရွာသွန်းသောမိုးများကြောင့် အလုံးသေးခြင်းများ၊ အရွက်များ ရိကျနွမ်းခြင်းများဖြစ်ကာ ဈေးကောင်းမရရှိခြင်းမှာ ထင်သလောက် တွက်ခြေမကိုက်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

**ကိုလွင်(ဆွာ)**

## တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-မေမိုးသဲ**

ဒီတစ်ပတ်မှာတော့ မတ်ပဲရော ပဲစင်းငုံပါ ဈေးအနည်းငယ် ထပ်ကျဆင်းသွားပါတယ်။ နှစ်ပတ်လောက် ဈေးအပြောင်းအလဲ သိပ်မဖြစ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြောင်းလဲခဲ့ပါတယ်။ ကြက်သွန်နီကတော့ ဈေးတက်ပြီးရင်း တက်နေပါတယ်။

**မတ်ပဲ (FAQ/RC)**

မတ်ပဲက အတက်အကျအပြောင်းအလဲ ထောင်ဂဏန်းလောက်နဲ့ နှစ်ပတ်လောက် ဈေးငြိမ်နေခဲ့ပါတယ်။ ပြည်တွင်း ပဲဈေးကွက်မှာလည်း ပဲလက်ကျန်တွေ ရှိပေမယ့် ပဲဈေးကြောင့် ငွေလိုသူအချို့သာ အရောင်းအဝယ် ပြုလုပ်နေတယ်လို့ ကုန်စည်ဒိုင် အချို့ကနေ သိရပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ပြီးခဲ့တဲ့ အပတ်က ပိဿာ ၂၀ ကို ငွေကျပ် ၁၆၅၀၀ ရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ ပိဿာ ၂၀ ကို ငွေကျပ် ၁၅၈၀၀ နဲ့ ဈေးက အနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။



ရန်ကုန်ဈေးကွက်မှာတော့ ပြီးခဲ့တဲ့ အပတ်က မတ်ပဲ တစ်တန်ကို ငွေကျပ် ၄၈၀၀၀၀ ပတ်ချာလည် ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ မတ်ပဲက ငွေကျပ် ၄၆၀၀၀၀ ထိ ဈေးက ကျဆင်းသွားခဲ့ပါတယ်။

မတ်ပဲက အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတာဖြစ်ပြီးတော့ အိန္ဒိယနိုင်ငံမှာလည်း ပြည်ပလက်ကျန်တွေ ရှိနေသေးတဲ့အတွက် ဈေးဆက်ပြီး ကျဆင်းနိုင်တယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း မတ်ပဲနည်းတူ အခြေအနေပါ။ ဒါပေမယ့် ဒီတစ်ပတ်မှာတော့ ပြီးခဲ့တဲ့ အပတ်ကထက် ဈေးက ကျဆင်းသွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ အပတ်က ရန်ကုန်ဈေးကွက်မှာ တစ်တန်ကို ငွေကျပ် ၃၅၀၀၀၀ နီးပါး ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၃၃၀၀၀၀ လောက်အထိ ဈေးက ကျဆင်းသွားခဲ့ပါတယ်။

မုံရွာဈေးကွက်၊ ပခုက္ကူဈေးကွက်မှာလည်း တစ်တင်းကို ငွေကျပ် ၇၀၀ ကနေ ငွေကျပ် ၁၀၀၀ အထိ ဈေးကကျဆင်းသွားပါတယ်။ ငွေလိုသူအချို့ရဲ့ ရောင်းချမှုကြောင့်သာ ဈေးကွက်အတွင်း အနည်းငယ်သာ ရောင်းချနေရဆဲ ဖြစ်ပါတယ်။

အိန္ဒိယအဓိက ပို့ကုန်တစ်ခု ဖြစ်တဲ့အတွက် အိန္ဒိယနိုင်ငံမှာတော့ လက်လီဆိုင်နဲ့ လှောင်လက်တွေက ဝယ်ယူမှုများလာတဲ့အတွက် ပြည်တွင်း ပြည်ပ ဈေးကွက်မှာ အနည်းငယ်မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

လာမယ့် ၂၀၁၈ ဧပြီလောက်မှာ အိန္ဒိယနိုင်ငံထွက် ပဲစင်းငုံတွေကို ပြည်ပနိုင်ငံကို တင်ပို့နိုင်မယ်လို့ ခန့်မှန်းထားပြီး အထွက်နှုန်းလည်း ကျဆင်းနိုင်တဲ့အတွက် လက်ရှိပေါက်ဈေးနှုန်းထက် ဈေးမြင့်လာနိုင်တယ်လို့ Agriwatch က ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ ကာလတူအခြေအနေမှာ ပဲစင်းငုံက တစ်တင်းကို ငွေကျပ် ၃၀၀၀၀ ကျော် အနေအထားရှိပြီး ပဲအသစ်ဝင်လာတဲ့အချိန်မှာ တစ်တင်းကို ငွေကျပ် ၂၅၀၀၀အထိ ဈေးက ရရှိခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ၁ လပိုင်းကနေ ၁၁ လပိုင်း ၁၁ ရက်နေ့အထိ ပဲစင်းငုံကို ပြည်ပတင်ပို့မှုက တန်ချိန် ၂၁၁၂၃၄ ရှိပါတယ်။

**ကုလားပဲလုံးဈေးဆက်ကျဆင်း**

ဒီတစ်ပတ်ကတော့ ပြည်ပပို့ကုန်ပဲတွေ ဈေးကျဆင်းနေတဲ့ ရက်သတ္တပတ် ဖြစ်နေပါတယ်။ ကုလားပဲလုံးကလည်း အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတာ ဖြစ်ပြီးတော့ ပြည်ပပို့ကုန်ရော ပြည်တွင်းဈေးကွက်မှာပါ ဈေးက ကျဆင်းနေပါတယ်။ မျိုးပဲ ဝယ်ယူမှုတွေကြောင့် ဈေးမြင့်တက်ခဲ့တဲ့ ကုလားပဲက နိုဝင်ဘာလဆန်းပိုင်းကတည်းစပြီး မျိုးပဲ ဝယ်ယူမှုနည်းသွားတဲ့အတွက် ဈေးက ကျဆင်းခဲ့ပြီးတော့ အိန္ဒိယနိုင်ငံမှာလည်း ဈေးက အေးနေပါတယ်။

မုံရွာဈေးကွက်မှာ ကုလားပဲလုံးဝါကြီးက တစ်တင်းကို ငွေကျပ် ၂၈၀၀၀၊ ကုလားပဲလုံးဝါသေးက တစ်တင်းကို ငွေကျပ် ၃၀၀၀၀၊ ကုလားပဲလုံးဖြူသေးက တစ်တင်းကို ငွေကျပ် ၃၀၀၀၀ နဲ့ တစ်တင်းကို ငွေကျပ် ၂၀၀၀ နီးပါး ဈေးကျဆင်းခဲ့ပြီး ကုလားပဲလုံးဖြူကြီးကတော့ တစ်တင်းကို ငွေကျပ် ၃၄၀၀၀ နဲ့ တစ်တင်းကို ငွေကျပ် ၁၀၀၀ လောက် ဈေးက ကျဆင်းသွားခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ၁ လပိုင်းကနေ ၁၁ ပိုင်းအထိ ပြည်ပကို တန်ချိန်ပေါင်း ၃၈၃၀၂ တန် တင်ပို့ပြီး ဖြစ်ပါတယ်။

**ပဲတီစိမ်းဈေးပြန်ကျဆင်း**

နိုဝင်ဘာလအစမှာ ဈေးတက်ခဲ့တဲ့ ပဲတီစိမ်းက ဒီတစ်ပတ်မှာလည်း ဈေးကျဆင်းခဲ့ပါတယ်။ မကြာသေးခင်က ပဲအသစ်တွေ ဆက်တိုက်ဝင်လာနေပြီး ဝယ်လိုအားက အလွန်များခဲ့တဲ့အတွက် ဈေးက တက်လာခဲ့ပေမယ့် လက်ရှိမှာတော့ ပဲအသစ်တွေ ဆက်တိုက်ဝင်နေပြီး ဈေးအနည်းငယ် ပြန်ကျဆင်းသွားခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဈေးကျဆင်းခဲ့ပေမယ့် မုံရွာဈေးကွက်မှာတော့ ပဲတီစိမ်းက တစ်တင်းကို ငွေကျပ် ၂၀၀၀ လောက်အထိ ဈေးက မြင့်တက်ခဲ့ပါတယ်။ ပဲတီစိမ်းအကြီး တစ်တင်းကို ငွေကျပ် ၂၆၀၀၀၊ အသေးကို ငွေကျပ် ၂၇၀၀၀ အထိ ပေါက်ဈေးရှိခဲ့ပါတယ်။ မုံရွာဈေးကွက်မှာ ဈေးတက်ခဲ့ပေမယ့် ပြည်ဈေးကွက်နဲ့ ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ငွေကျပ် ၂၀၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ကြက်သွန်ဖြူ(အောင်ပန်း၊တောင်ကြီး)ဈေးကျဆင်း**

ကြက်သွန်ဖြူကတော့ ဆက်ပြီးဈေးကျဆင်းသွားခဲ့ပါတယ်။ လက်ရှိ ကြက်သွန်အသစ်တွေ အဝင်များလာတဲ့အတွက် ကြက်သွန်ဖြူဈေးတွေ ကျဆင်းနေတာပဲ ဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ပိဿာကို အနိမ့်ဆုံး ငွေကျပ် ၁၈၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၃၀၀၀ ထိ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ငွေကျပ် ၂၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ တောင်ကြီးဈေးကွက်မှာတော့ ကြက်သွန်ဖြူ(မျိုးခြား)က တစ်ပိဿာကို ငွေကျပ် ၇၅၀၊ ဥလတ်က ငွေကျပ် ၆၅၀၊ ရှယ်က ငွေကျပ် ၉၅၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ငွေကျပ် ၂၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။

ပြည်ကုန်စည်ဒိုင်ဈေးကွက်မှာလည်း ရှမ်းက တစ်ပိဿာကို ငွေကျပ် ၂၂၀၀၊ ကြူကုတ်က ငွေကျပ် ၁၇၅၀ ရှိပြီး တစ်ပိဿာကို ငွေကျပ် ၁၀၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာတော့ နှမ်းရောင်စုံက နှစ်ပတ်ဆက်တိုက် ဈေးတက်နေပါတယ်။ ဆောင်းနှမ်းတွေ အသစ်တွေ ဝင်နေပြီဖြစ်ပြီး အဝယ်လိုက်နေတဲ့အတွက် နှမ်းရောင်စုံဈေးတွေ တက်လာတာဖြစ်ပါတယ်။

**နှမ်းမျိုးစုံဈေးတက်**

နှမ်းဖြူကတော့ ဒီတစ်ပတ်မှာ တစ်တင်းကို ငွေကျပ် ၅၀၀၀ ကျော်ဈေးမြင့်တက်ခဲ့ပါတယ်။ ဆောင်းနှမ်းတွေ ဝင်ရောက်လာပြီး အဝယ်လိုက်လာတဲ့အတွက် ဈေးကမြင့်တက်နေပါတယ်။ နှမ်းဖြူ တစ်တင်းက ဒီတစ်ပတ်မှာ တစ်တင်းကို ငွေကျပ် ၄၃၀၀၀ အမြင့်ဆုံးပေါက်ဈေးရှိနေပါတယ်။

နှမ်းဝါကတော့ ဒီတစ်ပတ်မှာ တစ်တင်းကို ငွေကျပ် ၁၀၀၀ နီးပါးဈေးမြင့်တက်ခဲ့ပါတယ်။ တခြားနှမ်းတွေလောက် အရောင်းအဝယ် သိပ်မရှိပေမယ့် ပို့ကုန်တစ်ခုဖြစ်တဲ့အတွက် ဈေးအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ လက်ရှိနှမ်းဝါ ပေါက်ဈေးက တစ်တင်းကို ငွေကျပ် ၃၄၂၅၀ ရှိပါတယ်။

နှမ်းနီကတော့ မန္တလေးဆီစက် လုပ်ငန်းရှင်တွေက အဓိက ဝယ်ယူပြီး ဆောင်းနှမ်းတွေ ပေါ်လာပြီဖြစ်တဲ့အတွက် အဟောင်းတွေရော အသစ်တွေပါ အဝယ်လိုက်လာနေပါတယ်။ လက်ရှိ ပေါက်ဈေးကတော့ တစ်တင်းကို ငွေကျပ် ၃၄၀၀၀ ရှိပြီး တစ်တင်းကို ငွေကျပ် ၁၀၀၀ လောက်ဈေးတက်ခဲ့ပါတယ်။

နှမ်းနက်ကလည်း တစ်တင်းကို ငွေကျပ် ၅၀၀ လောက်ဈေးမြင့်လာပြီး ဒီတစ်ပတ် ပေါက်ဈေးကတော့ တစ်တင်းကို ငွေကျပ် ၃၈၅၀၀ ရှိပါတယ်။

နှမ်းညိုကတော့ တစ်တင်းကို ငွေကျပ် ၁၅၀၀ လောက်ဈေးမြင့်တက်ခဲ့ပြီး ဒီတစ်ပတ် ပေါက်ဈေးကတော့ တစ်တင်းကို ငွေကျပ် ၃၄၀၀၀ ရှိပါတယ်။

**ပန်းနှမ်းဈေးကျ**

ပန်းနှမ်းကတော့ တခြားနှမ်းတွေနဲ့ မတူဘဲ ထူးခြားစွာ ဈေးကျဆင်းနေခဲ့ပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ငွေကျပ် ၅၆၀၀၀ ပေါက်ဈေးရှိပေမယ့် မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ငွေကျပ် ၁၈၀၀၀ နဲ့ နှစ်ပတ်ဆက်တိုက် ဈေးငြိမ်နေပါတယ်။

# ပျားရည်တင်ပို့ရာတွင် ကုန်စည်ကျန်းမာရေး သက်သေခံလက်မှတ်ကိုင်ဆောင်ရန် လိုအပ်နေ

**ဇာလင်းသူ**(AMIA)

တရုတ်နိုင်ငံက ခွင့်ပြုပေးထားသည့် ပညာပေးကာလ ကျော်လွန်လာပြီဖြစ်၍ မြန်မာ့ပျားရည်များကို တရုတ်သို့တင်ပို့ရာတွင် ကုန်စည်ကျန်းမာရေး သက်သေခံလက်မှတ်ကိုင်ဆောင်ရန် လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့ပျားရည်များကို အများဆုံး ဝယ်ယူနေသည့် တရုတ်နိုင်ငံက ပညာပေးလုပ်ငန်းစဉ်အနေဖြင့် မြန်မာနိုင်ငံကို ပျားရည်တင်ပို့သည့် ရိုးရာကုန်သွယ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ပေးထားပြီး အကူးအပြောင်းကာလ ၁၈ လကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၈ ရက်အထိ စီစဉ်ပေးထားခဲ့ကြောင်း၊ ထို ၁၈ လ ကာလအတွင်း တင်ပို့ရောင်းချမည့် ပျားရည်၏ အစားအစာ ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုစနစ် စစ်ဆေး အကဲဖြတ်ခြင်း၊ ကုန်စည်များ အန္တရာယ်ရှိ မရှိ စိစစ်ခြင်းလုပ်ငန်းတို့ကို ပြီးစီးအောင် ဆောင်ရွက်ရမည်ဟု သတ်မှတ်ထားခဲ့ကြောင်း၊ ယခု ထိုကာလ ကျော်လွန်လာပြီဖြစ်၍ ကျန်းမာရေး သက်သေခံလက်မှတ် ရရှိမှသာ တင်ပို့ခွင့်ပြုခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပျားလုပ်ငန်းရှင်များအဖွဲ့ဝင် ဦးလွင်ဇော်က ပြောသည်။

"အဲဒီလက်မှတ်ရရှိဖို့ တရုတ်သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းရမယ်လို့ သိရပါတယ်၊ တရုတ်က အစိုးရကူးပြောင်းကာလတုန်းက မြန်မာ့ပျားရည်ပို့တဲ့အခါမှာ ပညာပေးကာလအနေနဲ့ ၁၈ လ သတ်မှတ်ပေးခဲ့တာပါ၊ အခု ၁၈ လကလည်း ပြည့်သွားပြီဖြစ်လို့ ပျားရည် ကုန်စည်ကျန်းမာရေးသက်သေခံလက်မှတ် တောင်းလာတာဖြစ်ပါတယ်၊ အီးယူလို၊ အမေရိကန်လို ပို့မယ်ဆိုရင်လည်း အဲဒီလို အရည်အသွေးစစ်ဆေးချက်တွေလုပ်ရပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် ပျားရည်၏ လုံခြုံရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ် မေးမြန်းစုံစမ်းခြင်း စာရွက်စာတမ်းတွင် ပါဝင်သည့်အချက်များမှာ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ဖွဲ့စည်းပုံ၊ သွင်းကုန်၊ ပို့ကုန် ပျားထွက်ကုန်ပစ္စည်း အရည်အသွေး လုံခြုံရေးစီမံခန့်ခွဲမှု အဖွဲ့အစည်း၊ လူအင်အားနှင့် အရာဝတ္ထု အရင်းအမြစ်များ၊ ကျင့်သုံးဆောင်ရွက်နိုင်စွမ်းနှင့် တရားဥပဒေသတ်မှတ်ချက်များ၊ ပျားမွေးမြူရေး အခြေခံစခန်း၊ ခွာတ်ခွဲစမ်းသပ်ခန်း၊ ကြီးကြပ်စစ်ဆေးရေး၊ ပြုစုပျိုးထောင်ရေးတို့ကို မွေးမြူရေးလုပ်ငန်းရှင်များက လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေး သက်သေခံလက်မှတ် (Health Certificate)သတ်မှတ်ချက်တွင် ပါဝင်သည့် အချက်အလက်များမှာ ကုန်ပစ္စည်းနှင့် ထုတ်လုပ်ရောင်းချသူ၏ အခြေခံအချက်အလက်များ၊ သက်သေခံလက်မှတ်တွင် ပါရှိသော အချက်အလက်များနှင့် လုပ်ငန်းအစီအစဉ် အချက်အလက်များဖြစ်ကြောင်း သိရသည်။ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် အချက်အလက်များကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးမှ ပေးပို့ထားကြောင်း၊ အကူးအပြောင်းကာလ စတင်ချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည့် ပျားရည်၏ ကျန်းမာရေး သက်သေခံလက်မှတ်(Health Certificate) သတ်မှတ်ချက်ကို မြန်မာနိုင်ငံမှ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အကူးအပြောင်း ကာလ ၁၈ လ အတွင်းတွင် အထက်ဖော်ပြပါ အချက်အလက်များကို တရုတ်နိုင်ငံဘက်မှ လက်ခံရရှိခဲ့ခြင်း မရှိပါက၊ ဖော်ပြပါ အလုပ်များကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ ခွင့်ပြုချက်များ ရရှိသည့်အချိန်အထိ မြန်မာ့ပျားရည် ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်မည်မဟုတ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိက ပျားမွေးမြူရေးကို ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးလုပ်ကိုင်ကြပြီး လက်ရှိတွင် ပြည်ပနိုင်ငံများသို့ တစ်နှစ်လျှင် ပျားရည် မက်ထရစ် တန်ချိန် ၃၀၀၀ ကျော် တင်ပို့ရောင်းချလျက်ရှိကာ တရုတ်၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချနေကြောင်း သိရသည်။

# မတ်ပဲဈေးမကောင်းသော်လည်း စိုက်ပျိုးမှုရှိနေ

**နတ်တလင်း ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အနောက်ဘက်ခြမ်းရှိ တာပွန်-နတ်တလင်း ကားလမ်းဘေးဝဲယာတစ်လျှောက်နှင့် ရေမွှေး၊ ဖလံကုန်း၊ ရေကြည်စသည့် ကျေးရွာအုပ်စုများမှ တောင်သူများအနေဖြင့် ယခုနှစ်တွင် မတ်ပဲဈေးမကောင်းသော်လည်း မတ်ပဲများကို စိုက်ပျိုးနေကြကြောင်း သိရသည်။

တောင်သူများအနေဖြင့် မတ်ပဲဈေးမကောင်းသော်လည်း ပြန်လည်စိုက်ပျိုးနေကြခြင်းမှာ မျိုးအတွက် စရိတ်အခက်အခဲကြောင့်ဖြစ်ကြောင်း သိရသည်။ ရေမွှေးရွာမှ တောင်သူဦးဇော်ကြီးက "မတ်ပဲကို ပြန်လည်စိုက်ပျိုးရတာက တောင်သူတွေမှာ အစားထိုးစိုက်ပျိုးရမယ့် ပဲမျိုးက ဈေးကြီးနေတယ်၊ ကုလားပဲမျိုး တစ်တင်းကို ထိုင်ဝမ်က ငါးသောင်း၊ မြကြေးမှုံနဲ့ နိုင်းတူးနိုင်းက ငါးသောင်းခွဲ ဈေးရှိတယ်၊ အဆင်မပြေကြတဲ့တောင်သူတွေက မျိုးဈေးကြီးမြင့်တဲ့ပဲမျိုးကို ဝယ်မကြဲနိုင်ကြဘူး၊ တချို့တောင်သူတွေလည်း ဧက ၂၀ ရှိရင် ၁၀ ဧကကို ကုလားပဲကြဲပြီး ကျန်တဲ့ ၁၀ ဧကမှာ အဆင်သင့်ရှိတဲ့ မတ်ပဲကို ကြဲရတယ်"ဟု ပြောသည်။

"ကုလားပဲက အပင်ပေါက်နှုန်းကောင်းပြီး မြေအနေအထားနဲ့ ရာသီဥတုဖောက်ပြန်မှုကြောင့် အပင်သေတာတွေရှိတယ်၊ မတ်ပဲက အခုအချိန်အထိ အပင်ကောင်းတယ်၊ အရင်နှစ်တွေမှာ ဓာတုဆေးတွေသုံးပေမယ့် ဒီနှစ်မှာ ဇီဝဆေးကို ပြောင်းသုံးကြတယ်၊ ဓာတုဆေးဈေးကလည်း အခုနှစ်မှာ ပိုပြီးတက်နေတယ်၊ ဓာတုကင်းစင်တဲ့မတ်ပဲကို အခြားနိုင်ငံတွေက ဝယ်မယ်လို့တော့ ကြားတယ်၊ တောင်သူတွေအနေနဲ့ မတ်ပဲဈေးမကိုက်ပေမယ့် မျိုးအဆင်သင့်ရှိနေကြတဲ့အတွက် စိုက်ပျိုးနေကြရတယ်၊ မတ်ပဲဈေးကောင်းလာရင်လည်း ဆက်လက်စိုက်ပျိုးကြမှာဖြစ်ပြီး ဈေးမကောင်းဘဲ အရှုံးနဲ့ရင်ဆိုင်ရတာတွေ များလာရင် တဖြည်းဖြည်းနဲ့ အခြားအစားထိုးသီးနှံများ စိုက်ပျိုးကြမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

တောင်သူများအနေဖြင့် ပုံမှန်စိုက်ပျိုးနေကျဖြစ်သည့် မတ်ပဲအစား ယခုနှစ်တွင် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးရမည့်အခါ ရာသီဥတုအခြေအနေ၊ မြေအနေအထား၊ မျိုးပဲဝယ်ယူရေးစရိတ် စသည့် အခက်အခဲများကြောင့် မတ်ပဲဈေး မကောင်းသည်ကို သိရှိကြသော်လည်း ဆက်လက်စိုက်ပျိုးနေရခြင်းဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ဖြင့် နယ်စပ်ကုန်သွယ်မှုတိုးလာ

**ဇာလင်းသူ**(AMIA)

နယ်စပ်ဒေသတွင် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်(ITC)ဖြင့် ကုန်သွယ်မှုသည် လက်ရှိဘဏ္ဍာနှစ်အတွင်း တိုးတက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ITC ကတ်နဲ့ အိန္ဒိယဘက်ကို ကုန်သွယ်မှုပြုလုပ်နေတဲ့ စစ်ကိုင်းတိုင်းအတွင်းက လုပ်ငန်းရှင် ၅၀ ကျော်ရှိတယ်။ ITC ကတ်နဲ့ လုပ်လိုက်တော့ နိုင်ငံတော်လည်း ဝင်ငွေတွေရပြီး တရားဝင်ကုန်သွယ်သူတွေကိုလည်း ကာကွယ်ပေးလို့ရပါတယ်"ဟု တမူးနယ်စပ်ကုန်သည်များအသင်း အတွင်းရေးမှူး ဦးခင်မောင်တင့်က ပြောသည်။

ITC ကတ်ဖြင့် မှတ်ပုံတင်ထားသူ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်တစ်ဦးသည် မြန်မာကျပ်ငွေဖြင့် တစ်ရက်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငါးရက်အတွင်း စုစုပေါင်း တစ်ကြိမ်တည်း ငွေကျပ် သိန်း ၅၀ ဖိုးအထိ ကုန်သွယ်ခွင့်ပြုထားကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ယင်းကတ်ဖြင့် ကုန်သွယ်သူ အရေအတွက်သည် ၁၁၀ ကျော်ရှိပြီး အဆိုပါကုန်သွယ်မှုများမှ ပို့ကုန်တန်ဖိုးသည် ကျပ်သိန်းပေါင်း ၂၁ သိန်းကျော်နှင့် သွင်းကုန်တန်ဖိုးသည် ကျပ်သိန်းပေါင်း ၂၃ သိန်းကျော်ရှိကြောင်း သိရသည်။

ITC ကတ်ဖြင့် ကုန်သွယ်မှုကို ယခင်က တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှသာ ကုန်သွယ်ခွင့်ပြုခဲ့ရာမှ ယခုအခါ မြန်မာနိုင်ငံတွင်ရှိသည့် ကုန်သွယ်ရေးစခန်း ၂၀တွင် နယ်စပ်စခန်းအလိုက် ကုန်သွယ်မှုပြုနိုင်ကြောင်း သိရသည်။ အဆိုပါ ITC ကတ် ကိုင်ဆောင်သူသည် နှစ်နိုင်ငံငွေကြေးကို အခြေခံ ဆောင်ရွက်သော နယ်စပ်ကုန်သွယ်မှု နည်းလမ်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ်စနစ်ဖြင့် ငွေပေးချေဆောင်ရွက်သည့် နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် တင်ပို့တင်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခွင့်မပြုထားကြောင်း သိရသည်။

# အစေး မထွက်တော့သည့် ရော်ဘာပင် တစ်တန်လျှင် ကျပ်ရှစ်သောင်းကျော်အထိ ဈေးရရှိနေ

**ဇာလင်းသူ**(AMIA)

သက်တမ်း ၂၅ နှစ်ရှိသည့် အစေးမထွက်တော့သော နှစ်ရှည် ရော်ဘာပင်များကို ခုတ်လှဲရောင်းချရာတွင် တစ်တန်လျှင် စက်ရုံသွင်းခ ကျပ် ၈၀၀၀၀မှ ၈၅၀၀၀ ကြား ရရှိနေကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများက ပြောကြားသည်။

"သက်တမ်းကုန်ရော်ဘာခြံတွေကို ခုတ်လှဲပြီးတော့ အပင်သစ်စိုက်ဖို့ လုပ်ကြရတယ်၊ လက်ရှိမှာတော့ သုံးလေးခြံလောက် ခုတ်လှဲရောင်းချနေတယ်၊ တစ်ခြံကို အနည်းဆုံး ၁၀ ဧက ကျော်လောက်ရှိတာဆိုတော့ တစ်ရက်ကို အကြမ်း တန် ၅၀နဲ့ အချောထည် ၁၅ တန်လောက် ရရှိတယ်၊ ခုတ်လှဲလိုက်တဲ့ ရော်ဘာပင်တွေကို စက်နဲ့ဖြတ်ပြီးတော့ အပူပေးတယ်၊ လိုအပ်တဲ့အရွယ်အစားအလိုက် ဆေးသွင်းပြီးတော့ ရော်ဘာသစ်သားပြားတွေ ရရှိတယ်၊ ပရိဘောဂပစ္စည်းတွေ တစ်ဆင့်ထပ်ထုတ်လုပ်တယ်၊ အများဆုံးတော့ လေးပေအပြားတွေ ရရှိပြီးတော့ ပါကင်ထုပ်ပြီး ပြည်ပကိုပို့တယ်"ဟု တနင်္သာရီ တိုင်းဒေသကြီးမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ ဦးစိုးနိုင်က ပြောသည်။

ထိုရော်ဘာသစ်ပြားများကို ဂျပန်၊ အမေရိကန်နှင့် တရုတ်သို့ အဓိကတင်ပို့ပြီး အလုပ်ရုံတစ်ခုလျှင် အလုပ်သမား ၁၀ ဦးမှ ၁၀၀ ကြားရှိကြောင်း၊ မွန်ပြည်နယ်တွင် ရော်ဘာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နေသည့် စက်ရုံများရှိကာ ထိုစက်ရုံများမှ ကုန်ကြမ်း၊ ကုန်ချောများ ထုတ်လုပ်၍ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ ကုန်ကြမ်းများဝယ်ယူရာတွင် အရည်အသွေးမီသော ကုန်ကြမ်းများကိုသာ ရွေးချယ်ဝယ်ယူကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဝင်းက "ရော်ဘာကဏ္ဍဖွံ့ဖြိုးလာဖို့ စပ်မျိုးတွေကို သုတေသနပြုစမ်းသပ်တာတွေ လုပ်ပြီးပြီ၊ မြေသြဇာနှုန်းဘယ်လောက်ဆိုရင် ရော်ဘာကြီးထွားနှုန်း ဘယ်လောက်ရှိလဲဆိုတာ စမ်းသပ်မှုတွေ လုပ်နေတယ်၊ အစေးခြစ်စနစ်၊အစေးခံစနစ်နဲ့ အစေးခံအက်ဆစ် အမျိုးမျိုးနဲ့ စမ်းသပ်တယ်၊ တောင်သူတွေလည်း အသိပညာတိုးတက်အောင် မျိုးစေ့မှတ်ပုံတင်လုပ်ပြီးတော့ တောင်သူတွေကို ချပြမယ်၊ သင်တန်းတွေ ပို့ချမယ်"ဟု ဌာနမှ လုပ်ဆောင်နေမှုနှင့် ဆက်လက်လုပ်ဆောင်မည့်အစီအစဉ်များကို ပြောသည်။

စက်ရုံများအနေဖြင့် ရော်ဘာရာသီဖြစ်သည့် နိုဝင်ဘာနှင့် ဒီဇင်ဘာများ၌ တစ်ရက်လျှင် တန်ချိန် ၁၀၀ ဝန်းကျင် ဝယ်ယူကြကြောင်း၊ ဝယ်ယူရာတွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် သက်ဆိုင်ရာ ကိုယ်စားလှယ်များမှတစ်ဆင့် ဝယ်ယူကြောင်း သိရသည်။

ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ရော်ဘာအရည်အသွေးမြှင့်တင်ရန် TSR ထုတ်လုပ်ရေး စက်ရုံများ ထူထောင်ရန်လိုပြီး ရော်ဘာအရည်အသွေး ထိန်းချုပ်ရန်နှင့် အရောင်းအဝယ်လုပ်ငန်းများနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်သင့်ကြောင်း၊ သတင်းအချက်အလက်၊ ဈေးနှုန်းများ ကြေညာခြင်းဖြင့် တည်ငြိမ်သည့် ရော်ဘာဈေးကွက်တစ်ခု ဖန်တီးသင့်ပြီး ဌာနဆိုင်ရာ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ရော်ဘာစိုက်ပျိုးသူအသင်းများက အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ကြောင်း သိရသည်။

ရော်ဘာကို ကမ္ဘာပေါ်တွင် အဓိကအားဖြင့် နိုင်ငံ ၂၃ နိုင်ငံတွင် ထုတ်လုပ်နေပြီး အဆိုပါနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင် ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရော်ဘာဧက ၅ ဒသမ ၅၈ သိန်းရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ တွင် စိုက်ဧက ၁၂ ဒသမ ၄၆ သိန်းအထိ နှစ်ဆကျော် တိုးတက်လာသလို ထုတ်လုပ်မှုတွင်လည်း ၂၀၀၅-၂၀၀၆ က တန်ချိန် ၀ ဒသမ ၆၄ သိန်း ရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ တွင် တန်ချိန် ၁ ဒသမ ၂၇ သိန်းအထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၁၉-၂၀၂၀ တွင် ရော်ဘာတန်ချိန် ၃၂၀၀၀၀ မှ ၃၃၀၀၀၀ ခန့်အထိ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်းလည်း သိရသည်။

# ပြည်တွင်းမှ ကျွဲကောသီးများ အထွက်နှုန်းနည်း၍ ပြည်ပသို့ မတင်ပို့နိုင်

**ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ-ကေဇူး**(AMIA)



မွန်ပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်သည့် ကျွဲကောသီးသည် အထွက်နှုန်းနည်းပါးခြင်းကြောင့် တရုတ်နိုင်ငံဈေးကွက်က စိတ်ဝင်စားနေသော်လည်း ပြည်ပသို့ တင်ပို့မှု မပြုလုပ်နိုင်သေးကြောင်း ပြည်နယ်အတွင်း ကျွဲကောစိုက်တောင်သူများထံမှ သိရသည်။

မွန်ပြည်နယ်၌ ကျွဲကောစိုက်ဧက ၂၀၀၀ ကျော်ရှိပြီး တစ်ရာသီတွင် အလုံးရေ ၁၁၅ သိန်းကျော် ထွက်ရှိသော်လည်း ပြည်တွင်း၌သာရောင်းချနိုင်ကာ ပြည်ပသို့ တင်ပို့ရန် လုံလောက်သော အသီးအထွက်နှုန်း မရှိသောကြောင့် တင်ပို့မှု မပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျွဲကောစိုက်တောင်သူ ဦးမျိုးဟန်က ပြောသည်။

"ပြည်ပပို့မယ်ဆိုရင်လည်း တရုတ်နိုင်ငံကတော့ စိတ်ဝင်စားတယ်၊ ဒါပေမယ့်လည်း လုံလောက်တဲ့ ပစ္စည်းအရေအတွက် မရှိတာကြောင့် တင်ပို့နိုင်မှုမရှိသေးပါဘူး၊ နောက် တိုးချဲ့စိုက်ပျိုးဖို့လည်း မြေနေရာ မရှိတာရယ်၊ မျိုးစေ့ခွဲခြားနိုင်မှုမရှိတာကြောင့် မျိုးရောနှောနေတာတွေကြောင့်လည်း မပို့နိုင်ဖြစ်နေတာပါ"ဟု ၎င်းကပြောသည်။ မြေနေရာခက်ခဲမှုရှိနေခြင်းကြောင့် နောက်ပိုင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကျွဲကောအစု အဖွဲ့များက ကျွဲကောဇုန် ပြုလုပ်နိုင်မှသာ ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာမညကုန်သွယ်မှုဇုဟိုဌာန တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က "ကျွဲကောဇုန်လုပ်နိုင်မှ export လုပ်နိုင်မယ်၊ နောက်ပိုင်း GAP ပုံစံနဲ့ စိုက်ပျိုးနိုင်အောင်လုပ်မှာဖြစ်တယ်၊ GAP လက်မှတ်မရှိတော့ အဆင်မပြေဘူး၊ ဒီလက်မှတ်ရှိရင် ကြိုက်တဲ့နိုင်ငံ ပို့လို့ရတယ်"ဟု ပြောသည်။

ကျွဲကောသီးများသည် တစ်နှစ်လျှင် နှစ်သီးထွက်ရှိပြီး မိုးကာလ ဝါခေါင်လများတွင် အသီးစတင်ခူး၍ ရောင်းချရကာ ရာသီဥတုမှန်ပါက မိုးကာလအသီး ထွက်နှုန်းသည် နွေဘက်ထက် ပိုမိုများပြီး ဈေးကောင်းရတတ်သဖြင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းတတ်ကြောင်း သိရသည်။ ကျွဲကောသီး စိုက်ပျိုးလုပ်ကိုင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများရရှိပြီး ဈေးကွက်ကောင်းတစ်ခုကို တာဝန်ရှိသူများက ဖော်ဆောင်လုပ်ကိုင်ပေးမည်ဆိုပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ကျွဲကောစိုက်ပျိုးသူများထံမှ သိရသည်။

# လယ်ဝေးမြို့နယ်တွင် ပန်းဂေါ်ဖီများ စတင်စိုက်ပျိုး

**လယ်ဝေး ဒီဇင်ဘာ ၃**

နေပြည်တော် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု မကျီးကုန်းကျေးရွာဆောင်းသီးနှံ ပန်းဂေါ်ဖီများ စတင်စိုက်ပျိုးလျက်ရှိသည်။ အဆိုပါ ပန်းဂေါ်ဖီများကို တော်သလင်းလဆန်းပိုင်းတွင် စတင်ပျိုးထောင်ကာ သီတင်းကျွတ်လတွင် ရွှေ့ပြောင်းစိုက်ပျိုးပြီး ပြာသိုလဆန်းပိုင်းအတွင်း ခူးဆွတ်နိုင်ကြောင်း သိရသည်။

မကျီးကုန်းကျေးရွာမှ ပန်းဂေါ်ဖီစိုက်ပျိုးသူ ဦးအောင်မြင့်က ယခုနှစ်တွင် ကျေးရွာအတွင်း ယာသီးနှံ ဧက ၇၀ ခန့်စိုက်ပျိုးပြီး ငရုတ်၊ ပြောင်း၊ ပန်းမုံလာ၊ ဂေါ်ဖီ၊ ခရမ်းချဉ်သီးများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိကြောင်း၊ ရာသီပေါ်သီးနှံများကို ပျဉ်းမနားမြို့ အာဟာရသုခဈေးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပန်းဂေါ်ဖီစိုက်ပျိုးမှုမှာ တစ်ဧက ကုန်ကျစရိတ် ကျပ်ကိုးသိန်းခန့်ရှိပြီး ရာသီဥတုအပေါ် မူတည်ကာ အထွက်နှုန်းကောင်းမွန်လေ့ရှိကြောင်း သိရသည်။

**ကျော်စွာ(လယ်ဝေး)**

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအကြောင်း သိကောင်းစရာ

ဒေါ်လှမျိုးနွယ်

*ယမန်နေ့မှ အဆက်*

**(င) အခွင့်အရေးနှင့် တာဝန်များအရ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း**

တိုင်းဒေသကြီး၊ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေး သို့မဟုတ် တာဝန်ကို ထိခိုက်နစ်နာစေမည့်အငြင်းပွားမှု ပေါ်ပေါက်လာလျှင် ထိုထိခိုက်နစ်နာခြင်းခံရသောအဖွဲ့အစည်းက ခုံရုံးသို့ အဆုံးအဖြတ်ခံယူရန် တင်သွင်းနိုင်ပါသည်။

**(စ) ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ စိစစ်ဆုံးဖြတ်ခြင်း**

ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စိစစ်ဆုံးဖြတ်ပေးရန် အကြောင်းကြားလာသောကိစ္စများတွင်လည်း ခုံရုံးက ဆုံးဖြတ်ပေးရပါသည်။

**(ဆ) တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း**

တရားရုံးတစ်ရုံးက စစ်ဆေးနေဆဲအမှုတွင် ကိုးကားကျင့်သုံးသော ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ၊ မရှိ၊ ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားမှုပေါ်ပေါက်ပြီး ထိုအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ခုံရုံးကလည်း တစ်စုံတစ်ရာဆုံးဖြတ်ချက် ချမှတ်ထားခြင်းမရှိသေးလျှင် အဆိုပါ တရားရုံးသည် ပြည်ထောင်စုတရားသူကြီးချုပ်၏ သဘောထားထင်မြင်ချက်နှင့်အတူ ခုံရုံးသို့ တင်သွင်းနိုင်ပါသည်။

ဤသို့ တင်သွင်းရန် လျှောက်ထားချက်အားခွင့်ပြု၊ မပြုကို အဆိုပါတရားရုံးက ဆုံးဖြတ်ခွင့်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီကိစ္စအပေါ် ဆုံးဖြတ်ချက်ရယူရန် လိုအပ်သည်ဟု အဆိုပါ တရားရုံးကတွေ့ရှိပါက ခုံရုံးသို့ တင်ပြနိုင်ပါသည်။ ဤသို့ အဆုံးအဖြတ်ခံယူနေဆဲကာလတွင် တရားရုံးသည် ယင်းကြားနာနေသော အမှုကို ဆိုင်းငံ့ထားရပါမည်။

**(ဇ) အခြားလုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း**

ခုံရုံးကထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များအပြင် အခြားလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေဖြင့် တာဝန်ပေးအပ်ပါက ခုံရုံးက ဆောင်ရွက်ရန်ဖြစ်ပါသည်။

**ခုံရုံးသို့တင်သွင်းခွင့်ရှိသူများ**

ခုံရုံးသည် ထောင်ဒဏ်၊ ငွေဒဏ်အစရှိသော ပြစ်ဒဏ်များ ချမှတ်ခြင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက အာဏာသက်ရောက်မှု ရှိစေရန် အရေးယူဆောင်ရွက်ခြင်း (Enforcement)များ လုပ်ဆောင်နိုင်သော အဖွဲ့အစည်းမဟုတ်သော်လည်း ယင်း၏ ဆုံးဖြတ်ချက်သည် နိုင်ငံတော်၏ ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်ထိ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှု အတိုင်းအတာရှိသောကြောင့် ခုံရုံးသို့တင်သွင်းခွင့်ရှိသူများကို သတ်မှတ်ထားသကဲ့သို့ တင်သွင်းရမည့်ကိစ္စများကိုလည်း ကန့်သတ်ထားပါသည်။

ခုံရုံးသို့တိုက်ရိုက် တင်သွင်းခွင့်ရှိသူများအဖြစ် (က) နိုင်ငံတော်သမ္မတ၊ (ခ) ပြည်ထောင်စုလွှတ်တော်နာယက၊ (ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ (ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ (င) ပြည်ထောင်စု တရားသူကြီးချုပ်၊ (စ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့ကို သတ်မှတ်ထားပါသည်။

ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များနှင့် လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ ၊ ဒေသဦးစီးအဖွဲ့၏ ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသူများကလည်း မိမိတို့သက်ဆိုင်ရာ အကြီးအကဲများကတစ်ဆင့် သတ်မှတ်ထားသော နည်းလမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခုံရုံးသို့ တင်သွင်းနိုင်ပါသည်။

**ခုံရုံးစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊မဲပေးခြင်း**

အဓိပ္ပာယ်ဖွင့်ဆိုပေးရန်၊ အငြင်းပွားမှုအတွက်ဆုံးဖြတ်ချက်ချမှတ်ပေးရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပေးရန် ခုံရုံးသို့ တင်သွင်းလာသော ကိစ္စများနှင့် စပ်လျဉ်း၍ ခုံရုံးဥပဒေ၊ နည်းဥပဒေများအရ အဖွဲ့ဝင် သုံးဦးပါဝင်သော တင်သွင်းလွှာစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းရပါမည်။ တင်သွင်းသူများအနေဖြင့် ယင်းတို့တင်သွင်းလွှာတွင် အဆုံးအဖြတ်ပေးရန် သို့မဟုတ် အဓိပ္ပာယ်ဖွင့်ဆိုပေးရန်အချက်ကို ရှင်းလင်းတိကျစွာ ဖော်ပြရန်လိုပါသည်။ တင်သွင်းလွှာတွင် ခုံရုံးဥပဒေ၊ နည်းဥပဒေအရ သတ်မှတ်ထားသည့် လိုအပ်ချက်၊ ပုံစံများပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရပါသည်။ လိုအပ်ချက်၊ သတ်မှတ်ချက်များ ပြည့်စုံမှုမရှိပါက တင်သွင်းလွှာကို လက်မခံဘဲ ပြည့်စုံစွာတင်ပြရန် တောင်းဆိုနိုင်ပါသည်။

ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ် သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်း ရှိလျှင် ထိုသူများထံသို့ စိစစ်ရေးအဖွဲ့က အကြောင်းကြားရပါသည်။အဆိုပါအဖွဲ့၏ စိစစ်မှုလုပ်ငန်းများ ပြီးမြောက်ပြည့်စုံသည့်အခါတွင် တင်သွင်းလွှာအပေါ် ကြားနာဆုံးဖြတ်နိုင်ရန်အတွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော ခုံရုံးကို ဖွဲ့စည်းရန်ဖြစ်ပါသည်။

တင်သွင်းလွှာကို ကြားနာရာတွင် တာဝန်တစ်ရပ်ရပ်အရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင်အားလုံးမတက်ရောက်နိုင်ပါက ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး ခြောက်ဦးဖြင့် ကြားနာရပါသည်။ သို့သော် တင်သွင်းလွှာကို ဆုံးဖြတ်သည့်အခါတွင်မူ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အားလုံးက ပါဝင်ဆုံးဖြတ်ရမည်ဟု ခုံရုံးဥပဒေတွင် သတ်မှတ်ထားပါသည်။

> **“ ခုံရုံးသို့ အပ်နှင်းထားသော လုပ်ငန်းတာဝန်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြစ်မှုကြောင်း၊ တရားမကြောင်းအရ တာဝန်ရှိမှုအပေါ် စိစစ်ရန်မဟုတ်ဘဲ ဥပဒေပြုအဖွဲ့အစည်းတို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် လည်းကောင်း၊ အခွင့်အာဏာအပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏ ဆောင်ရွက်ချက်များသည် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီ၊ မညီ စစ်ဆေးကြပ်မတ်ရေး တာဝန်သာဖြစ် ”**

ခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရပါသည်။ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သဘောထားတို့နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ချမှတ်သည့်အခါတွင်မူ ခုံရုံး၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ဆောင်ရွက်ရပါသည်။

**ခုံရုံးကကြားနာခြင်း**

ခုံရုံးကကြားနာမည့်နေ့ရက်ကို ခုံရုံးကြော်ငြာသင်ပုန်းနှင့် ဝက်ဘ်ဆိုက်တွင် ကြိုတင်ကြေညာရပါသည်။ ကြားနာသည့်အခါ ဘာသာရပ်ကျွမ်းကျင်သူ၏ သဘောထားနှင့် အကြံဉာဏ်များကိုရယူရန် လိုအပ်သည်ဟုယူဆပါက ရယူနိုင်ပါသည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းထံက လိုအပ်သော စာရွက်စာတမ်း၊ အထောက်အထားများကို တောင်းခေါ်ကြည့်ရှုခွင့်ရှိပါသည်။ တင်သွင်းလွှာအပေါ် အပြီးသတ်အမိန့်မချမီ မည်သည့်အဆင့်တွင်မဆို တင်သွင်းလွှာနှင့် သက်ဆိုင်သူ သို့မဟုတ် ဤကိစ္စအပေါ်သိရှိသူများ၏ သဘောထားကို ခုံရုံးက ရယူခွင့်ရှိပါသည်။ လိုအပ်ပါက သက်ဆိုင်ရာလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ကော်မရှင်တို့၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ၊ ဥပဒေကြမ်းအပေါ် လွှတ်တော်တွင်း ဆွေးနွေးချက်များ၊ မှတ်တမ်းများကို သက်ဆိုင်ရာလွှတ်တော်နာယက၊ ဥက္ကဋ္ဌများကတစ်ဆင့် တောင်းခေါ်ကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်၏ လျှို့ဝှက်ချက် သို့မဟုတ် လုံခြုံရေးကို ထိခိုက်စေနိုင်သော အကြောင်းကိစ္စမဟုတ်လျှင် အများပြည်သူရှေ့မှောက်တွင် ကြားနာရမည် ဖြစ်ပါသည်။ တရားခွင်သို့ အများပြည်သူဝင်ရောက် ကြားနာခွင့်ပေးပါက လုံခြုံရေးကို ထိခိုက်စေနိုင်သည့်အခြေအနေဖြစ်လျှင် အခြားတရားရုံးများနည်းတူ အများပြည်သူရှေ့မှောက်ကြားနာခြင်းကို ပိတ်ပင်နိုင်သည့်သဘောဖြစ်ပါသည်။ ခုံရုံးသည် ကြားနာရာတွင် ပြည်ထောင်စုရှေ့နေချုပ်ကို ရုံးတော်သဟာယအဖြစ် ဖိတ်ကြားနိုင်ပါသည်။

**ခုံရုံးဥပဒေ၊နည်းဥပဒေ၊အသုံးပြုနိုင်သော ကျင့်ထုံးများ**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးကို လက်တွေ့ဖော်ဆောင်ရာတွင် ကျင့်သုံးရန်အတွက် ခုံရုံးဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်ထားရပြီး ယင်းတို့နှင့် အညီ ဆောင်ရွက်ရပါသည်။ ခုံရုံး၏ လုပ်ငန်းလည်ပတ်မှုအရှိန်နှင့်အတူ တိုးပွားရရှိလာသည့် အတွေ့အကြုံ၊ အသိအမြင်ဖလှယ်မှုနှင့် လေ့လာတွေ့ရှိချက်များအပေါ်မူတည်၍ လက်တွေ့တရားစီရင်ရေးလုပ်ငန်းအား ပိုမိုအထောက်အကူဖြစ်စေရန်အတွက် ဥပဒေ၊ နည်းဥပဒေများကို လိုအပ်လာလျှင် လိုအပ်သကဲ့သို့ ပြင်ဆင်ဖြည့်စွက်မှုများလည်း ပြုလုပ်ကြရပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးက အဓိကအခြေခံထားရမည့်ဥပဒေများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ခုံရုံးဥပဒေနှင့် အခြားတည်ဆဲဥပဒေများဖြစ်သော်လည်း ခုံရုံးသည် တရားစီရင်ရေး အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ယင်းထံ တင်သွင်းလာသည့်ကိစ္စများကို တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ရခြင်းကြောင့် တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်ကြောင်း ခုံရုံးဥပဒေက ခွင့်ပြုထားပါသည်။

သို့သော်လည်း ဤကျင့်ထုံးများကို မဖြစ်မနေ ကျင့်သုံးရန်မဟုတ်ဘဲ ဆီလျော်သကဲ့သို့ကိုးကား ဆောင်ရွက်နိုင်ပါသည်။ ဆီလျော်မှု၊ စပ်ဆိုင်မှုမရှိပါက ကျင့်သုံးရန်မလိုပါ။ ဆီလျော်သကဲ့သို့ကျင့်သုံးဆောင်ရွက်နိုင်ကြောင်း လုပ်ပိုင်ခွင့်အရဆိုလျှင် ဆီလျော်ခြင်း၊ မဆီလျော်ခြင်း၊ ဆီလျော်သည့် အပိုင်းကို ကျင့်သုံးခြင်းစသော ဆုံးဖြတ်ပိုင်ခွင့်ကိုခုံရုံးက ပြုလုပ်နိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏သဘောသဘာဝ၊ ပေါက်ဖွားလာသည့် သမိုင်းအခြေခံ၊ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် အခွင့်အာဏာများအရ ခုံရုံးက စီရင်ပိုင်ခွင့်ရှိသော ကိစ္စရပ်များသည် ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိမှု၊ သို့မဟုတ် ဥပဒေအရပေါ်ပေါက်လာသည့် ပုဂ္ဂိုလ်ရေးအခွင့်အရေးရှိမှုတို့နှင့် အလျှင်း မသက်ဆိုင်ပါ။ သို့ပါ၍ ခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာ၊ အငြင်းပွားမှုများအပေါ် ဆုံးဖြတ်ရာတွင် ယင်းတရားစီရင်ရေး၏ သဘောသဘာဝနှင့် လျော်ညီမှုရှိစေရန် ‘တင်သွင်းလွှာ’၊ ‘တင်သွင်းသူ’၊ ‘တင်သွင်းခြင်းခံရသူ’ စသည့် အသုံးအနှုန်းများကို ကွဲပြားစွာ သုံးစွဲကြရပါသည်။

ခုံရုံးသို့ အပ်နှင်းထားသော လုပ်ငန်းတာဝန်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပြစ်မှုကြောင်း၊ တရားမကြောင်းအရ တာဝန်ရှိမှုအပေါ် စိစစ်ရန်မဟုတ်ဘဲ ဥပဒေပြုအဖွဲ့အစည်းတို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် လည်းကောင်း၊ အခွင့်အာဏာအပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီ စစ်ဆေးကြပ်မတ်ရေးတာဝန်သာ ဖြစ်ပါသည်။

**ခုံရုံး၏ဆုံးဖြတ်ချက်**

ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာရပါသည်။ ခုံရုံး၏ ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရ အာဏာသက်ဝင်မှုရှိစေရန် အရေးယူဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းမဟုတ်သော်လည်း ယင်း၏ ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အဓိကအခြေခံခြင်းဖြစ်၍ တင်သွင်းသူ၊ တင်သွင်းခြင်းခံရသူ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအစရှိသော သက်ဆိုင်သူများ အားလုံးတို့သည် ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရန် ဥပဒေတာဝန် (Legal Obligation) ရှိမည် ဖြစ်ပါသည်။ ဤသို့ မဟုတ်ဘဲ လိုက်နာဆောင်ရွက်မှုမရှိပါက ထိုပျက်ကွက်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် ယင်းတို့နှင့် သက်ဆိုင်သော ဌာန၊ အဖွဲ့အစည်း၏ ဥပဒေဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းကိုမူ လွှဲရှောင်နိုင်မည်မဟုတ်ပါ။

**တရားရုံး၊ ခုံရုံးများကို မရှိမဖြစ် ဖွဲ့စည်းရန် လိုအပ်ခြင်း ရှိ၊မရှိ**

ကမ္ဘာတွင် ရှေးအကျဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၇ ရာစုနှစ်၌ စတင်ပေါ်ပေါက်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံအတွက် အမြင့်ဆုံးဥပဒေ (Highest Law) အဖြစ် သတ်မှတ်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောတရားများ၊ အတွေးအခေါ်များ (Ideals)၊ အခြေခံမူများနှင့် ညီညွတ်သော ဥပဒေများ၊ ဆောင်ရွက်ချက်များဖြစ်စေရန် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်စောင့်ရှောက်ရန် (Safeguard) လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတိုင်း လိုက်နာဆောင်ရွက်မှုများဖြစ်စေရန် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားမျှတမှု (Constitutional Justice) ကို တည်ဆောက်ရန် လည်းကောင်း ထူးခြားသော တာဝန်အပ်နှင်းမှုများနှင့် သီးသန့်ထူထောင်ထားရှိသော ရုံးများဖြစ်ခြင်းကြောင့် ဖွဲ့စည်းရန် လို၊ မလို သုံးသပ်နိုင်မည်ဖြစ်ပါသည်။

ခေတ်သစ် ဒီမိုကရေစီစနစ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ ကြပ်မတ် စစ်ဆေးခြင်းလုပ်ငန်း ( Constitutional Review) ကို တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာ၏ အရေးကြီးသောအလှည့်အပြောင်းအဖြစ် သတ်မှတ်ခြင်းကြောင့် ဤအခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ တရားရုံးများသို့ သီးသန့်အပ်နှင်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ သြဇာအာဏာအကြီးမားဆုံး မူဝါဒရေးရာ ဥပဒေဖြစ်သည်နှင့်အညီ ယင်းပြဋ္ဌာန်းချက်များမှ တိမ်းစောင်းမှုမဖြစ်စေဘဲ တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ရန်အတွက် ခုံရုံးက ယင်း၏ တရားစီရင်ရေးလုပ်ငန်းဖြင့် ထိန်းကျောင်းကြပ်မတ်ရမည့် တာဝန်ရှိပါသည်။ ထို့အတူဥပဒေပြုအာဏာပိုင်၊ အုပ်ချုပ်ရေးအာဏာပိုင်နှင့် တရားစီရင်ရေးအာဏာပိုင်တို့၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန် အရေးကြီးပါသည်။ ထို့ကြောင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်ကို ခိုင်မာစွာဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံးများ ဖွဲ့စည်းရေးအခြေခံ အကြောင်းတရားသည် မလွဲမသွေပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ဆောင်နေကြသည့် နိုင်ငံများတွင်မဏ္ဍိုင်ကြီးသုံးရပ်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ ပြဿနာမှာ ပိုမိုများပြားကြောင်း တွေ့မြင်နိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရေးလုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ (Adjudication Procedures) ကတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပေးရသောကြောင့်လည်း အရေးကြီးသော အခန်းကဏ္ဍကို ပေါ်လွင်စေပါသည်။ ခုံရုံး၊တရားရုံးများက ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး (Constitutional Adjudication ) သည် ပြစ်မှု၊ တရားမမှုဆိုင်ရာ အခွင့်အာဏာရ တရားရုံးများ၏ တရားစီရင်ရေးနှင့် တူညီချင်းမရှိသောအချက်ကို သတိမူရန်လိုပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာအငြင်းပွားမှုများ ပေါ်ပေါက်လာလျှင် အခြေခံဥပဒေပါမူများ၊ သဘောတရားများ၊ လမ်းညွှန်ချက်များနှင့် ညီညွတ်သော ဆုံးဖြတ်ချက်များချမှတ်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တည်ငြိမ်အေးချမ်းရေး (Constitutional Order) ကို ထိန်းသိမ်းရသော ရှုထောင့်ကလေ့လာလျှင် မရှိမဖြစ် လိုအပ်သည့် (Indispensable) အဖွဲ့အစည်းများ ဖြစ်ကြောင်း ရှုမြင်နိုင်ပါသည်။

ကမ္ဘာနှင့်တစ်ဝန်း လုပ်ဆောင်ချက်များကို လေ့လာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားမျှတမှုနှင့် တရားစီရင်ရေး စနစ်ဖော်ဆောင်ရေးအတွက် ဦးဆောင်ကြိုးပမ်းနေသော World Conference on Constitutional Justice အဖွဲ့အစည်း၊ အာရှဒေသတွင်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ခုံရုံးများနှင့် အလားတူ တရားစီရင်ရေးအဖွဲ့အစည်းများပါဝင်သော အဖွဲ့ကြီး ( Association of Asian Constitutional Courts and Similar Institutions)၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံများရှိ ဒေသတွင်း အလားတူ အဖွဲ့အစည်းများပေါ်ပေါက်လာမှုနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတွေးအခေါ်၊ သဘာတရားများ (Concepts) သည် ပိုမိုကျယ်ပြန့်လာပါသည်။ သို့နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံးများသို့ အပ်နှင်းသော အခွင့်အာဏာသည်လည်း ပိုမို၍ ကြီးမားလာသည်ကို ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တူရကီနိုင်ငံ အစရှိသော နိုင်ငံများတွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်များက ထင်ရှားသော သာဓကအဖြစ် ပြသနေပါသည်။

*စာမျက်နှာ ၁၉ သို့*

# ကျွန်တော်နဲ့ ၂၀၁၈



ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော် B2B မဂ္ဂဇင်းနဲ့ ပတ်သက်ခဲ့တာ ငါးနှစ်ကျော်ခဲ့ပြီ။ မဂ္ဂဇင်းစထုတ်ချိန်ကစပြီး ပါဝင်ခဲ့တယ်။ မျက်နှာဖုံးဆောင်းပါးတွေ၊ စီးပွားရေးစကားဝိုင်းတွေ ပြုလုပ်ခဲ့တယ်။ နှစ်တစ်နှစ်ကုန်ခါနီး နောက်တစ်နှစ်အတွက် မြန်မာနိုင်ငံရဲ့စီးပွားရေးအလားအလာနဲ့ ပတ်သက်ပြီး စီးပွားရေးစကားဝိုင်းကို ဆောင်ရွက်ခဲ့တယ်။ ဒီနှစ်မှာလည်း မနေ့ကကျင်းပခဲ့တယ်။ ကျွန်တော်နဲ့အတူ ဆွေးနွေးဖို့ ဖိတ်ကြားထားတဲ့သူတွေက လူလတ်တွေ၊ စီးပွားရေးမှာ အောင်မြင်နေသလို တစ်ဖက်ကလည်း လူမှုလုပ်ငန်းတွေမှာ တွင်တွင် လုပ်နေကြသူတွေ၊ ကိုဝေဖြိုးက စက်မှုကုန်သည်အသင်းကြီးရဲ့ ဒုတိယဥက္ကဋ္ဌ၊ သူကိုယ်တိုင်က စားသောက်ကုန်ထုတ်လုပ်မှုကို စီးပွားရေးအရလုပ်ကိုင်နေသူ၊ လင်းလင်းတင်ထွန်းက နာမည်ကြီး ဝန်ဆောင်မှုကုမ္ပဏီတစ်ခုရဲ့အကြီးအကဲ၊ အမ်ဘီအေတွဲ့ရတွေ စုဖွဲ့ထားတဲ့ အမ်ဘီအီးအသင်းကြီးရဲ့ ဥက္ကဋ္ဌ၊ ကိုထွန်းထွန်းနိုင်ကတော့ ခေတ်မီနည်းပညာအသုံးပြုပြီး ဝန်ဆောင်မှုပေးနေတဲ့ ကုမ္ပဏီကို ဦးစီးနေပြီး စက်မှုကုန်သည်အသင်းကြီးရဲ့ လူငယ်စွန့်ဦးတီထွင်အဖွဲ့မှာ ဥက္ကဋ္ဌလုပ်နေသူ၊ ထူးခြားချက်တစ်ခုက သူတို့သုံးဦးဟာ B2B မဂ္ဂဇင်းရဲ့မျက်နှာဖုံးဆောင်းပါးမှာ ဖော်ထုတ်ခြင်းခံရသူတွေ၊ လုပ်နိုင်ကိုင်နိုင်မှုရှိသလို စီးပွားရေးပညာကိုလည်း လက်လှမ်းမီသူတွေ ဖြစ်ကြတယ်။ အခုလို တစ်ဖက်က စီးပွားရေးလုပ်ပြီး တစ်ဖက်က ကိုယ်တတ်နိုင်တဲ့ အပိုင်းမှာ လူမှုရေးလုပ်ငန်းတွေ လုပ်နေတာကို ကြိုဆိုမိတယ်၊ ချီးကျူးမိပါတယ်။

ကျွန်တော်က သူတို့နဲ့ပတ်သက်လို့ ၂၀၁၈ ခုနှစ်အတွက် စီးပွားရေးနဲ့ ပတ်သက်ပြီး ဟောကိန်းထုတ်စေခဲ့တာဖြစ်တယ်။ ပထမအပိုင်းမှာ လက်တွေ့ရင်ဆိုင်နေရတဲ့ စီးပွားရေးနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုတွေကို ဆွေးနွေးစေပါတယ်။ သုံးဦးစလုံးက သူတို့ ပါဝင်ပတ်သက်တဲ့ နယ်ပယ်မှာ အခက်အခဲတွေ ရှိနေတာကို ပြောကြတယ်။ စရိတ်စကကြီးမှု၊ ကုန်ဈေးနှုန်းတက်မှု၊ ပြိုင်ဆိုင်မှု ပြင်းထန်မှု၊ အနည်းဆုံးလုပ်ခလစာကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေ၊ ကိုထွန်းထွန်းနိုင်တင်ပြချက်မှာ လူတိုင်းလိုလို တယ်လီဖုန်းတွေ သုံးစွဲလာပြီး ရလာတဲ့ ဝင်ငွေတွေ နိုင်ငံခြားရောက်သွားကြောင်း တင်ပြခဲ့တယ်။

ကျွန်တော်က စီးပွားရေးဘဝနဲ့ ပတ်သက်ပြီး ဝိရောဓိဖြစ်နေတာကို တင်ပြခဲ့တယ်။ တစ်ဖက်က ကျပ်တည်းနေကြတယ်။ အခက်အခဲအမျိုးမျိုးကြုံတွေ့ရပေမယ့် သုံးစွဲမှုကရပ်မနေတာမြင်ရတယ်။ ရုံးပိတ်ရက်တွေမှာ ခရီးထွက်တာတွေက အံ့သြစရာပါပဲ။ ဒါနဲ့ပတ်သက်ပြီး ကိုဝေဖြိုးက စုဆောင်းမှုထက် ရသလောက်သုံးစွဲနေကြတာကို ထောက်ပြသွားခဲ့တယ်။ လင်းလင်းတင်ထွန်းက လူတွေရဲ့နေထိုင်မှုပုံစံပြောင်းလဲလာပြီး သုံးစွဲမှုတွေ တိုးနေတာကို ဖော်ပြခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော့်အတွက် စဉ်းစားစရာဖြစ်လာတယ်။ စီးပွားရေးသီအိုရီအရ စားသုံးမှုတိုးမြှင့်မှုဟာ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး အကျိုးဖြစ်ထွန်းစေတယ်။ အခုတော့ စားသုံးမှုတိုးပေမယ့် စီးပွားရေးမှာ အကျိုးသက်ရောက်မှုမရှိတာ တွေ့နေရတယ်။ သုံးဦးစလုံးက နိုင်ငံရဲ့ဘဏ္ဍာရေးစနစ်၊ ဘဏ်စနစ်ကို ပြတ်ပြတ်သားသားပြောင်းလဲဖို့ အကြံပြုကြတယ်။ အမှန်တော့ ဘဏ်တွေမှာ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေကြရတယ်။ အကြွေးယူတဲ့သူတွေဟာ တစ်ဖက်က အတိုးဟောင်းမဆပ်နိုင်၊ အတိုးမပေးနိုင်ဘဲ အပေါင်ခံထားတဲ့ မြေတွေ၊ အိမ်တွေထိုးအပ်တော့လည်း တန်ဖိုးတွေက သိသိသာသာကျဆင်းနေတာမို့ အခက်အခဲတွေကြုံနေရတယ်။ ဗဟိုဘဏ်အနေနဲ့ ဒီအခြေအနေကို ဝင်ရောက်လှုပ်ရှားဖို့ လိုတာတော့ အမှန်ပါပဲ။ စီးပွားရေးအခြေအနေ မကောင်းဘူးဆိုတာကို စကားဝိုင်းက သုံးသပ်ခဲ့တယ်။ ဒီအခြေအနေကို ပြောင်းလဲဖို့ ၂၀၁၈ ခုနှစ်ဟာ အလွန်အရေးပါကြောင်း ဆွေးနွေးကြတယ်။ ၂၀၁၈ ခုနှစ်မှာ သိသာတဲ့ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ခြေလှမ်းသေးသေးတွေအစား ရဲရဲရင့်ရင့် တိကျပြတ်သားတဲ့ အစီအစဉ်တွေကို လုပ်ရမှာဖြစ်တယ်။ ၂၀၁၈ မှာ သိသာတဲ့ ပြောင်းလဲမှုတွေ လုပ်ရမှာဖြစ်တယ်။ ဒီနေရာမှာ ပေါ်လစီမူတွေနဲ့ ပတ်သက်ပြီး တည်ငြိမ်တဲ့၊ ပြတ်သားတဲ့ ပေါ်လစီတွေ ချမှတ်ဖို့ လိုအပ်တာကိုလည်း ဆွေးနွေးခဲ့ကြတယ်။ စီးပွားရေးမူဝါဒ ၁၂ ချက်ကို အကောင်ထည်ဖော်ထုတ်ဖို့လိုမှာ ဖြစ်တယ်။

စီးပွားရေးလုပ်ငန်းရှင်တွေရဲ့အသံကို နားထောင်ဖို့လိုတာကိုလည်း ထောက်ပြခဲ့တယ်။ ဒါနဲ့ ပတ်သက်ပြီး အခွင့်ရေးရတိုင်း ကျွန်တော်က သတိပေးခဲ့ပါတယ်။ နားထောင်တာနဲ့၊ ပြောတာနဲ့ အချိန်အဆ မှန်ဖို့လိုတယ်။ ပြောတာလျှော့ပြီး နားထောင်နိုင်အောင် ဆင်ခြင်ရမယ်။ အခုတော့ ကိုယ်ပဲပြောချင်တဲ့သူတွေနဲ့ ကြုံကြိုက်နေရတယ်။ မသိတာကို မသိကြောင်း ဝန်ခံလိုက်ရင် သိတဲ့သူတွေဆီက အကြံကောင်း၊ ဉာဏ်ကောင်းတွေရနိုင်မှာ။ အခုတော့ အစစအရာရာ ကိုယ်ပဲသိတယ်ဆိုတဲ့ အယူအဆကို လက်ခံထားတော့ လုပ်ငန်းရှင်တွေ တဖြည်းဖြည်းစိတ်ဓာတ်ကျလာကြတယ်။ ယုံကြည်မှုလျော့နည်းလာတယ်။ အကြံပေးကြပါ။ နားထောင်ပါ့မယ်လို့ ပြောရုံနဲ့ အခြေအနေတွေက အချိန်တိုတိုအတွင်း ပြောင်းလဲလိမ့်မယ်လို့ ယုံကြည်မိတယ်။

စီးပွားရေးလုပ်တဲ့သူတွေ လုပ်နိုင်အောင်ပတ်ဝန်းကျင်

> “၂၀၁၈ ခုနှစ်မှာ သိသိသာသာ ပြောင်းလဲဖို့ လိုအပ်တာတော့ အမှန်ပါပဲ။ ဒီလိုလုပ်တဲ့နေရာမှာ အဓိက ကတော့ (mindset) တွေးခေါ်ဆင်ခြင်မှု ပြောင်းလဲဖို့ပဲ ဖြစ်တယ်။ အခုတော့ သမားရိုးကျပုံစံခွက်ထဲ ရောက်နေတယ်။ မှားမှာကြောက်လွန်းပြီး အမှားမရှိအောင် ဘာမှမလုပ်တော့ဘူး။ တာဝန်ကျေမှု၊ တာဝန်ခံမှုအားနည်းတယ်။ ရှိသမျှ အထက်ကို တင်ပြပြီး အမိန့်ကို နာခံနေကြတယ်။ ကိုယ့်နေရာ၊ ကိုယ့်အဆင့်နဲ့ ဆုံးဖြတ်ရဲဖို့လိုတယ်။ စေတနာနဲ့ မှားတာကို ခွင့်လွှတ်နိုင်ရမယ်။ လက်ခံဖို့လိုအပ်တယ်”

တစ်ရပ် ဖန်တီးရမယ်။ ကြိုးနီစနစ်တွေလျှော့ပြီး ကုန်သည်၊ လုပ်ငန်းရှင်တွေဘက်က ရပ်တည်တဲ့အခြေအနေဖြစ်ရမယ်။ အစစအရာရာ လွယ်ကူအောင် လုပ်ပေးဖို့ သုံးဦးစလုံးက ဆွေးနွေးခဲ့တယ်။ ကျွန်တော်က အခုလိုခက်ခဲအောင် လုပ်နေတာကို နားမလည်နိုင်ဘူး။ အခုခေတ်မှာ ဒီလိုမဖြစ်သင့်တော့ဘူး။ အခုတော့ ဘယ်သူ့မေးမေး လုပ်ရကိုင်ရတာနှေးကွေးတာ၊ ခက်ခဲတာကို ပြောကြတယ်။ ၂၀၁၈ ခုနှစ်မှာ သိသိသာသာ ပြောင်းလဲဖို့ လိုအပ်တာတော့ အမှန်ပါပဲ။ ဒီလိုလုပ်တဲ့နေရာမှာ အဓိကကတော့ (mindset)တွေးခေါ်ဆင်ခြင်မှု ပြောင်းလဲဖို့ပဲဖြစ်တယ်။ အခုတော့ သမားရိုးကျပုံစံခွက်ထဲ ရောက်နေတယ်။ မှားမှာကြောက်လွန်းပြီး အမှားမရှိအောင် ဘာမှမလုပ်တော့ဘူး။ တာဝန်ကျေမှု၊ တာဝန်ခံမှုအားနည်းတယ်။ ရှိသမျှ အထက်ကို တင်ပြပြီး အမိန့်ကို နာခံနေကြတယ်။ ကိုယ့်နေရာ၊ ကိုယ့်အဆင့်နဲ့ ဆုံးဖြတ်ရဲဖို့လိုတယ်။ စေတနာနဲ့ မှားတာကို ခွင့်လွှတ်နိုင်ရမယ်။ လက်ခံဖို့လိုအပ်တယ်။

ပြည်သူတွေက အစိုးရအပေါ် အားကိုးတယ်။ ယုံကြည်တယ်။ စိတ်ချတယ်။ အောင်မြင်စေချင်တယ်။ ဒီအားနဲ့ စီးပွားရေးတက်အောင်လုပ်နိုင်မှာ။ ၂၀၁၈ ခုနှစ်မှာ အေဒီစီကို အကောင်အထည်ဖော်ရမှာ။ ၅၁ သန်း ဈေးကွက်ကတစ်ဆင့် သန်း ၆၀၀ ဈေးကွက်ကြီး ပေါ်လာတော့မယ်။

ကျွန်တော်က မြန်မာနိုင်ငံရဲ့ မဟာဗျူဟာကျတဲ့ တည်နေရာကို ပြတ်ပြတ်သားသားအသုံးချစေချင်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမှန်လုပ်နိုင်တဲ့နိုင်ငံက တရုတ်နိုင်ငံဖြစ်တယ်။ ဒီနိုင်ငံရဲ့ပိုးလမ်းမသစ်စီမံကိန်းမှာ မြန်မာနိုင်ငံဟာ သော့ချက်ဖြစ်တယ်။ ဒါကိုအခွင့်အရေးယူရမယ်။ အခုလို ပြောတဲ့နေရာမှာ တစ်ချိန်တုန်းက ကျင့်သုံးလာတဲ့ပုံစံကို ပြောနေတာမဟုတ်ဘဲ တာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းတွေကိုသာ ကြိုဆိုရမှာ။ တရုတ်နိုင်ငံကို မိမိနိုင်ငံရဲ့အကျိုးမထိခိုက်စေဘဲ ဆက်သွယ်ဆက်ဆံရမယ်။ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းတွေ၊ လျှပ်စစ်တွေ၊ လေယာဉ်ကွင်းတွေ၊ ဆိပ်ကမ်းတွေ၊ စီးပွားရေးဇုန်တွေကို ဖော်ထုတ်ရမယ်။ တရုတ်နိုင်ငံရဲ့အေအိုင်အိုင်ဘီဘဏ်မှ ချေးငွေတွေကိုယူပြီး နိုင်ငံအကျိုးရှိစေမယ့် စီမံကိန်းအသစ်တွေ လုပ်ရမယ်။ ဒီလိုလုပ်တဲ့နေရာမှာ အသေးစားတွေ မစဉ်းစားဘဲ အထည်ကြီးတွေကို အာရုံပြုရမယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို အမြန်ဆုံးအကောင်အထည်ဖော်ရမယ်။ ကျောက်ဖြူစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ပြတ်သားရမှာဖြစ်တယ်။

တစ်ဖက်ကလည်း အိန္ဒိယနိုင်ငံရဲ့ အရှေ့သို့ စီမံချက်နဲ့ ချိတ်ဆက်ရမယ်။ နှစ်နိုင်ငံအတွက် အကျိုးတူရစေမယ့် စီမံချက်တွေ ဖော်ထုတ်ရမှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်တယ်။ ဒါပေမယ့် စိုက်ပျိုးရေးကဏ္ဍအနေနဲ့ မစဉ်းစားဘဲ အစားအသောက်လုံခြုံမှုအနေနဲ့ သုံးသပ်ဖို့လိုတယ်။ အစားအသောက်လုံခြုံမှုမရှိတဲ့ နိုင်ငံနှစ်နိုင်ငံကတော့ တရုတ်နဲ့ အိန္ဒိယဖြစ်တယ်။ ဒါဟာ ကျွန်တော်တို့အတွက် အခွင့်အရေးပဲဖြစ်တယ်။ စီးပွားရေးကို ဦးစားပေးတစ်ရပ်အနေနဲ့ သတ်မှတ်ပြီး ၂၀၁၈ ခုနှစ်ကို စီးပွားရေးနှစ်အဖြစ် သတ်မှတ်စေချင်တယ်။ ဒီလိုသတ်မှတ်ပြီး စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းကာ နိုင်ငံ့အရေးအနေနဲ့ ဆောင်ရွက်သွားသင့်တယ်။

ကျွန်တော်က သိပ်ဖြစ်စေချင်လှတယ်။ ဖြစ်နေတဲ့ အခြေအနေတွေရှိလျက်နဲ့ အခုလိုဖြစ်နေရတာကို အားမရဖြစ်မိတာတော့ အမှန်ပါပဲ။ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပါဘူး။ အခြေအနေမှန်သိပြီးရတဲ့အသိအပေါ်မှာ လှုပ်ရှားရမှာသာဖြစ်တယ်။ ကျွန်တော်က လုပ်ငန်းရှင်တွေကို ယုံကြည်တယ်။ သူတို့ကို လုပ်ခွင့်ပေးလိုက်ရင် အခြေအနေတွေ ချက်ချင်းပြောင်းလဲနိုင်မှာ။ အရေးကြီးတာက သူ့နေရာ၊ ကိုယ့်နေရာ တိတိကျကျသတ်မှတ်ပြီး အတူတကွ တွန်းကြဖို့သာ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးစကားဝိုင်းကို အကောင်းမြင်တဲ့ အဖြေတွေနဲ့ အဆုံးသတ်ခဲ့ပါတယ်။ စိန်ခေါ်မှုဆိုတာဟာ အခွင့်အရေးသာဖြစ်ပါတယ်။ ။

## ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် ဇမ်းမော်မြို့နယ်မှ စုပေါင်းအလှူငွေပေးအပ်

**ဇမ်းမော် ဒီဇင်ဘာ ၃**-ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် အကူအညီများလိုအပ်နေသည့် ဒေသခံပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးနိုင်ရန်အတွက် ဇမ်းမော်မြို့နယ်မှ ပြည်သူများ၏ အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က ရခိုင်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဇမ်းမော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ NGO အဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းလှူဒါန်းသည့် ပထမအကြိမ် လှူဒါန်းငွေ ကျပ် ၁၇၉ သိန်းကျော်ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မင်းမင်းဦး(EPN)**

*စာမျက်နှာ ၁၈ မှ*

**သုံးသပ်တင်ပြခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ရေးဆွဲသည့်ဥပဒေ (Written Text) ဖြစ်ခြင်းကြောင့် ယင်းတို့၏ သဘောသဘာဝအရပင် ဆုံးဖြတ်ဖြေရှင်းရမည့် ပြဿနာတိုင်း၊ ကိစ္စရပ်တိုင်းအတွက် အကျုံးဝင်မည့် ညွှန်ကြားချက်များ၊ နည်းလမ်းများ၊ စံနှုန်းသတ်မှတ်ချက်များ (Norms) ကို အသေးစိတ်ပြဋ္ဌာန်းခြင်း ပြုနိုင်မည်မဟုတ်ပါ။

သို့ဖြစ်၍ ပေါ်ပေါက်လာသည့်ပြဿနာ၊ အခြေအနေအပေါ်မူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်ဖြင့် ထင်ဟပ်၍ စိစစ်သုံးသပ်ရန်လိုအပ်သကဲ့သို့ ဤစိစစ်ချက်တစ်ခုတည်းဖြင့် လုံလောက်ပြည့်စုံမှုမရှိသည့် ကိစ္စရပ်များလည်းရှိတတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများ၊ အများက တညီတညွတ်တည်း ဥပဒေကဲ့သို့ လက်ခံထားသည့် ဥပဒေအခြေခံသဘောတရား၊ ဥပဒေ‘မူ’များကိုပါ ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းစဉ်းစားရန်လိုပါသည်။

စာရေးသူသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားမျှတမှုဆိုင်ရာ ကမ္ဘာ့ညီလာခံ၏ ၃ ကြိမ်မြောက် ကွန်ဂရက်သို့ ပါဝင်တက်ရောက်ခဲ့စဉ်က အခြားတက်ရောက်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးများ၏ ဆွေးနွေးချက်များကိုလေ့လာသိရှိခွင့် ရရှိခဲ့ပါသည်။ အခြားဒေသတွင်းနိုင်ငံအချို့ရှိ တရားရုံးများသည် ဥပဒေပြုခွင့်အာဏာပိုင်နှင့် အုပ်ချုပ်ရေးအာဏာပိုင်တို့ထံမှ ဖိအားပေးမှုများနှင့်ကြုံတွေ့ရကြောင်း၊ အချို့မှာ ယင်းတို့၏ဆုံးဖြတ်ချက်အပေါ် အထင်အမြင်လွဲမှားစွာ ဝေဖန်ရေးသားမှုများကြောင့် တရားရုံး၏ ပုံရိပ်ကိုထိခိုက်စေသည့် အကျိုးဆက်များနှင့်ကြုံရကြောင်း၊ မဏ္ဍိုင်တစ်ရပ်ရပ်၏လိုလားချက်၊ မျှော်မှန်းချက်၊ အကျိုးစီးပွားနှင့်ဆန့်ကျင်သော ဆုံးဖြတ်ချက် ချမှတ်ခြင်းအခြေခံဖြင့် တရားရုံးအပေါ် ထိုးနှက်မှု၊ ဝေဖန်တိုက်ခိုက်မှုများလည်းရှိခဲ့ကြောင်း၊ တရားရုံး၏ဘတ်ဂျက်အား ဖြတ်တောက်ခြင်း၊ အခွင့်အာဏာများလျှော့ချခြင်းစသည့် စိန်ခေါ်မှုများအထိ ကြုံရသည်များလည်းရှိကြောင်း သိရပါသည်။

ခုံရုံးသို့တင်ပြသော တင်သွင်းလွှာအရေအတွက်နည်းပါးသည့်အကြောင်းကို လေ့လာလျှင် (က) မြန်မာ့သမိုင်းတွင် ပထမဦးဆုံးအကြိမ် ထူထောင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအသစ်ဖြစ်သောကြောင့် နှစ်ကာလကြာမြင့်စွာကပင် ထူထောင်ခဲ့သော အခြားနိုင်ငံများရှိတရားရုံး၊ ခုံရုံးများနှင့် နှိုင်းယှဉ်လျှင် တင်သွင်းလွှာနည်းပါးခြင်းမှာ သဘာဝကျခြင်း၊ (ခ)ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ် (Constitutional System)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး (Constitutional Adjudication)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားမျှတမှု (Constitutional Justice)၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်များ၏ ပြဋ္ဌာန်းဥပဒေများနှင့် ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီစိစစ်ခြင်း (Constitutional Review) စသည့် အဓိကသဘောတရားများ (Main Concept) ပါဝင်သော Constitutionalism မူဝါဒသည် မိမိတို့နိုင်ငံနှင့်အလှမ်းဝေးကွာနေသေးခြင်း၊ (ဂ) ခုံရုံးသို့ တင်သွင်းခွင့်ရှိသူများကို အကန့်အသတ်ဖြင့်ထားရှိခြင်း၊ (ဃ) သာမန်တရားရုံးတစ်ရုံးက စစ်ဆေးနေသောအမှုတွင် ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်မှုရှိမရှိ၊ ညီညွတ်မှုရှိမရှိ အငြင်းပွားမှုပေါ်ပေါက်လျှင် အဆိုပါတရားရုံးသည် ပြည်ထောင်စုတရားသူကြီးချုပ်ကတစ်ဆင့် ခုံရုံးသို့တင်သွင်းခွင့်ပြုထားသော်လည်း ခုံရုံးသို့လွှဲအပ်ရမည့်ကိစ္စပေါ်ပေါက်မှုနည်းပါးခြင်း စသောအချက်များကို သုံးသပ်တွေ့ရှိရပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသောလုပ်ငန်းတာဝန်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်၏ အနှစ်သာရများဖြစ်သော အာဏာခွဲဝေခြင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်များကလုပ်ဆောင်သော ဥပဒေများ၊ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေခြင်းတို့အတွက် ဖွဲ့စည်းပုံဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းကို ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် ဥပဒေအတိုင်း လွတ်လပ်စွာဆောင်ရွက်ခြင်းဖြင့် ကြပ်မတ်ရန်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုပါသည်။ ။

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချစို့

**ထွဏ်းမောင်**

Supermarket တစ်ခုကနေ ဈေးဝယ်ပြီး ပြန်ထွက်လာကြတဲ့ ဈေးဝယ်သူတွေရဲ့လက်ထဲမှာ အရင်တုန်းကနဲ့ ဒီဇိုင်းမတူတော့တဲ့ ပလတ်စတစ်အိတ် တွေက ကျွန်တော့်အတွက် စိတ်ဝင်စားစရာ ဖြစ်လို့နေပါတယ်။ အိတ်ရဲ့အောက်ခြေနားမှာ Degradable Plastic ဆိုတဲ့ စာသားကို အမှတ် တမဲ့ဆိုရင် သတိမထားမိနိုင်ပါဘူး။ အဲဒီအမှတ်တံဆိပ်နဲ့ စာသားအကြောင်းကို သိချင်တာကြောင့် ဝန်ထမ်းတစ်ယောက်ကို မေးကြည့်လိုက်ပါတယ်။

အရင်တုန်းက အသုံးပြုနေတဲ့ ဈေးဝယ်ပလတ်စတစ်အိတ်တွေထက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုပိုနည်းပြီး နှစ်နှစ်ကနေ ငါးနှစ်အတွင်းမှာအလိုလိုဆွေးမြည့်ပျက်စီးစေတဲ့ပလတ်စတစ်အိတ်တွေကို နိုဝင်ဘာလကနေ စပြီး ပြောင်းလဲသုံးစွဲနေပါတယ်လို့ အဲဒီဝန်ထမ်းက ရှင်းပြပါတယ်။

ယခင် အသုံးပြုနေတဲ့ ဈေးဝယ်ပလတ်စတစ်အိတ်ဟာ LDPE (Low Density Polyethylene)လို့ခေါ်တဲ့ ပလတ်စတစ်အိတ်ပျော့တွေအစား ရေရှည်မှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုပိုနည်းတဲ့ Oxo-Biodegradable Plastic bags ပလတ်စတစ်အိတ်တွေကိုပြောင်းလဲအသုံးပြုခြင်းဖြစ်ကြောင်း၊ သိပ်သည်းဆမြင့်တဲ့ ပလတ်စတစ်အမျိုးအစားဖြစ်တဲ့ HDPE (High Density Polyethylene) နှင့် Oxiကာတို့ကို ပေါင်းစပ်ထုတ်လုပ်ထားတဲ့ အဆိုပါ ပလတ်စတစ်အိတ်တွေဟာ နှစ်နှစ်မှ ငါးနှစ်အတွင်း သဘာဝအလျောက် အလိုလိုဆွေးမြည့်ပျက်စီးနိုင်ပြီး အဏုဇီဝပိုးမွှားစားသုံးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိဇီဝများအတွက် အန္တရာယ်မဖြစ်စေတဲ့ မြေဆီလွှာအဖြစ် ပြောင်းလဲနိုင်တဲ့ ဂုဏ်သတ္တိရှိတဲ့ အိတ်အမျိုးအစားဖြစ်ကြောင်း တာဝန်ရှိဝန်ထမ်းက ရှင်းပြပါတယ်။

ပလတ်စတစ်အိတ်ရဲ့ ခံနိုင်ဝန်အားမှာလည်း သာမန်ပလတ်စတစ်အိတ်များနည်းတူအသုံးပြုနိုင်ပြီး Green Partnership Certificate ရရှိထားတဲ့ ပလတ်စတစ်အိတ်အမျိုးအစားဖြစ်ကြောင်းသိရပါတယ်။

"သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေတဲ့ ပလတ်စတစ်တွေနေရာမှာ ရေရှည်မှာပိုပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်တဲ့ Oxo-Biodegradable Plastic bags တွေနဲ့ အစားထိုးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းအောင် ပြုလုပ်နေခြင်းဖြစ်ပါတယ်။ အလိုအလျောက် သဘာဝအတိုင်း ပျက်စီးနိုင်တဲ့ Degradable bag တွေဟာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ပိုမိုနည်းပါပေမယ့် ပတ်ဝန်းကျင် ထိခိုက်မှုကိုရာနှုန်းပြည့် ကာကွယ်ပေးနိုင်ခြင်းမရှိသေးပါဘူး။ ပလတ်စတစ်အိတ်ကိုအမှန်တကယ်လိုအပ်မှသာ သုံးသင့်ပါတယ်"လို့လည်း ၎င်းက ဆက်လက်ဖြေကြားပါတယ်။

အဲဒီအမျိုးအစားအိတ် တွေကိုအရှေ့အလယ်ပိုင်း၊ အာရှနဲ့ အာဖရိကတိုက်အတွင်းက ဒေသအချို့မှာစတင်အသုံးပြုနေပြီဖြစ်ပါတယ်။ နှစ်အနည်းငယ်အတွင်း သဘာဝအတိုင်း ဆွေးမြည့်ပျက်စီးနိုင်ပြီး သက်ရှိဇီဝတွေနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေတဲ့ ပလတ်စတစ်အိတ်တွေကို အစားထိုးထုတ်လုပ်သုံးစွဲမှုဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကောင်းမွန်တဲ့နည်းပညာအထောက်အပံ့တစ်ခုလည်းဖြစ်ပါတယ်။

ကမ္ဘာအနှံ့မှာ တစ်နှစ်ကိုပလတ်စတစ်အိတ် အလုံးရေ သန်း ၅၀၀၀ ကျော် ရောင်းချနေပြီးအသုံးပြုပြီးသားပလတ်စတစ်အိတ်တွေကို ပြန်လည်ထပ်ဆင့်အသုံးပြုနိုင်တဲ့ပမာဏကတော့ တစ်ရာခိုင်နှုန်း အောက်မှာရှိနေတယ်လို့ စစ်တမ်းတစ်ခုမှာ ဖော်ပြထားပါတယ်။ ဒ့ါအပြင် ပလတ်စတစ်ရေဘူးတန်ချိန် ခုနစ်သန်းနီးပါး ပစိဖိတ်သမုဒ္ဒရာအတွင်းမှာရှိတယ်ဆိုထားပါသေးတယ်။

လေ့လာဆန်းစစ်ချက်တွေအရ Oxo-Biodegradable Plastic Bags ပလတ်စတစ်ဟာ ရေရှည်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုလျော့ကျစေသလို သာမန်ပလတ်စတစ် အသုံးပြုမှုထက် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို ၁၃ ဒသမ ၀၅ ရာခိုင်နှုန်းသက်သာစေတဲ့အတွက် အခုဆိုရင် ကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့ အမှိုက်သရိုက်ပြဿနာကိုဖြေရှင်းနိုင်တဲ့ ကိရိယာတစ်ခု သတ်မှတ်ထားကြပါတယ်။



Oxo-Biodegradable Plastic Bags ပလတ်စတစ်ကို ဈေးဝယ်အိတ်အဖြစ်သာမက အမှိုက်အိတ်အပြင် အစားအသောက်ထုပ်ပိုးမှု packaging လုပ်တဲ့နေရာတွေ၊ ဘဘာဝပတ်ဝန်းကျင်ထိခိုက်ပြီး မြေပြိုကျတဲ့နေရာတွေမှာ မြေသားထိန်းကာဗာတွေအပြင် နည်းပေါင်းစုံနဲ့ အသုံးပြုလျက် ရှိပါတယ်။

ကမ္ဘာပေါ်မှာ ကြွပ်ကြွပ်အိတ်အပါအဝင် ပလတ်စတစ်အသုံးအဆောင်ပစ္စည်းသုံးစွဲမှုဟာ နှစ်စဉ် ဘီလျံ ၅၀၀ အထိရှိနေပြီး ဒါတွေကိုမြေကြီးပေါ် တန်းစီချလိုက် မယ်ဆိုရင် ကမ္ဘာကိုအကြိမ်ပေါင်း ၄၂၀၀ လောက် ပတ်နိုင်တယ်လို့ ကမ္ဘာ့နိုင်ငံကြီးတွေမှာအခြေချလုပ်ကိုင်နေတဲ့ သမုဒ္ဒရာကာကွယ်ဆယ်ရေးအဖွဲ့ Ocean Crusaders အဖွဲ့က ဆိုထားပါတယ်။

ဒ့ါအပြင် ပလတ်စတစ်ရေဘူးသုံးစွဲမှုဟာလည်း ဩစတြေးလျတစ်နိုင်ငံတည်းမှာကိုပဲ ၂၀၀၉-၂၀၁၀ တစ်နှစ်အတွင်း ရေသန့်ဘူးပေါင်း ၅၈၂ ဒသမ ၉ သန်းအထိ ထုတ်လုပ်သုံးစွဲခဲ့ပြီး ဒီထဲက ၃၆ ရာခိုင်နှုန်းကသာလျှင် ပြန်လည်အသုံးပြုနိုင်တဲ့ အနေအထားမှာရှိနေတယ်လို့ အဲဒီအဖွဲ့ရဲ့ကိန်းဂဏန်းတွေကပြနေပြီး ကမ္ဘာကြီးဟာ ပလတ်စတစ်ကြောင့် ထိခိုက်နေပြီဆိုတာကို သက်သေပြထားပါတယ်။

မြန်မာနိုင်ငံမှာလည်း ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံးရှိ ပြည်သူများ ပလတ်စတစ် အသုံးပြုမှု လျှော့ချရေးကို နိုင်ငံတော်မူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် နိုဝင်ဘာ ၂၁ ရက်က ဆွေးနွေးတင်ပြခဲ့မှုအပေါ် မှတ်တမ်းတင်စောင့်ကြည့်သွားဖို့ လွှတ်တော်က ဆုံးဖြတ်ထားပါတယ်။

ပြည်တွင်းလက်လီဈေးကွက်မှာ ထိပ်ဆုံးကဦးဆောင်နေတဲ့ ဈေးဝယ်စင်တာတွေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတစ်ရပ်အနေနဲ့ ပလတ်စတစ်အိတ် သုံးစွဲမှု လျှော့ချရေးအစီအစဉ်ကို ၂၀၁၃ ခုနှစ်ကတည်းကစတင်လုပ်ဆောင်ခဲ့ပါတယ်။ အရောင်းဆိုင်ခွဲတွေမှာ လစဉ် ငါးရက်နေ့တိုင်းနဲ့ လတစ်လရဲ့ နောက်ဆုံး တနင်္လာနေ့နဲ့ အင်္ဂါနေ့တိုင်း No Plastic Bag Day အဖြစ် သတ်မှတ်ပြီး ဈေးဝယ်ပလတ်စတစ်အိတ်အစား မိမိတို့ကိုယ်ပိုင်အိတ်နဲ့ ဈေးဝယ်တဲ့အလေ့အကျင့် ထွန်းကားလာစေရန် လုပ်ဆောင်နေကြတာကိုလည်း တွေ့ရပါတယ်။

အကြိမ်ကြိမ်အသုံးပြုနိုင်တဲ့ ဈေးဝယ် Shopping အိတ်နဲ့ ပလတ်စတစ်ရေဘူးအစား ကိုယ်ပိုင်ရေဘူးငယ်တွေ အသုံးပြုလာပြီး မလိုအပ်ဘဲ ပလတ်စတစ်အသုံးပြုမှုကို လျှော့ချကာ ကိုယ့်မြို့ရွာကို ကာကွယ်မည့် City Hero များ ပေါ်ပေါက်လာစေရန် ရည်ရွယ်သည့် လှုပ်ရှားမှုကိုလည်း မကြာသေးမီက စတင်ခဲ့ပါတယ်။ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေးလုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ ဈေးဝယ်သူတွေရဲ့ပံ့ပိုးမှုကလည်း အရေးပါလှပါတယ်။

ပလတ်စတစ်ဆိုးကျိုးကိုသိရှိပြီး အတတ်နိုင်ဆုံးသုံးစွဲမှုလျှော့ချရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင်အတွက် အတူလက်တွဲ ပူးပေါင်းပါဝင်ကြရအောင်လို့ တိုက်တွန်းရင်း...။ ။

---

## ကျောင်းသား ကျောင်းသူများ စွမ်းရည်ပြိုင်ပွဲ ဝန်းသို၌ ကျင်းပ

**ဝန်းသို ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Center) ခန်းမ၌ KG တန်း ကျောင်းသား ကျောင်းသူများအား ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား စာစီစာကုံးပြိုင်ပွဲနှင့် နိုဝင်ဘာ ၂၈ ရက်က ပထမတန်း ကျောင်းသား ကျောင်းသူများအား ပုံတူပန်းချီပြိုင်ပွဲနှင့် တတိယတန်းကျောင်းသား ကျောင်းသူများအား ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားအားကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခွင်ကြည်က ပြိုင်ပွဲများပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စာရေးဆရာအသင်းအဖွဲ့မှ ဆရာကြီးဦးကံမြင့်က ပြိုင်ပွဲများအပေါ် သုံးသပ်တင်ပြချက်များကို ပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူ ၂၁ ဦးအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

---


**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သန်းထိုက်ဝင်း ၈/တတက(နိုင်)၂၁၂၆၇၀၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၁၄၈၉၆၇**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးခင်မောင်စန်း ၈/မထန (နိုင်)၀၇၈၄၅၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၀၃၀၈၀၅**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၂)လမ်း၊ အမှတ်(၈) တည်ရှိရာ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၃ ဒီ၊ မြေကွက်အမှတ် ၃၇၊ ဒေါ်ခင်လှ ၁၂/ဗဟန(နိုင်)၀၁၄၀၅၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေဖြစ်ပါသည်။ အမည်ပေါက် ဒေါ်ခင်လှ (မိခင်)မှာ ၁၃-၈-၂၀၁၄ ရက်တွင် လည်းကောင်း၊ ဦးလှတင် (ဖခင်)မှာ (၃-၃-၁၉၉၉) ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁) ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ဌေးဌေး ၁၂/ဗဟန(နိုင်)၀၁၄၀၅၁၊ (၂)ဒေါ်ဝင်းမြင့်(ခ)ဒေါ်ဖြူဖြူ ၁၂/ဗဟန(နိုင်)၀၁၂၁၆၀နှင့် (၃) ဒေါ်နီနီတင် ၁၂/ဗဟန(နိုင်)၀၁၄၀၄၉တို့မှ ၎င်းတို့ညီအစ်မသုံးဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်ကိုမျှမရှိကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ (မိခင်) ဒေါ်ခင်လှ၏ ၁၃-၈-၂၀၁၄ ရက်စွဲပါ သေဆုံးမှုလက်မှတ် (ဖခင်) ဦးလှတင်၏ (၃-၃-၉၉) ရက်စွဲပါ သေဆုံးမှုလက်မှတ် (ပထမ-မိတ္တူမှန်)၊ အိမ်ထောင်စုစာရင်း၊ ဒေါ်ခင်လှအမည်ပေါက် ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

**ကုန်သည်စက်မှုအသင်းချုပ် ညီလာခံ ၂၀၁၇ "UMFCCI CONVENTION 2017"**
**သို့တက်ရောက်ရန် ဖိတ်ကြားခြင်း**

***************

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ညီလာခံ ၂၀၁၇ "UMFCCI CONVENTION 2017" ကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်(စနေနေ့)၊ နံနက် (၉း၀၀)နာရီ မှ ညနေ(၅း၀၀)နာရီထိ၊ ကုန်သည်စက်မှုအသင်းချုပ် ပထမထပ်၊ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများ၊ ပြည်နယ်နှင့်တိုင်း ကုန်သည်စက်မှုအသင်းများ၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းများမှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသည့် အသင်းသားများ တက်ရောက်နိုင်ပါရန်နှင့် ကြိုတင်အမည်စာရင်း ပေးသွင်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ သိရှိလိုသည့် အချက်များရှိပါက ဖုန်း ၀၉ - ၄၅၀၂၀၀၃၃၀၊ ၀၉ - ၄၅၀၂၀၀၃၅၀၊ ၀၉ - ၄၄၃၁၉၂၆၁၆၊ အီးမေးလ် ma@umfcci.com.mm, ird@umfcci.com.mm, admin@umfcci.com.mm သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကုန်သည်စက်မှုအသင်းချုပ်

THANLWIN EDUCATION SERVICE

# Thanlwin Education Services Co.,Ltd.

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ (၁-၆-၂၀၁၇)ရက်နေ့မှ စတင်၍ ဖွင့်လှစ်သင်ကြားလျှက်ရှိပါသည်။ ယခုအခါ အထက်တန်းကျောင်းအဖြစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည့် သံလွင်ပုဂ္ဂလိကအထက်တန်းကျောင်းအတွက် လိုအပ်လျှက်ရှိသော သင်ကြားရေးဝန်ထမ်းများအား ခန့်အပ်သွားမည်ဖြစ်ပါသည်။ လိုအပ်သောရာထူးနှင့် ပညာအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အထက်တန်းဘာသာရပ်ပြဆရာ / ဆရာမ ကျား / မ (၁၄)ဦး**
**အခြေခံလစာ(၅.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) ပထဝီဝင် (၅) သမိုင်း (၆) ဘောဂဗေဒ
(၇) ဓါတုဗေဒ (၈) ရူပဗေဒ (၉) ဇီဝဗေဒ

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၅)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/သင်ကြားရမည့် ဘာသာရပ်နှင့်ကိုက်ညီသော သက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ဘွဲ့/မဟာဘွဲ့နှင့် အထက်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာပြ လျှောက်ထားသူသည် IELTS (7.5) ရရှိရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ခ) အလယ်တန်းဘာသာရပ်ပြဆရာ / ဆရာမ ကျား / မ (၁၀)ဦး**
**အခြေခံလစာ(၄.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) ပထဝီဝင် (၅) သမိုင်း (၆) သိပ္ပံ

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၀)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်သင်ပညာ ဒီပလိုမာ (သို့မဟုတ်) လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဂ) မူလတန်းပြ(အငယ်တန်း) ကျား / မ (၁၀)ဦး**
**အခြေခံလစာ(၄)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) သိပ္ပံ (၅) လူမှုရေး(ပထဝီ၊ သမိုင်း)

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြားဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိပြီး တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသော ဘာသာရပ်ဆရာအဖြစ်ဖြစ်စေ အနည်းဆုံး(၅)နှစ်သင်ကြားရေး အတွေ့အကြုံရှိသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (5.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဃ) သင်ကြားရေးအကူ ကျား / မ (၂၀)ဦး**
**အခြေခံလစာ(၂.၅)သိန်း**

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်နှင့် အောက်ဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(၃) English 4 Skills အသင့်အတင့်ရှိရမည်။
(၄) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်ထားသော ECCD လက်မှတ်ရရှိထားပြီး ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။

၃။ လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ ရာထူး(၄)မျိုးအနက် **တစ်မျိုးတည်းသာ** လျှောက်ထားခွင့်ရှိမည်။ တစ်မျိုးထက် ပိုမိုလျှောက်ထားပါက ထည့်သွင်း စဉ်းစားသွားမည်မဟုတ်ပါ။

၄။ အဆိုပါရာထူးများအတွက် လျှောက်ထားရာတွင် www.thanlwinprivateschool.com မှ Applicant's Informations Form (လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်ပုံစံ) အား ရယူပြီး အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်း၍ စတင်ကြေညာသည့်နေ့မှစပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်-
(က) ကိုယ်တိုင်ရေးလျှောက်လွှာ ( လျှောက်ထားသည့်ရာထူး၊ ဘာသာရပ်တို့အား တိတိကျကျ ဖော်ပြပေးထားရမည်။)
(ခ) ကိုယ်ရေးအချက်အလက် (CV Form) အပြည့်အစုံ (ဓါတ်ပုံကပ်ပြီး)။
(ဂ) ပတ်စပို့ဆိုဒ်ဓါတ်ပုံ(၃)ပုံ (နောက်ခံအပြာရောင်)။
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ။
(င) ဘွဲ့လက်မှတ် မူရင်း/မိတ္တူ။
(စ) အခြားပညာအရည်အချင်းလက်မှတ် မူရင်း/မိတ္တူ။
(ဆ) လွန်ခဲ့သော(၃)လအတွင်းက ပြုလုပ်ထားသည့် ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာ မူရင်း။
(ဇ) အလုပ်သမားမှတ်ပုံတင်(လေဘာ) မိတ္တူ။
(ဈ) အိမ်ထောင်စုစာရင်း မိတ္တူ။
(ည) Recommendation Letter ။

၅။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများအား (၁၅-၁၂-၂၀၁၇)ရက်နေ့ နောက်ဆုံးထား၍ Program Management Office ၊ အမှတ် (၆/၁)၊ ရန်အောင်လမ်းသွယ် (၃) ၊ (၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နှင့် သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ အမှတ်(၂၀၃)၊ (၅)လမ်းနှင့် (၆)လမ်းကြား၊ ကံကော်အိမ်ယာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ အထက်အပိုဒ်(၄)ပါ စာရွက်စာတမ်းများနှင့်အတူ **ရုံးချိန်အတွင်း လူကိုယ်တိုင်** လာရောက်လျှောက်ထားရမည်။

၆။ ပြည့်စုံမှုမရှိသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားသွားမည်မဟုတ်ပါ။

၇။ လျှောက်ထားသူများအား ပထမအကြိမ်ရေးဖြေစစ်ဆေးခြင်းအတွက် အောက်ဖော်ပြပါဘာသာရပ်များအား (၁)နာရီမေးခွန်းဖြေဆိုသွားရမည်-
(က) မြန်မာစာ (ခ) အင်္ဂလိပ်စာ (ဂ) သင်္ချာ
(ဃ) လျှောက်ထားသည့်ဘာသာ (အထက်တန်းပြများသာ)

၈။ အထက်ဖော်ပြပါဘာသာရပ်များအပြင် မြန်မာနိုင်ငံစိတ်ပညာအသင်းမှ စစ်ဆေးသော **စိတ်ပညာ(ရေးဖြေ)**ကို စစ်ဆေးခြင်းခံယူရမည်။

၉။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်အား ထပ်မံအကြောင်းကြားပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်အား **လူကိုယ်တိုင်** လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေအောင်မြင်ပြီးသူများ ဒုတိယအကြိမ်စစ်ဆေးခြင်းအား အောက်ဖော်ပြပါအတိုင်းပြုလုပ်သွားမည်-
(က) လက်တွေ့သင်ကြားပြသမှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း။
(ခ) မြန်မာနိုင်ငံစိတ်ပညာအသင်းမှ **စိတ်ပညာ(လူတွေ့)** စစ်ဆေးခြင်း။

၁၁။ ဒုတိယအကြိမ် စစ်ဆေးအောင်မြင်သူများအနေဖြင့် သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်းက ဖွင့်လှစ်သင်ကြားသွားမည့် Professional Development Course for Teacher သင်တန်းတွင် သင်တန်းသား (Trainee) အဖြစ် တက်ရောက်သွားရမည်ဖြစ်သည်။

၁၂။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များတွင် **ရုံးချိန်အတွင်း** ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(က) Program Management Office (ရန်ကင်း)
၀၁-၅၅၈၀၈၄
(ခ) သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း (မင်္ဂလာဒုံ)
၀၁-၆၃၉၃၉၇၊ ၀၁-၆၃၉၃၉၉၊ ၀၉-၂၄၂၄၂၂၄

**သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း**

## သမဝါယမတက္ကသိုလ်(စစ်ကိုင်း)
## စတုတ္ထအကြိမ်မြောက်ဘွဲ့နှင်းသဘင်
## ဓာတ်ပုံရိုက်ကူးရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်း အောင်မြင်သောကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပခြင်းအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်များတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ပါမည်။

၂။ ဤဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ)၊ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းလုပ်ဆောင်လိုသော လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **စတင်လက်ခံမည့်ရက်** - ၁၁-၁၂-၂၀၁၇ ရက်(တနင်္လာနေ့)
(ခ) **နောက်ဆုံးလက်ခံမည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၇ ရက်(သောကြာနေ့) ၁၁း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၇ ရက်(သောကြာနေ့) ၁၃း၀၀နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၀၇၂-၂၃၀၁၅

**ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ**
**သမဝါယမတက္ကသိုလ်(စစ်ကိုင်း)**

## သမဝါယမတက္ကသိုလ်(စစ်ကိုင်း)
## စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့်
## ဘွဲ့နှင်းသဘင်ကြေညာချက်

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ၂၀၁၇ ခုနှစ် မတ်လနှင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဘွဲ့ရစာမေးပွဲအောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၁-၁၂-၂၀၁၇ ရက်မှ ၂၉-၁၂-၂၀၁၇ ရက်အထိ
**အစမ်းလေ့ကျင့်ရမည့်ရက်** - ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက် (သောကြာနေ့)
**အစမ်းလေ့ကျင့်ရမည့်အချိန်** - နံနက် ၀၉း၀၀ နာရီ (အစီအစဉ်အား အပိုင်း(၂)ပိုင်းခွဲ၍ကျင်းပပါမည်။ အစမ်းလေ့ကျင့်ခြင်းအား လျှောက်လွှာတင်သွင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် နံနက် ၀၈း၃၀ နာရီတွင် နေရာယူပြီးဖြစ်ရန်)
**ကျင်းပမည့်ရက်** - ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀ နာရီ (နံနက် ၀၈း၃၀ နာရီတွင် နေရာယူပြီးဖြစ်ရန်)
**ကျင်းပမည့်နေရာ** - သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ
**ဘွဲ့နှင်းသဘင်ကြေး(တက်ရောက်)** - ကျပ် ၁၅၀၀
**အဝေးရောက်ဘွဲ့ကြေး** - ကျပ် ၁၀၀၀

**မှတ်ချက်**
(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။
(၂) လွန်ခဲ့သည့်သုံးလတွင် ရိုက်ကူးထားသော (၂×၁½)လက်မ ရောင်စုံဓာတ်ပုံသုံးပုံပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံဖြင့်သာ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို သမဝါယမတက္ကသိုလ်(စစ်ကိုင်း)ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်သည့်ခုနှစ် လ၊ စာမေးပွဲခုံအမှတ် စသည်များကို တိကျစွာဖော်ပြလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။
(၅) ဘွဲ့တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။
(၇) ဘွဲ့ဝတ်စုံများကို ၁၆-၁-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၀၉း၀၀ နာရီတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) မြသရဖီခန်းမ၌ ထုတ်ပေးမည်ဖြစ်သည်။ ဘွဲ့ဝတ်စုံလာရောက်ထုတ်ယူပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်) ကျောင်းသားကတ် တစ်ပါတည်း ယူဆောင်လာရမည်။
(၈) အသေးစိတ်အချက်အလက်များကို သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဖုန်း-၀၇၂-၂၃၀၁၅တွင် စုံစမ်းနိုင်ပါသည်။

**(တင်တင်ချို)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၂/မမ/CE | (1) Angle (တံတားချုပ်တန်း) ( 75mm x 75mm x 9mm x 6m ) (119.8220 Tons)<br>(2) Chequered Plate (တံတားလျှောက်လမ်း) (1'-4" x 8' x 4 mm ) (10.636 Tons) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၉.၁၂.၂၀၁၇ (အင်္ဂါနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၄.၁၂.၂၀၁၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

## CLAIMS DAY NOTICE
## M.V VIKING CHANCE VOY:NO(10)

Consignees of cargo carried by M.V VIKING CHANCE VOY:NO(10) are here by notified that the vessel will arrive on about 6-12-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တည်ဆောက်ရေးလုပ်ငန်းရပ်များ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် တင်ဒါအဆိုပြုလွှာများကို ၄-၁၂-၂၀၁၇ ရက်မှစ၍ ရုံးအမှတ် ၄၉၊ အကျဉ်းဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီး ၁၈-၁၂-၂၀၁၇ ရက် နောက်ဆုံးထားကာ ကုမ္ပဏီ Profile နှင့်အတူ တင်သွင်းသွားရန် ဖိတ်ခေါ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၃၀၄၁၆၊ ၀၆၇-၄၃၀၄၂၆၊ ၀၆၇-၄၃၀၄၂၀**
**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**
**အကျဉ်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ဘူးသီးတောင်အကျဉ်းထောင်နှင့် မကွေးအကျဉ်းထောင်တို့တွင် တည်ဆောက်ရေးလုပ်ငန်းရပ်များ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် တင်ဒါအဆိုပြုလွှာများကို ၄-၁၂-၂၀၁၇ ရက်မှစ၍ ရုံးအမှတ် ၄၉၊ အကျဉ်းဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီး ၁၈-၁၂-၂၀၁၇ ရက် နောက်ဆုံးထားကာ ကုမ္ပဏီ Profile နှင့်အတူ တင်သွင်းသွားရန် ဖိတ်ခေါ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၃၀၄၁၆၊ ၀၆၇-၄၃၀၄၂၆၊ ၀၆၇-၄၃၀၄၂၀**
**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**
**အကျဉ်းဦးစီးဌာန**

## ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်
## ရခိုင်ရိုးရာ ကျင်ပွဲကြော်ငြာခြင်း

(၄၃)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ပွဲကို ၁၃-၁၂-၂၀၁၇ ရက်မှ ၁၅-၁၂-၂၀၁၇ ရက်ထိ စစ်တွေမြို့ ဝင်္ကဘာကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရွှေမောင်းတန်း-ပထမ ရွှေ(၄)ကျပ်၊ ဒုတိယ ရွှေ(၃)ကျပ်၊ ပူးတွဲ တတိယရွှေ (၁)ကျပ်သားစီနှင့် ငွေမောင်းတန်း-ပထမ ရွှေ(၃)ကျပ်၊ဒုတိယရွှေ(၂)ကျပ်၊ ပူးတွဲတတိယ ရွှေ(၃)မတ်သားစီ ချီးမြှင့်မည်။ ရွှေမောင်းတန်းစာရင်းကို ဒီဇင်ဘာလ ၁၄ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားလက်ခံမည်။

**ရခိုင်ပြည်နယ်နေ့ ကျင်ပွဲကျင်းပရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## လမ်းလုပ်ငန်းများတွင် အသုံးပြုပြီးသောကတ္တရာပုံးခွံ(၁၁၀၃၂)လုံး
## လေလံတင်ရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန၏ ၆၂လမ်း၊ ကတ္တရာသိုလှောင်ရုံတွင် ၁၇-၁၀-၂၀၁၇ရက်အထိ လမ်းလုပ်ငန်းများ၌ အသုံးပြုပြီးသည့် ကတ္တရာပုံးခွံ(၁၁၀၃၂)လုံးအား လေလံတင်ရောင်းချနိုင်ရေးအတွက် လေလံခေါ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လေလံတင်ရောင်းချခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၇ ရက်
(ခ) **လေလံပိတ်မည့်ရက်နှင့်အချိန်** - ၂-၁-၂၀၁၈ (အင်္ဂါနေ့) ၁၃း၀၀ နာရီ

၃။ ကတ္တရာပုံးခွံလေလံဆွဲခွင့်လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး လေလံလျှောက်လွှာတစ်စုံလျှင် (၅၀၀၀ိ/)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

လုပ်ငန်းအမည်
(က) ငဖဲမြို့နယ်ဥပဒေရုံးသစ်
(RC တစ်ထပ်၊ ၃၆ပေ×၄၅ပေ×၁၂ပေ၊ ရေ၊ လျှပ်စစ်မီး၊ မိလ္လာအပါအဝင်)
ငဖဲမြို့နယ်ဥပဒေရုံး ဝန်ထမ်းအိမ်ရာ
(RC နှစ်ထပ်၊ ပေ၃၀×ပေ၃၀×၂၂ပေ၊ ရေ၊ လျှပ်စစ်မီး၊ မိလ္လာအပါအဝင်)
(ခ) မြိုင်မြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာ
(RC နှစ်ထပ်၊ ပေ၃၀×ပေ၃၀×၂၂ပေ၊ ရေ၊ လျှပ်စစ်မီး၊ မိလ္လာအပါအဝင်)
မြိုင်မြို့နယ်ဥပဒေရုံးခြံစည်းရိုးကာရံခြင်း
(ပေ ၅၂၀×၆ ပေ×၉လက်မ)
(ဂ) ဆိပ်ဖြူမြို့နယ်ဥပဒေရုံးဝန်ထမ်းအိမ်ရာ
(RC နှစ်ထပ်၊ ပေ ၃၀×ပေ ၃၀× ၂၂ပေ၊ ရေ၊ လျှပ်စစ်မီး၊ မိလ္လာအပါအဝင်)
ဆိပ်ဖြူမြို့နယ်ဥပဒေရုံးခြံစည်းရိုးကာရံခြင်း
(ပေ ၅၂၀×၆ ပေ×၉လက်မ)

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၁၂-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ
၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၂-၁၂-၂၀၁၇ရက် ညနေ ၁၆း၀၀နာရီ
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးဥပဒေအရာရှိ၊ မကွေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး ဖုန်း-၀၆၃-၂၀၂၈၄၈၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)
## ဘားအံတက္ကသိုလ်
## (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘားအံတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည် ဖြစ်ပါသဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဂုဏ်ထူးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)နှင့် ဝိဇ္ဇာ/သိပ္ပံဘွဲ့များ လျှောက်ထားနိုင်ပါသည်။
၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနမှ ရယူဖြည့်စွက်ပြီး ၄-၁၂-၂၀၁၇ ရက်မှ ၂၉-၁၂-၂၀၁၇ ရက်အထိ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် (၂"×၁½") Sticker (ကပ်ခွာ)ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။
၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ိ/-)ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူလိုသူများအတွက် (၁၀၀၀ိ/-)ဖြစ်ပါသည်။
၄။ လျှောက်လွှာကို စာတိုက်မှ ပေးပို့သည့်အခါပေးပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ် ဘားအံတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့်ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက္ကသိုလ်အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။
၅။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁)စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

**(အောင်မျိုးမြင့်)**
**မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ဘားအံတက္ကသိုလ်**

## စစ်တွေတက္ကသိုလ်
## (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ်တို့မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်းလျှောက်ထားနိုင်ပါသည်။
၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆို အောင်မြင်ခဲ့သည့် စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ်တို့တွင် ရယူနိုင်ပါသည်။ ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို ၁-၁၂-၂၀၁၇ ရက်မှ ၂၉-၁၂-၂၀၁၇ ရက်အထိ ဆောင်ရွက်နိုင်ကြပါသည်။
၃။ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသည့် ၂ လက်မ×၁လက်မခွဲအရွယ် ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ နောက်ဆုံးအောင်မြင်ခဲ့သော ကျောင်းသားမှတ်ပုံတင်ကတ်မိတ္တူတို့နှင့်အတူ လျှောက်ထားကြရမည်။
၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့လျှောက်ထားပြီးမှ တက်ရောက်ရန် ပျက်ကွက်ပါက အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးသွားမည်ဖြစ်ပါသည်။
၅။ ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့်ဓာတ်ပုံများသည် သပ်ရပ်စွာ ဝတ်ဆင်၍ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်ရပါမည်။
၆။ ဘွဲ့နှင်းသဘင်ကြေးမှာတက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ် ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပါမောက္ခချုပ်၊ စစ်တွေတက္ကသိုလ်နှင့်ကျောင်းအုပ်ကြီး၊ တောင်ကုတ်ဒီဂရီကောလိပ်သို့လိပ်မူ၍ ပေးသွင်းနိုင်ပါသည်။ ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရ စာမေးပွဲခုံအမှတ်၊ အောင်မြင်သည့်ဘွဲ့ ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)
၇။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်အနေဖြင့်သာ လျှောက်ထားနိုင်ပါသည်။
၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။

**(မေခင်)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**စစ်တွေတက္ကသိုလ်**

## မြန်မာနိုင်ငံရှေ့လုပ်ငန်းရှင်များအသင်း
## (၁၅)ကြိမ်မြောက်
## နှစ်ပတ်လည်အသင်းသားစုံညီ
## အစည်းအဝေးဖိတ်ကြားစာ

မြန်မာနိုင်ငံရှေ့လုပ်ငန်းရှင်များအသင်း၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၉-၁၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် အမှတ်(၂၀၅)၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်ရှိ Panda Hotel (ပုလဲခန်းမ)၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ စုံစုံညီညီတက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၂၃၁၄၈၃၇**
**အလုပ်အမှုဆောင်အဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ မန္တလေး နည်းပညာတက္ကသိုလ်တွင် ၂၀၁၇-၂၀၁၈ ခု၊ ပညာသင်နှစ်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အောက်ဖော်ပြပါ အင်ဂျင်နီယာနှင့် ဗိသုကာပါရဂူဘွဲ့ ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

(က) မြို့ပြအင်ဂျင်နီယာ(အဆောက်အအုံ/ရေအရင်းအမြစ်)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(င) ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်နည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ဗိသုကာ
(ဈ) နျူကလီးယားအင်ဂျင်နီယာ
(ည) ဇီဝနည်းပညာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့ အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၂)နှစ် စုစုပေါင်း(၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း Course Work ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်။

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာအင်ဂျင်နီယာဘွဲ့(M.E)၊ မဟာဗိသုကာဘွဲ့ (M.Arch)/မဟာသိပ္ပံ (ဇီဝနည်းပညာ) (M.S.Bio.T)(သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း) တင်ပြနိုင်သူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာနှင့် မဟာသိပ္ပံ(ဇီဝနည်းပညာ)ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၅-၁၂-၂၀၁၇ ရက်မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် စတင်ထုတ်ယူနိုင်ပြီး ၁၂-၁၂-၂၀၁၇ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအားစိစစ်ပြီး မှန်ကန်ပါက ၁၃-၁၂-၂၀၁၇ ရက်တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၁၄-၁၂-၂၀၁၇ ရက် (ကြာသပတေးနေ့) | အင်္ဂလိပ်စာ | ၉း၀၀ နာရီမှ ၁၂း၀၀နာရီ |
| ၁၅-၁၂-၂၀၁၇ ရက်(သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |

၇။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၂၂-၁၂-၂၀၁၇ ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၂၆-၁၂-၂၀၁၇ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂၇-၁၂-၂၀၁၇ ရက်တွင် ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၉-၂၀၁၆၅၀၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ဒေါက်တာဉမ္မာအောင်)**
**ဌာနမှူး၊ သင်တန်းရေးရာ**

## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင် တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့အား ရှာဖွေ၊ သိမ်းဆည်း အရေးယူမည်ဖြစ်ကြောင်း

## အသိပေးကြေညာခြင်း

* အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးတို့အား သတ်မှတ်ထားသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပြီးမှ ရောင်းချရန် သတ်မှတ်ထားပါသည်။

* သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသော ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စိစစ်တွေ့ရှိရပါက တွေ့ရှိသည့် အဆိုပါအထူးကုန်စည်များကို အထူးကုန်စည်ခွန် ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည့်အပြင် အောက်ပါအတိုင်း ဒဏ်ငွေကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်-

- လက်ဝယ်ထားရှိရောင်းချသူသည် သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည် တန်ဖိုး၏ ၁၀၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်။
- ဖမ်းဆီးရမိသောအထူးကုန်စည်များသည် ပြည်တွင်း၌ထုတ်လုပ်သော အထူးကုန်စည် ဖြစ်ပါက ယင်းကုန်စည်ကို ထုတ်လုပ်သူကလည်း ယင်းအထူးကုန်စည် တန်ဖိုး၏ ၅၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

* အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင်တင်သွင်းထားသော ပြည်ပနိုင်ငံထုတ် ဘီယာအမျိုးမျိုးတို့ကို ရှာဖွေဖော်ထုတ် သိမ်းဆည်းရန် ဈေးကွက်အတွင်း ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းအား အထူးကုန်စည်ခွန်ဥပဒေတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

* သို့ဖြစ်ပါ၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချခြင်းမပြုလုပ်ကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အထက အိန္ဒသတ္တမတန်းမှ စောကျော်လာစူးနှင့် ပဥ္စမတန်းမှ စောဖောင်အဲ တို့၏ ဖခင်အမည်မှန်မှာ ဦးကုန်လှခင် ၃/ဘအန(နိုင်)၂၀၅၇၈၄ဖြစ်ပါသည်။ **ဦးကုန်လှခင်**

### အမည်ပြောင်း

ဦးစိုင်းအောင်မင်းထွန်း ၃/ဖပန(နိုင်)၀၁၁၉၇၃၏သမီး ဘားအံမြို့ အထက(ခွဲ) ၂ ပထမတန်း(ဘီ)မှ နန်းခိုင်မွန်မွန်သွန်းအား နန်းကေခိုင်ဖြိုးဟုပြောင်းလဲခေါ်ပါရန်။
**နန်းကေခိုင်ဖြိုး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HSE/5661 Ford Ranger Hearse (4x2) Extra Cab ယာဉ်လက်ဝယ်ရှိသူ သီရိစေတနာနာရေးကူညီမှုအသင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

### (၃၈)ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်ညီလာခံ

(၃၈)ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်ညီလာခံကို ၁၈-၁-၂၀၁၈ ရက်နှင့် ၁၉-၁-၂၀၁၈ ရက်တို့တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း၊ Melia Hotel ၌ကျင်းပမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန် အသင်းသူ/အသင်းသားများ တက်ရောက်ကြရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။ ညီလာခံကြေး ကျပ် ၁၀၀၀၀၀/-တိတိကို မြန်မာနိုင်ငံသားများဘဏ် (ကျောက်တံတားဘဏ်ခွဲ)၊ စာရင်းအမှတ်- SM 359 (မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း)သို့ ပေးသွင်းနိုင်ပါပြီ ၂၉-၁၂-၂၀၁၇ ရက်ထိသာ ၁-၁-၂၀၁၈ ရက်မှ ၁၈-၁-၂၀၁၈ ထိကို ညီလာခံကြေး ၁၂၀၀၀၀/-ပေးသွင်းရပါမည်။ ညီလာခံနှင့်အတူ ပူးတွဲကျင်းပပြုလုပ်မည့် (၂၈)ကြိမ်မြောက် သက်ကြီးသွားနှင့်ခံတွင်းဆရာဝန်များအား ပူဇော်ပွဲကို ၁၉-၁-၂၀၁၈ ရက်နေ့ နံနက်ပိုင်းတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ၃၁-၁-၂၀၁၈ရက်တွင် အသက်(၆၇)နှစ်ပြည့်ပြီးဖြစ်သော သွားနှင့်ခံတွင်း ဆရာဝန်ကြီး/ ဆရာဝန်မကြီးများ ကြွရောက်ကန်တော့ခံပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကန်တော့ခံမည့် ဆရာဝန်ကြီး/ဆရာဝန်မကြီးများသည် လူမှုရေးကော်မတီသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါက်တာမြင့်စိန် ဖုန်း-၀၉-၅၁၃၇၁၂၂၊ ဒေါက်တာခင်ဇော် ဖုန်း-၀၉-၅၀၁၃၉၉၇၊ ဒေါက်တာခင်မောင်လေး ဖုန်း-၀၉-၅၁၁၅၆၃၆
**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

### ဖခင်အမည်မှန်

တောင်တွင်းကြီးမြို့နယ်၊ ဂုံ/ကြမ်း အထက သတ္တမတန်းမှ မမြတ်နိုးသန္တာကျော်၊ ဆဋ္ဌမတန်းမှ မောင်ရာဇာမင်းခန့်ကျော်၊ တတိယတန်းမှ မခင်မျိုးဆက်ကျော် တို့၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၈/တတက(နိုင်)၁၉၄၃၁၅ဖြစ်ကြောင်း။
**ဦးကျော်ကျော်**

### ပျောက်ဆုံး

ဒေါ်ထာလေ့ဆုန် (ဘ)ဦးဇိန်ဟုပ် ၄/ဟခန(နိုင်)၀၃၇၉၄၆၏ မြန်မာနိုင်ငံကူးလက်မှတ်(နံပါတ် မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၂၉၃၅၈၀**

### စာအုပ်စာပေ လူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၅၄ယ/၅၁၉၉၉ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ညို ၁၄/ပတန(နိုင်)၁၂၉၃၈၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### ဒဂုံတက္ကသိုလ်
### (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၊ ဧပြီလ၊ မေလ၊ စက်တင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၁၇ ခုနှစ် (ဒီဇင်ဘာ)လ (၄)ရက်နေ့မှ(၂၀၁၇)ခုနှစ် ဒီဇင်ဘာ၂၉ရက်အထိ လျှောက်လွှာများကို တင်သွင်း လျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာ ပုံစံမတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော ($၂\times၁\frac{၁}{၂}$) လက်မအရွယ်၊ ဓာတ်ပုံနှစ်ပုံစီ [အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့်၊ အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်ဖြင့်] နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာ၍ ပူးတွဲလျှောက်ထားရမည်။ ဤတက္ကသိုလ်မှ ယခင်ဘွဲ့ရပြီးပါက ဘွဲ့လက်မှတ်မိတ္တူကို တစ်ပါတည်းယူဆောင်လာရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံ တင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-ကျပ် (ကျပ်တစ်သောင့်ငါးရာတိတိ)ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-ကျပ် (ကျပ်တစ်သောင်းတိတိ)ပေးသွင်းကြရပါမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့၍အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲစသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။ **(သက်လွင်)**

**(ဌာနမှူး-သင်တန်းရေးရာဌာန)**
**ဒဂုံတက္ကသိုလ်**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2M/1873 MAZDA BT 50 ယာဉ်လက်ဝယ်ရှိသူ NGWE KYEI PYAE SON CO.,LTD.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

### ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
### (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် Advanced Certificate (Intermediate Level) သင်တန်း အောင်မြင်ကြသူများအတွက် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကိုအောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၂၀-၁-၂၀၁၈ ရက်(စနေနေ့) |
| **ကျင်းပမည့်နေရာ** | - | ဘွဲ့နှင်းသဘင်ခန်းမ(ရန်ကုန်တက္ကသိုလ်) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၉း၀၀နာရီ |
| **ဘွဲ့နှင်းသဘင်ကြေး** | - | ၁၅၀၀၀/-(ကျပ်တစ်သောင့်ငါးရာတိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - | ၁၀၀၀၀/-(ကျပ်တစ်သောင်တိတိ) |
| **အစမ်းလေ့ကျင့်မည့်ရက်၊ အချိန်** | - | ၁၉-၁-၂၀၁၈ ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီ |
| **လျှောက်လွှာလက်ခံမည့်ရက်** | - | ၆-၁၂-၂၀၁၇ မှ ၁၃-၁၂-၂၀၁၇ ရက်အထိ သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရန် |

(၁) ခြောက်လအတွင်းရိုက်ကူးထားသော ($၁\frac{၁}{၂}\times၂$)လက်မဓာတ်ပုံသုံးပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူကို လျှောက်လွှာတင်သည့်ရက်တွင် ယူလာရပါမည်။ (ဓာတ်ပုံသည် အင်္ကျီလက်ပြတ်၊ တီရှပ်၊ လည်ဟိုက်နှင့် ဆံပင်ဆိုးထားသောပုံမဖြစ်ရပါ။)
(၂) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်၊ ဂျာမန်၊ ရုရှားဘာသာ)ဖြင့် အောင်မြင်ကြသူများ
(၃) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာ၊ ရုရှား၊ ထိုင်းဘာသာ)ဖြင့် အောင်မြင်ကြသူများ
(၄) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဒီပလိုမာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း၊ မြန်မာ၊ အီတာလျံ၊ ဘာသာဗေဒ)ဖြင့် အောင်မြင်ကြသူများ
(၅) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အချိန်ပိုင်းဒီပလိုမာ ဒုတိယနှစ် (တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်းဘာသာ)ဖြင့် အောင်မြင်ကြသူများ
(၆) ယခင်ပညာသင်နှစ်များမှ ဘွဲ့လျှောက်ထားခြင်းမရှိခဲ့ဖူးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
(၇) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာကို ၁၇-၁-၂၀၁၈ ရက်နှင့် ၁၈-၁-၂၀၁၈ ရက်များတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ (ဘွဲ့ဝတ်စုံ ငှားရမ်းရန် မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)
(၈) ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးပါမည်။
(၉) ဘွဲ့တက်ရောက်ယူမည့်အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့) အနောက်တိုင်းဝတ်စုံအပြည့်(ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာ့ထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ခွင့်ပြုမည်။(အောက်နားခွဲထားသော သုံးလွှာလုံချည်များဝတ်ခွင့်မပြုပါ။)
(၁၀) အသေးစိတ်ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**ကြည်ဆွေ**
**မော်ကွန်းထိန်း**

### မြေပေးမိန့်ပျောက်ဆုံးကြောင်း ကြေညာခြင်း

ဘားအံမြို့နယ် ကွင်းအမှတ်(၁၁၂၄) ကတိုင်က ကွင်းရှိ လှာကမြင်ကျေးရွာအုပ်စု တိုးချဲ့အိမ်ရာမြေကွက်ချထားရေးကော်မတီ(လှာကမြင်)၏ နေအိမ်အဆောက်အအုံဆောက်လုပ်ခွင့်လက်မှတ် အမှတ်စဉ် (၀၀၇၄၇)အား ဖြူးမြို့ ဒုတက ဇော်ဝင်းသို့ နေအိမ်အဆောက်အအုံ တိုးချဲ့အိမ်ရာမြေကွင်းပေ (၄၀×၆၀)ရှိသည့်မြေကွက်အမှတ် ဂ/၃၆-၁၅ကို ဆောက်လုပ်ခွင့်ပြုခဲ့ရာ အဆိုပါမြေကွက်အား ဒေါ်စီစီသန်း ၃/ဘအန(နိုင်)၁၉၆၀၁၁မှ ၁၅-၂-၂၀၁၂ ရက်တွင် စာချုပ်ဖြင့် ဝယ်ယူထားပါသည်။ အဆိုပါမြေပေးမိန့် စာချုပ်စာတမ်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျွန်မ ဒေါ်စီစီသန်းထံသို့ အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

**ဒေါ်စီစီသန်း ၃/ဘအန(နိုင်)၁၉၆၀၁၁**
**နေရပ် -၁/၁၄၂ အမှတ် (၁)ရပ်ကွက်၊ ဆေးရုံလမ်း၊**
**ဖုန်း-၀၉-၄၂၅၀၄၀၈၀၈**

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်းစာရင်းပေးသွင်းပါက (၁)ဦးအခမဲ့

၈ ရက် ခရီး - ဟိုတယ်(၂)ည → စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေးဌာန + နီပေါ)
၁၂ ရက် ခရီး - ဟိုတယ်(၃)ည → စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေးဌာန + နီပေါ)
၁၅ ရက်ခရီး - ဟိုတယ်(၅)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)
၁၅ ရက် ခရီး - ဟိုတယ်(၄)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်းကတ္တားပါ

ဂယာ သီးသန့် ၂ညအိပ် ၃ ရက်၊ ၄ ညအိပ် ၅ရက် ဂယာသီးသန့် ခရီးစဉ်အဖွဲ့များလည်းပို့ဆောင်ပေးသည်။

ဗုဒ္ဓဂယာ ၈ ရက် ခရီး (လေးဌာန + နီပေါ) - 3Star ဟိုတယ်(၇)ည → ဒေါ်လာ ၁၁၀၀
သီရိလင်္ကာ ဓာတ်တော် + ထိုင်းနိုင်ငံဘန်ကောက် မြဘုရား(၈)ရက်ခရီး - (၂၅.၁၂.၂၀၁၇)ထွက်ပါမည်။
လူပြည့်ရန်လူဦးရေအနည်းငယ်သာလိုပါတော့သည်။(3Star ဟိုတယ် ဒေါ်လာ ၁၅၀၀)

ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်ရုံးချုပ်-၀၁-၃၇၆၆၁၀၊ ၈၃၇၂၁၃၅၊ ၈၃၈၄၃၆၆၊ ၈၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၀၇၉၆၂၁၊ ၀၉-၅၁၂၀၅၂၉
မန္တလေးရုံးခွဲ - အမှတ်-၈၈၊ ၆၈လမ်း၊ ၃၃×၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်။ဖုန်း - ၀၉-၇၇၅၅၅၅၃၄၀၊ ၀၉-၇၇၅၅၅၅၃၄၁

## မအူပင်မြို့နယ်အသင်း(ရန်ကုန်)
## (၆၃)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

မအူပင်မြို့နယ်အသင်း ရန်ကုန်၏ (၆၃)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ အသက် (၇၅) နှစ်ပြည့်ပြီးသူ အသင်းဝင်များအား ကန်တော့ခြင်း၊ ပါရဂူဘွဲ့ရရှိသူများနှင့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်သားသမီးများအား ဆုချီးမြှင့်ခြင်း အခမ်းအနားများကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၃၁ရက်၊ ၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မအူပင်မြို့နယ် အသင်းသူအသင်းသားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကန်တော့ခံအသင်းဝင်များ၊ ဆုချီးမြှင့်ခြင်းခံယူမည့် ကျောင်းသူ ကျောင်းသားများ၊ တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများအနေဖြင့် ၂၃-၁၂-၂၀၁၇ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တွင် ဒုတိယဥက္ကဋ္ဌ ဦးအုန်းဖေ ဖုန်း-၀၉-၂၅၂၃၉၄၄၉၁၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၀၉-၇၉၅၉၃၇၅၄၁၊ အတွင်းရေးမှူးများဖြစ်သည့် ဦးမြင့်သိန်း ဖုန်း-၀၉-၄၂၁၁၆၈၃၇၁ နှင့် ဒေါ်ကြည်သာမော် ဖုန်း-၀၉-၅၁၄၄၁၆၆၊ ဘဏ္ဍာရေးမှူး ဦးတင်ငြိမ်း ဖုန်း-၅၄၀၇၅၂နှင့် အမှုဆောင်များဖြစ်သည့် ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀နှင့် ဒေါ်ဌေးဌေးရီ ဖုန်း-၀၉-၄၂၁၀၃၄၁၄၃၊ မအူပင်မြို့တွင် ဦးသိန်းမောင် ဖုန်း-၀၄၅-၃၀၃၈၄နှင့် ဆရာပိုက် ဖုန်း-၀၉-၄၂၉၇၅၂၁၇၃တို့သို့ အထောက်အထားမိတ္တူများပေးပို့ပါရန်နှင့် အလှူငွေများကိုလည်း လှူဒါန်းနိုင်ပါကြောင်း။ **အမှုဆောင်အဖွဲ့၊ မအူပင်မြို့နယ်အသင်း(ရန်ကုန်)**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၉၂၄၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မှော်ဘီမြို့နယ်၊ အသောကကျောင်းတိုက်
## (မြေဇင်းတောရဓမ္မရိပ်သာ) ၃၁ ကြိမ်မြောက် ရက် ၆၀ တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရှမ်းစု(၁)ရပ်ကွက်၊ အသောက ကျောင်းတိုက်တွင် ကန္နီဥပနိဿယ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ နည်းအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဓမ္မာစရိယအရှင်ကေလာသမှ ၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်၊ ၁၁-၁၂-၂၀၁၇ရက် (တနင်္လာနေ့)မှ ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၈-၂-၂၀၁၈ ရက် (ကြာသပတေးနေ့) အထိ ရက် ၆၀ တိတိ တရားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ယောဂီများ ၁၀-၁၂-၂၀၁၇ ရက် ညနေ ၅ နာရီ ကျောင်းသို့ အရောက်လာကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဖုန်း-၀၉-၅၀၃၉၀၀၂၊ ၀၉-၂၅၆၁၆၄၉၆၊ ၀၉-၄၂၁၁၅၁၁၀၀၊ ၀၉-၅၀၄၇၆၂၄

## အမည်ပြောင်း

ဦးမျိုးဝင်းသန်း ၇/ဖမန(နိုင်)၀၀၁၄၈၄၏သမီး အထက (၁) ဒဂုံမြို့နယ် န၀မတန်း (G)မှ မဆုဝေထက်အား မဆုဝေထက်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။
**မဆုဝေထက်ဟန်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝွန်းဆိုင်း ၁/မကတ(နိုင်)၀၆၄၀၈၉၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၈၁၃၈၄၃၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမာလာဦး (ခ) ဒီပါဦး ၁/မကန(နိုင်)၁၅၇၄၉၅၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၈၇၃၀၃၈**

## ပျောက်ဆုံးကြောင်း

မြတ်ဖူးပွင့်အောင်ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၉၅၈/၂၀၁၃-၂၀၁၄ မှာ လုပ်ငန်းလုပ်ကိုင်စဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၅၁၀၈၆၁၀

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇေယျာထွန်း ၁/မကတ(နိုင်)၀၈၄၆၅၀၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၈၈၇၃၀၃၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းမင်းဦး ၁၀/ကထန(နိုင်)၀၈၀၂၇၀ ၏ (Passport No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ဦးမျိုးမြင့်ဆွေ ၁၂/ကမတ(နိုင်)၀၄၈၇၃၆ နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ မြဇေယျာလမ်းသွယ်၊ အမှတ် ၆ နေ ဒေါ်ဥမ္မာမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာမင်းနှင့် ဦးမျိုးမြင့်ဆွေတို့သည် ၁၉၉၄ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြရာ သမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းစဉ် လက်ထက်ပွားပစ္စည်းအဖြစ် Nissan Caravan အမျိုးအစား၊ မီးခိုးရောင်၊ မော်တော်ယာဉ်အမှတ် 4N-8922နှင့် Toyota အမျိုးအစား၊ Caldina အငှားယာဉ်အဖြူရောင်၊ မော်တော်ယာဉ်အမှတ် 4D-4824 မော်တော်ယာဉ်နှစ်စီးဖြစ်ထွန်းခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမျိုးမြင့်ဆွေတို့ စတင်ပေါင်းသင်းသည့်အချိန်မှစ၍ ကျွန်ုပ်၏မိတ်ဆွေကသာ ယနေ့ အချိန်ထိ ရှာဖွေကျွေးမွေးခဲ့ရသော်လည်း ဦးမျိုးမြင့်ဆွေသည် သမီးကြီးမွေးဖွားပြီးနောက် အိမ်ထောင်ရေးဖောက်ပြန်မှုများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက သမီးနှစ်ဦး၏မျက်နှာကိုထောက်ထား၍ သည်းခံကာ ပေါင်းသင်းခဲ့သော်လည်း ၁၁-၁၁-၂၀၁၇ ရက်တွင် လင်မယားနှစ်ဦးပိုင် အထက်ဖော်ပြပါ မော်တော်ယာဉ်နှစ်စီး၏ Owner စာအုပ်နှစ်အုပ်၊ ကျွန်ုပ်၏မိတ်ဆွေ ရှာဖွေစုဆောင်းထားသောငွေများနှင့် အခြားပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတို့ကို ဇနီးသည်နှင့်သမီးများ သိရှိခြင်းမရှိဘဲ ယူဆောင်သွားကာ အခြားအမျိုးသမီးတစ်ဦးနှင့်ဖောက်ပြန်၍အတူနေထိုင်လျက်ရှိသည်ကို ကျွန်ုပ်မိတ်ဆွေသာမက ဦးမျိုးမြင့်ဆွေ၏ ဆွေမျိုးများအားလုံးသိရှိခဲ့ရပါသည်။

ဦးမျိုးမြင့်ဆွေ၏ပြုမူဆောင်ရွက်ခဲ့မှုများသည် ကြီးလေးသော အိမ်ထောင်ရေးဖောက်ပြန်မှုများကို အကြိမ်ကြိမ်ကျူးလွန်လျက်ရှိနေပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်ဥမ္မာမင်းနှင့် ဦးမျိုးမြင့်ဆွေတို့သည် ယနေ့အချိန်ထိ အကြင်လင်မယားအဖြစ် တရားဝင်ဖြစ်တည်လျက်ရှိနေပါသောကြောင့် ဦးမျိုးမြင့်ဆွေ ယူဆောင်သွားသော မော်တော်ယာဉ်အမှတ် 4D-4824 Owner စာအုပ်နှစ်အုပ်နှင့် လင်မယားနှစ်ဦးပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများတို့အား ကျွန်ုပ်မိတ်ဆွေသိရှိခြင်း၊ ခွင့်ပြုခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အသွင်ပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းနှင့် အခြားနည်းစီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ခွင့်မရှိကြောင်း၊ ထိုသို့ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ထိုသို့ပြုလုပ်သူများအားလုံးကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမျိုးမြင့်ဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဦးအောင်မျိုးသူ |
| LL.B, D.B.L | LL.B, D.B.L | LL.B |
| (စဉ်-၂၈၆၄၁) | (စဉ်-၃၁၀၇၀) | (စဉ်-၄၆၅၄၅) |

**အထက်တန်းရှေ့နေများ**
**အမှတ် ၃၆၊ မိုးမခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆**

## သန်လျင်မြို့၊ ရန်အောင်မြင်ကျောင်း
## မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ
## ဒုတိယအကြိမ်(၁၀)ရက်အထူးတရားစခန်းပွဲ

သန်လျင်မြို့၊ ရန်အောင်မြင်ကျောင်း၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် မိုးကုတ်အဖွဲ့ချုပ်ကြီး၏ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ သုညတဓမ္မဆရာတော်အရှင်ဆန္ဒသေနမှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း(၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်မှ ပြာသိုလဆန်း ၈ရက်)အထိ ၁၆-၁၂-၂၀၁၇ရက်မှ ၂၅-၁၂-၂၀၁၇ရက်အထိ (၁၀)ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစား၊ တစ်ကိုယ်ရေသုံးပစ္စည်းအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းတို့ကို တစ်ပါတည်းယူဆောင်၍ ၁၅-၁၂-၂၀၁၇ ရက်(သောကြာနေ့) ညနေ ၅နာရီတွင် နောက်ဆုံးထားပြီး တရားစခန်းသို့ လာရောက်ရပါမည်။

တရားစခန်းတွင် ယောဂီ (၈၀)သာ လက်ခံမည်ဖြစ်ပါသဖြင့် ကြိုတင်စာရင်းပေးသွင်းရန်နှင့် ဆွမ်းစရိတ်လုံးဝပေးသွင်းရန်မလိုပါ။

တရားစခန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအတွက် ဆက်သွယ်ရန်နှင့် လှူဒါန်းလိုပါက ဆရာတော်ဘဒ္ဒန္တသူရိယ ဖုန်း-၀၉-၇၉၄၆၂၃၂၅၈၊ ၀၉-၄၂၀၅၇၇၅၄၁၊ ရန်အောင်မြင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ မစိုးရိမ်လမ်း၊ သန်လျင်မြို့ ဓမ္မအကျိုးတော်ဆောင် ဒေါ်အေးအေးလှိုင် ဖုန်း-၀၉-၄၅၂၉၄၆၆၉၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## B.Ag (၁၉၆၈-၁၉၇၃) သူငယ်ချင်းများသို့
## ဖိတ်ကြားလွှာ

၁၉၆၈ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း စိုက်ပျိုးရေးတက္ကသိုလ် မန္တလေးမြို့၌ အတူတကွ ပညာသင်ယူခဲ့ကြသော သူငယ်ချင်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်(မန္တလေး) သို့ စတင်တက်ရောက်ခဲ့သောကာလသည် ၂၀၁၈ ခုနှစ်တွင် နှစ်(၅၀)ရွှေရတုသို့ ရောက်ရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒို့တစ်တွေ၏ နှစ်(၅၀)ရွှေရတုအထိမ်းအမှတ်တွေ့ဆုံပွဲနှင့်အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံးတက်ရောက်နိုင်ရေး ကြိုးပမ်းကြရန်နှင့် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်တိုက်တွန်းနှိုးဆော်ပေးကြရန် မေတ္တာရပ်ခံလျက်ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ ရက် စနေနေ့
**ကျင်းပမည့်နေရာ/အချိန်** - (၁) အာစရိယပူဇော်ပွဲ
မန္တလေးတိုင်းဒေသကြီး၊
စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး
(၀၉:၀၀)နာရီ
(၂) ညစာစားပွဲ
သီရိမြန်မာဟိုတယ် ပြင်ဦးလွင်မြို့
၁၇:၀၀ နာရီ

**ဆက်သွယ်စုံစမ်းရန်နှင့် ရန်ပုံငွေထည့်ဝင်လှူဒါန်းရန်**

| ရန်ကုန် | | မန္တလေး | |
|---|---|---|---|
| ဦးဌေးလွင် | ဖုန်း-၀၉-၄၃၀၂၁၂၇၁ | ဦးလှကြီး | ဖုန်း-၀၉-၇၆၁၃၂၀၅၆၇ |
| ဦးလှကြည် | ဖုန်း-၀၉-၅၀၀၃၉၃၁ | ဦးအောင်သန်း | ဖုန်း-၀၉-၄၄၄၀၀၉၂၈၃ |
| ဦးစိုးဝင်းမောင် | ဖုန်း-၀၉-၄၃၀၁၅၅၇၈ | ဦးတင်မောင်မြင့် | ဖုန်း-၀၉-၂၁၁၀၁၀၇ |
| | | ဦးခင်မောင်လတ် | ဖုန်း-၀၉-၂၅၉၀၂၄၆၉၂ |
| | | ဒေါ်တင်တင်စန်း | ဖုန်း-၀၉-၂၀၀၆၄၅၇ |

**တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**မန္တလေးမြို့**

## ဝါးတစ်ရာ၊ သာခုကန်စက်မှုဇုန်မြေကွက်ပိုင်ရှင်များ သိရှိစေရန်
## အသိပေးကြေညာခြင်း

၂၂-၁၁-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် ရွှေပြည်သာစက်မှုဇုန်(၁) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့၏ အစည်းအဝေးညှိနှိုင်းဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်နှင့် သာခုကန်စက်မှုဇုန် အတွင်းရှိ စက်မှုမြေကွက်လပ်များနှင့် လမ်းဘေး ဝဲ/ယာတွင် ကိုင်းပင်၊ မြက်ပင်များ ထူထပ်စွာပေါက်နေသည့်အတွက် ပွင့်လင်းရာသီတွင် မီးလောင်မှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိပါသည်။ ထို့ပြင် ကိုင်းမြက်ပင်များအား အကာအကွယ်ယူ၍ ရာဇဝတ်မှုခင်းများလည်း ဖြစ်ပေါ်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ မိမိစက်မှုမြေကွက်လပ်များအတွင်းနှင့် လမ်းဘေး ဝဲ/ယာရှိ ကိုင်းမြက်များအား ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ရှင်းလင်းပေးကြရန်နှင့် ရှင်းလင်းပြီးစီးကြောင်း ဓာတ်ပုံမှတ်တမ်း အထောက်အထားဖြင့် ရွှေပြည်သာစက်မှုဇုန်(၁)၊ ဝါးတစ်ရာစက်မှုဇုန်၊ သာခုကန်စက်မှုဇုန် စီမံခန့်ခွဲရေးရုံးသို့ အသိပေးတင်ပြကြရန် ဖြစ်ပါသည်။

ကိုင်းမြက်ခြောက်များနှင့် စက်ရုံထွက်စွန့်ပစ်ပစ္စည်းများ မီးရှို့မည်ဆိုပါက ရွှေပြည်သာမြို့နယ်၊ မီးသတ်ဦးစီးဌာနသို့ ကြိုတင်အသိပေးခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ရွှေပြည်သာစက်မှုဇုန်(၁)၊ သာခုကန်စက်မှုဇုန်၊ ဝါးတစ်ရာစက်မှုဇုန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၇)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျိုင်းခမ်းရေလှောင်တမံ စီမံကိန်း၏အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေကြီးလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) **ဆက်သွယ်တူးမြောင်းလုပ်ငန်း** - တူး/ တင်/သယ်
**တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** - ၃၀-၁၁-၂၀၁၇ ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၀-၁၂-၂၀၁၇ ရက် (၁၆:၃၀)နာရီ
**တင်ဒါပေးပို့ရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး တည်ဆောက်ရေး(၇) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရပ်စောက်မြို့
**တင်ဒါဖွင့်မည့်ရက်** - ၃-၁-၂၀၁၈ ရက် နံနက် ၁၀:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး တည်ဆောက်ရေး(၇)၊ ရပ်စောက်မြို့ ဖုန်း-၀၈၁-၂၀၄၅၉၅၊ ၀၈၁-၂၀၄၅၉၆ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
**တင်ဒါကော်မတီ**
**တည်ဆောက်ရေး(၇)၊ ရပ်စောက်မြို့**

# လီမျှော်ရောင် ကောလိပ်

၁၉၇၆ ၁၉၉၆

**ပထမအကြိမ်**
**အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲ**

အမှတ်(၂)ဒေသကောလိပ် ရန်ကုန်တိုင်း နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တို့တွင် ၁၉၇၆-၇၇ ပညာသင်နှစ်မှ ၁၉၉၅-၉၆ ပညာသင်နှစ်အထိ ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းများအား ဖိတ်ကြားအပ်ပါသည်။

(ဖိတ်စာ သီးခြားမပို့ပါ)

- နေ့ရက် ၁၇၊၁၂၊၂၀၁၇ (တနင်္ဂနွေနေ့)
- အချိန် နံနက် ၉:၀၀ နာရီ
- နေရာ ရန်ကုန်တက္ကသိုလ် (လှိုင် နယ်မြေ)

ကွယ်လွန်သွားကြပြီဖြစ်သော ဆရာကြီး ဦးကောင်းညွှန့် နှင့် ဆရာ၊ဆရာမများ၊ ကျောင်းသူ ကျောင်းသားဟောင်းများ၊ ကျောင်းနှင့်ဆက်စပ်သမျှ ပုဂ္ဂိုလ်များအား ရည်စူး၍ အရှင် ဆေကိန္ဒ အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေမည်ဖြစ်ပါ၍ ၁၀၊၁၂၊၂၀၁၇ (တနင်္ဂနွေနေ့) တွင် တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ပါရမီလမ်းနှင့် ကန်ပတ်လမ်းထောင့် ဟာမိုနီ လက်ဘက်ရည်ဆိုင်တွင် နေ့စဉ် နံနက် ၁၀:၀၀ နာရီ မှ ညနေ ၄:၀၀ နာရီအထိ လှူဒါန်းနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်ရဲလင်း ၂/ဖရဆ(နိုင်)၀၂၃၀၈၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ သိန်းရင် ၂/လကန(နိုင်)၀၁၂၇၂၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိန်သိန်းငွေ ၈/တတက(နိုင်)၁၈၀၈၃၉၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၁၄၅၈၁၁၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးသူအောင် ၈/တတက(နိုင်)၁၅၄၉၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၄၁၉၈၁၈**

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ ချိုကယ်ကျေးရွာအုပ်စု၊ ဒေါ်မူကလား ဒမ/၄၅နေ ဦးအူးရယ်၏သမီး မဘူးမြာ၏မွေးသက္ကရာဇ် အမှန်မှာ ၈-၈-၁၉၉၅ဖြစ်ပါကြောင်း။ **မဘူးမြာ**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ) နာနတ်တော၊ ပဉ္စမတန်း (A)မှ မကေတုရဒေဝီ၏ ဖခင်အမည်မှန်မှာ ဦးလာယိုင် ၂/လကန(နိုင်)၀၆၄၇၃၅ ဖြစ်ပါကြောင်း။ **ဦးလာယိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ အထက(၃)၊ န၀မတန်း(A)မှ မောင်ဂျေရှန်း၏ ဖခင်ဦးပေါလူ(ခ)ကူဖူး ၁၃/ဖခန (နိုင်) ၀၁၁၀၁၅သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးပေါလူ(ခ)ကူဖူး**

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အထက(၃)၊ အဋ္ဌမတန်း(A)မှ ဦးမီရယ်၏သား မောင်စိုးရယ်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၃-၁၀-၂၀၀၂ ဖြစ်ပါကြောင်း။ **မောင်စိုးရယ်**

## မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက (၃) အဋ္ဌမတန်း(A)မှ မဝီမြာ၏မိဘအမည် မှန်မှာ ဦးပဲရယ် ၁၃/မမန(နိုင်) ၀၁၁၇၉၇နှင့် ဒေါ်ခွဲမို ၁၃/မမန (နိုင်)၀၁၈၉၀၈ဖြစ်ပါကြောင်း။
**ဦးပဲရယ်-ဒေါ်ခွဲမို**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နွားလပိုးကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာ၊ ကွင်းအမှတ် (၁၀၃/အုတ်ကျင်း)၊ ဦးပိုင်အမှတ် ၂၂၊ ဧရိယာ ၀ ဒသမ ၃၈၃ဧကရှိမြေသည် ဒေါ်ခင်နီလာ အမည်ပေါက်ပြီး ဒေါ်ခင်နီလာမှဦးကျော်သိန်းထံသို့ ၂၃-၂-၂၀၁၆ ရက်တွင် နှစ်ဦး သဘောတူ အရပ်စာချုပ်ဖြင့် ရောင်း/ဝယ်ကြပါသည်။ မြေကွက် ကို ဦးကျော်သိန်းက တစ်ဦးတည်းနေထိုင် အကျိုးခံစားကြောင်း ကျမ်းကျိန်၍ စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ မြေငှားဂရန် ရရှိရေး သက်ဆိုင်ရာသို့ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လို သူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဦးကျော်သိန်း ၂/လကန(နိုင်)၀၆၇၃၁၇**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**
**ဧရာဝတီတိုင်းဒေသကြီးရုံး**
**ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်အောက်ဖော်ပြပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းပေးသွင်းလိုသူ မြန်မာ နိုင်ငံသားလုပ်ငန်းရှင်များ အား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | တင်ဒါအမျိုးအစား |
|---|---|---|
| (၁) | ညောင်တုန်းမြို့ကမ်းထိန်းလုပ်ငန်း | လုပ်ငန်းသုံးပစ္စည်းတင်ဒါ |
| (၂) | ဖျာပုံမြို့ကမ်းထိန်းလုပ်ငန်း | ။ |
| (၃) | ကန်ကြီးထောင့်မြို့ကမ်းထိန်းလုပ်ငန်း | ။ |
| (၄) | ဒေးဒရဲမြို့ကမ်းထိန်းလုပ်ငန်း | ။ |
| (၅) | လေးမျက်နှာမြို့နယ်၊ အိုင်သပြုကျေးရွာ ကမ်းထိန်းလုပ်ငန်း | ။ |
| (၆) | သာပေါင်းမြို့နယ်၊ စက်ဒေါင့်ကြီးကျေးရွာ ကမ်းထိန်းလုပ်ငန်း | ။ |
| (၇) | ဇလွန်မြို့ ကမ်းထိန်းလုပ်ငန်း | ။ |
| (၈) | မြန်အောင်မြို့နယ်၊ မကျီးစုကျေးရွာအုပ်စု ကမ်းထိန်းလုပ်ငန်း | ။ |
| (၉) | မရမ်းချောင်းကျေးရွာ ကမ်းထိန်းလုပ်ငန်း | ။ |
| (၁၀) | လေးမျက်နှာမြို့နယ်၊ ထူပါရုံဘုရား ကမ်းထိန်းလုပ်ငန်း | ။ |

၂။ **တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း နှင့်စိစစ်ရွေးချယ်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂) ဧရာဝတီတိုင်းဒေသကြီးရုံး၊ မဥ္ဇူလမ်း၊ ကင်းမလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၅-၁၂-၂၀၁၇ရက် ၁၆:၃၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၉-၁၂-၂၀၁၇ရက် နံနက် ၁၀:၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ် အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂) ဧရာဝတီတိုင်းဒေသကြီးရုံး ဖုန်း-၀၄၂-၂၉၁၅၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိရွှေဝါမြင့် ၁၂/မဘန(နိုင်)၁၁၃၉၀၀သည် ဦးကျော်ကျော်လတ် ၁၄/ဘကလ(နိုင်)၁၆၉၅၇၂ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ်(၃)၊ 3 Mahar Swe Condo၊ တိုက်ခန်းအမှတ် (2-B1)၊ တိုက်ခန်းအလွှာ(Level-2) အကျယ်အဝန်းဧရိယာ ၁၀၄၂စတုရန်းပေ ဟုခေါ်တွင်သော ကွန်ဒို တိုက်ခန်းအပါအဝင် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာမှတ်စာတမ်းဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိ ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မော်မော်ခင်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**ဒေါ်ဟေမာအောင်** — **အထက်တန်းရှေ့နေ(စဉ်-၄၄၉၀)**
**တိုက် ၂၁၂၊ အခန်း ၁၁၊ ရန်နိုင်လမ်းသွယ်(၇)၊ (၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## အင်းတကော် မိုးကုတ်ဝိပဿနာဇနိတာရာမကျောင်း

**ဘုရားအနေကဇာတင်၊ ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ မိုးပျံတံတားနတ်လမ်း ရေစက်ချမင်္ဂလာဖိတ်ကြားလွှာ**

**စုပေါင်းဆောက်လုပ်ပြီးစီးပါသဖြင့် ရေစက်ချပွဲကို ၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက်၊ ၁၀-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားပါသည်။**

**အကျိုးဆောင်အဖွဲ့ ဇနိတာရာမ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမောင်စိန်(ခ)ဦးမောင်မောင်စိန်**

**အသက်(၅၉)နှစ်**

General Manager, Asia Concrete Products Co., Ltd. သည် ၃၀-၁၁-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၅း၃၀ နာရီ ဗဟိုရ်စည်ဆေးရုံတွင် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**အသင့်ဖျော်ကွန်ကရစ်အသင်း(ရန်ကုန်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/7818 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/7606, Toyota Beltta SCP 92, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးငြိမ်း ၂/လကန(နိုင်)၀၀၈၈၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6359, Toyota Nadia SXN 10, Mini Van (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၁၁/အမန(နိုင်)၀၁၂၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ် ၃၃၊ (၁၀)ရပ်ကွက်၊ အမှတ် ၄၇၇(က)၊ အနံပေ(၂၀)×အလျားပေ(၆၀)ရှိ ရွှေပြည်သာမြို့နယ်နေ ဦးအောင်စံဝင်း ၁၂/လမန(နိုင်) ၀၇၅၀၇၉ နှစ် ၆၀ဂရန်အမည်ပေါက်မြေအား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ဒေါ်မြမြစိုး ၁၂/လမတ(နိုင်)၀၂၀၉၁၀ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင် ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားပါမည်ဟု ကြေညာအပ်ပါသည်။

**ဒေါ်မိုးကြည်ပြာ ၅/မမတ(နိုင်)၀၀၅၇၃၇**
**ဖုန်း-၀၉-၄၅၅၅၃၃၄၅၊ ၀၉-၉၇၆၆၃၅၇၇၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/7656, ယာဉ်လက် ဝယ်ရှိသူ Nway Oo Ayeyarwaddy Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ချစ်ပလီရပ်ကွက်၊ နွားပွဲလမ်း၊ အမှတ် ၁၇၆ဟု ခေါ်တွင်သည့် မြေဧရိယာအကျယ်(၁၂၀'× ၆၀')ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ကာ၊ တမံသလင်းခင်း၊ သွပ်မိုး (၁)ထပ် ဂိုဒေါင်အဆောက်အအုံနှင့် ဆက်စပ်လျက်ရှိသော ပစ္စည်းများအားလုံးကို ကျွန်ုပ်အမှုသည် ဒေါ်သီသီမာ ၇/သဝတ(နိုင်)၀၆၃၂၁၇တစ်ဦးတည်းပိုင်ဖြစ် ပါသည်။

ထိုမြေကွက်နှင့် အဆောက်အအုံတို့ကို ကျွန်ုပ်အမှုသည် သဘောဆန္ဒ မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုရန် သတိပေး တားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်း(Johnian)**
**တရားလွှတ်တော်ရှေ့နေကြီး(စဉ်-၁၁၇၃/၇၁)**
**မြဝတီဘဏ်အကျိုးဆောင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥပဒေအကြံပေး**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၇၆၉၈၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့် ဒေါ်နုရွှေ ၁၂/တမန(နိုင်)၀၅၇၃၁၃မှ သားဖြစ်သူ မောင်ညီညီဝင်း ၁၂/တမန(နိုင်) ၁၁၅၆၁၇ အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ညီညီဝင်းသည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ လူအများကြား အရှက်ရအောင် ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ် တို့၏မိတ်ဆွေမှ အကြိမ်ကြိမ်တားနေသည့်ကြားကပင် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၇-၉-၂၀၁၇ရက်တွင် မိမိ၏ သဘော ဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှ မောင်ညီညီဝင်း ကျူးလွန်ခဲ့သည့် လူမှုရေးကိစ္စအား လည်း မည်သို့မျှ ခွင့်လွှတ်နိုင်ခြင်းမရှိ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

မောင်ညီညီဝင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို မိဘများမှ လုံးဝတာဝန်ယူ ခြင်းရှိမည် မဟုတ်သလို နောက်နောင်တွင် လည်း မောင်ညီညီဝင်းနှင့် သက်ဆိုင်သည့်သူများ၊ ကိစ္စအရပ်ရပ်များအားလုံးအား မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းရှိမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြသီတာ(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၁)**
**ဒေါ်အေးသန္တာမင်းအောင်(LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၀၄)**
**အမှတ် (၂)၊ မချစ်တီးလမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၇၂၄၉၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်သူဇာညွန့်**
**မြ ဂျပန်စာသင်ကျောင်း**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ အမှတ်၁၅ ခြောက်လွှာ နေ ဦးလေးညွန့်-ဒေါ်အေးမြတ်ကြည်တို့၏သမီးကြီး၊ (ဦးခင်သောင်း- ဒေါ်ခင်ခင်မေ)တို့၏ သမီးချွေးမ၊ ဦးမြတ်ကောင်းညွန့်-ဒေါ်နီလာမြင့်တို့၏ ညီမ၊ ဦးမြတ်ကိုကိုညွန့်-ဒေါက်တာ အိမို့မို့လွင်၊ ဒေါ်အိမူယာညွန့်တို့၏ အစ်မ ဦးဝင်းဇော်ခင်သောင်း၏ဇနီး၊ မောင်ရဲကျော်ဘုန်း၊ မောင်အောင် ဘုန်းမြတ် (MRTV-4) တို့၏မိခင် ဒေါ်ခင်သူဇာညွန့်သည် ၃၀-၁၁- ၂၀၁၇ ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရ ပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အိအုချိ ဂျပန်ပညာတော်သင်ဆု ဒုတိယအသုတ်မှ**
**ကျောင်းသား ကျောင်းသူများနှင့် မိဘများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာတင်အေး (စစ်တွေ)

**68 Intake IM(1)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ် ၄၃/၄နေ [ဦးဘသာ (လဝကခရိုင်မှူး-ငြိမ်း)-ဒေါ်ခင်ကြီး]တို့၏သား၊ [ဦးတင်(အထွေထွေ မန်နေဂျာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-ငြိမ်း)-ဒေါ်မမကြီး]တို့၏သား သမက်၊ ဒေါ်လှဝင်း(အမျိုးသားမှတ်တမ်း မှားမော်ကွန်းတိုက်ဦးစီးဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးကိုကိုတင်-ဒေါ်ကေခိုင်မိုး၊ ဦးကျော်ကိုကိုတင်တို့၏ ဖခင်၊ ဒေါ်မြင့်မြင့်-ဦးရဲလွင်၊ ဦးထွန်းစိန်သာ-ဒေါ်စန်းရီတို့၏ချစ်လှစွာသော မောင်/ညီ၊ (ဦးနိုင်ဝင်း)-ဒေါ်အေးအေးသန်း၊ ဒေါ်ခင်အေးဝင်းတို့၏ညီ/မောင်၊ ဒေါ်ခင်လေးဝင်း-ဦးတင်ထွန်းတို့၏အစ်ကိုသည် ၂-၁၂-၂၀၁၇ရက်(စနေနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်ညွန့် B.Sc(Zoology)-1975

**ကျားပျံဆားစက်၊ ရွှေကျားပျံဆောက်လုပ်ရေး**
**အထက(၄)ပုဇွန်တောင်ကျောင်းသားဟောင်း**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန် အိမ်ရာ၊ အမှတ်(25/E6)နေ(ဦးကျော်ဒွန်း)-ဒေါ်ကျင်ရွှေတို့၏သား၊ (ဦးဝမ်းလျှံ- ဒေါ်ကျင်စိုး)တို့၏သားသမက်၊ ဦးကျော်စိုး-ဒေါ်သင်းသင်းဆွေ၊ ဒေါ်ခင်ခင်စိုး(ခ) ဒေါ်ခိုင်ခိုင်စိုး၊ ဒေါ်တင်တင်အေး တို့၏အစ်ကို၊ ကိုနိုင်ထူးလှိုင်-မရည်မွန်ကျော်၊ ကိုသီဟညွန့်တို့၏ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ဘကြီး၊ ဒေါ်ခင်ဆွေရီ(ခ) တန်စင်ဟွား၏ချစ်လှစွာသောခင်ပွန်းသည် ၂-၁၂-၂၀၁၇ရက် နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ရဟန်း၊ ကျောင်း၊ လမ်း၊ ရေ ဒါယကာကြီး**

## ဦးစိန်ဟန် B.Sc(Maths), M.Phil, M.Sc အသက်(၆၀)

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(WYTU)**
**ကထိက(ငြိမ်း)သင်္ချာဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၉) ရပ်ကွက်၊ ငုဝါမြိုင် ၁လမ်း၊ အမှတ် (၃၇၄/ခ)နေ (ဦးမြထွန်း)သံမဏိစက်ရုံ(ငြိမ်း)-ဒေါ်သိန်းညိုတို့၏သား၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးမောင်စိန်ဦး-ဒေါ်စောယဉ်ဦး)တို့၏သားသမက်၊ ဦးသောင်းဟန်၊ဦးလှဟန်-ဒေါ်မေငွေးလွင်၊ ဦးကျော်ဟိန်း-ဒေါ်စန်းစန်းမြင့်၊ ဦးစိုးစိုးကြိုင်- ဒေါ်လှလှမြင့်၊ ဦးလှထွန်း-ဒေါ်မိုမိုမြင့်တို့၏အစ်ကို၊ ဒေါ်အေးကျော့လှ၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇော်လင်းဟန်၊ မအေးမိုးဟန်၊ မနုကျော့ဟန်တို့၏ဖခင်၊ တူ၊ တူမ ခြောက်ယောက် တို့၏ဘကြီးသည် ၁-၁၂-၂၀၁၇ရက် (သောကြာနေ့)တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အများသိစေရန်

မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ အုန္နပင်လမ်းနေ ကျွန်တော်ဦးမောင်မောင်ကြီး ၅/မရန(နိုင်)၁၃၆၅၇၀နှင့် ကျွန်မ ဒေါ်ခင်စိန် EMDY-၃၅၀၇၀၁တို့သား မောင်ဇော်ဝင်း(ခ)ဆတ်သား ၅/မရန(နိုင်)၁၇၃၃၉၆သည် ၄င်းရရှိမည့် ပိုင်ဆိုင်မှုများအား ၂၉-၁၁-၂၀၁၇ ရက်တွင် မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အပြီးအပိုင် စွန့်လွှတ်ပြီးဖြစ်၍ နောက်နောင် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **ဦးမောင်မောင်ကြီး-ဒေါ်ခင်စိန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်တော်ဦးရန်နိုင်အောင် (ဘ) ဦးကြည်သိန်း အသက် (၃၈) နှစ် (၁၂/ သဃက(နိုင်)၁၅၅၄၄၉) ကိုင်ဆောင်သူ ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ထားလက်ရှိ အသုံးပြုနေသော ယာဉ်အမျိုးအစား မိုက်ခရိုအဲဗတ်၊ ယာဉ်အမှတ် 3D/8788 ၂၀၀၃ မော်ဒယ်အမည်ရှိသည့် မော်တော်ယာဉ်နှင့်စပ်လျဉ်းသည့် ကားအုံနာဘုတ် (မူရင်း) ပရိမိယံအာမခံစာအုပ် (မူရင်း) နှင့် ကားဝယ်ယူမှု ဘဏ်ငွေသွင်းချလံ (မူရင်း) များ အားလုံးကို ကျွန်တော်၏မိသားစုဝင်တစ်ဦးထံ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် အပ်နှံခဲ့ရာ ပြန်လည်မပေးအပ်သဖြင့် အဆိုပါကားနှင့်စပ်လျဉ်း၍ ကားလိုင်စင်သက်တမ်းတိုးရန်ကိစ္စအပါအဝင် အုံနာဘုတ်အမည်ပြောင်းဆောင်ရွက် ရန်ကိစ္စအဝဝကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါ သည်။ **ဦးရန်နိုင်အောင် (၁၂/သဃက(နိုင်)၁၅၅၄၄၉)**
**တိုက် (၁၃၁/၁၃၃)၊ ၃-လွှာ၊ ဗိုလ်တထောင်ဘုရားလမ်းမကြီး၊**
**၅-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၄၀၅၁၇၁၉**

# ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Grand Final သို့ တက်ရောက်သွားသူ ပြိုင်ပွဲဝင် လေးဦး၏ အမည်စာရင်းကြေညာ



**ရန်ကုန် ဒီဇင်ဘာ ၃**

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Grand Final သို့ တက်ရောက်သွားသူ ပြိုင်ပွဲဝင် လေးဦး၏ အမည်စာရင်းကို ယနေ့ည ၈ နာရီခွဲတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) Studio-A မှ တိုက်ရိုက်ထုတ်လွှင့် ကြေညာပေးခဲ့သည်။ **(အပေါ်ပုံ)**

ငြိမ်းချမ်းရေးဂီတပွဲတော် Level-3 ပွဲစဉ် (၄)တွင် ပြိုင်ပွဲဝင် ငါးဦးဖြစ်သည့် ဖြူလှ၊ မေသဇင်၊ SaPaung၊ ကြူကြူခိုင်နှင့် မေသူကျော်တို့ ယှဉ်ပြိုင်ခဲ့ကြပြီး ပရိသတ်များ၏ Voting အနည်းဆုံး သုံးဦးပေါ်ထွက်လာကာ ၎င်းသုံးဦးထဲမှ ဒိုင်များ၏ ပေးမှတ်တူသူ နှစ်ဦး Save ဖြစ်ကာ ကြူကြူခိုင်၊ ဖြူလှ၊ Sa Paung၊ မေသူကျော်တို့ လေးဦးသည် ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပမည့် နောက်ဆုံးပြိုင်ပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။

ယင်းတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်သို့ ငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲကျင်းပရေး

*စာမျက်နှာ ၁၀ ကော်လံ ၁* ✱

## (၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်

*စာမျက်နှာ - ၅*

## ဆော်ဒီကို လက်နက်ရောင်းချမှုတွေ "ထရီဆာမေ" ရပ်တန့်နိုင်မလား

*စာမျက်နှာ - ၁၅*

## မြန်မာ ယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်း ယနေ့ ခြေစမ်းမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းသည် ဒီဇင်ဘာ ၄ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲယှဉ်ပြိုင် ကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ယခု ခြေစမ်းပွဲအပြီးတွင် အပြီးသတ် ကစားသမားများ

*စာမျက်နှာ ၁၃ ကော်လံ ၅* ❍

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်ဖြစ်လာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံ၏ ပထမဆုံးသော Streets Free style ခြင်းလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာ့ခြင်းလုံးအားကစားနည်းကို တစ်ဖန်ဆန်းသစ်လာစေရန်နှင့် မျိုးဆက်သစ်ခြင်းလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကာ streets free style ခြင်းလုံးပြိုင်ပွဲ ကျင်းပပေးလျက်ရှိရာ ရန်ကုန်ခြင်းလုံး အသင်းနှစ်သင်း ယနေ့မွန်းလွဲပိုင်းက ယှဉ်ပြိုင်ကစားကြသည်။ **(ယာပုံ)**

"မန္တလေး၊ မော်လမြိုင်နဲ့တောင်ကြီးမြို့တွေမှာ ဒီပြိုင်ပွဲကို ကျင်းပပြီးသွားပြီဖြစ်ပါတယ်၊ တစ်မြို့နယ်ကို နှစ်သင်းနှုန်းနဲ့ ခြောက်သင်းထွက်ပေါ်လာပါတယ်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ◆



